www.burmeseclassic.com

သိန်းမင်းစာပေ

လုံးချင်းဝတ္ထုသစ်

ဒဂုန်

ရန်ကုန်တက္ကသိုလ်

# ဒဏ္ဍာရီအနမ်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၁၁၇၁/ ၂၀၀၄ (၁၀)
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၀၉၀၀၅၀၁

ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်၊ မတ်လ
အုပ်ရေ ၅၀၀

အဖုံးပန်းချီ
သိန်းရွှေကြည်၊ Sun

ထုတ်ဝေသူ
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း၊
တာမွေ။

အတွင်းပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

အဖုံးပုံနှိပ်သူ
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၈၀၀ ကျပ်

ကွန်ပျူတာ
Dream City



# ဒဏ္ဍာရီအနမ်း

## အိမ့် (ရန်ကုန်တက္ကသိုလ်)

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

• • • • • • • • • • • • • • • •

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှ[က်]ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်[သော] ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်း[ကြ]





ကဗျာဆန်သောအာရုံခံစားမှုရှိနေသည့်
ယောကျာ်းတစ်ယောက်အတွက် မိန်းကလေး
တစ်ယောက်ကို ချစ်ရတာလေ...............
ငှိုရှိုက်နေသည့် အိန္ဒာကျိုးကန်းလှူမမာ
တစ်ယောက်နှင့်ပဲ တူသလိုလို
(ဒါမဟုတ်)
ဒဏ်ရာကြောင့် ညည်းတွားနေရသည့် ❀
သတ္တဝါလိုလို
ထိုခံစားမှုကို သူမကတော့ အနှောင့်အယှက်
တစ်စုံတစ်ရာမရှိသလို အရှမ်းနေစိမ့်
နိုင်လွန်းလှသည်။

"မိုးဇလ"



www.burmeseclassic.com

www.burmeseclassic.com



၁၁၀

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

ကျွန်တော်တို့လမ်းထိပ်ကို သူမတို့သားအမိ စပြောင်းလာကတည်းက သတိထားမိသွားတာက ကျွန်တော်နှင့်မေမေပဲဖြစ်သည်။

"သားရေကြည့်စမ်း....အမေတို့လမ်းထိပ်က အိမ်ကြီးကို လူသစ်တွေပြောင်းလာကြပြီတော့၊ ကြည့်ရတာ မိုက်ဆံရှိမယ့်ပုံပဲ၊ ဒီတိုက်ကြီး ဈေးကြီးလွန်းလို့ဘယ်သူမှ မဝယ်ကြတာ လာကြည့်သမျှလဲ ပျက်တာများတယ်။ ခုတော့ သူတို့တွေရောက်လာပုံထောက်တော့ ဈေးတောင်မဆစ်ဘူး ထင်တယ်ဆရာ။

အမေက ပြောလည်းပြော ဝရန်တာလေးကနေ ကုန်းလည်းကြည့်ဖြင့် လူသစ်တွေကို အတော်လေးစိတ်ဝင်စားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ အဲဒီအိမ်ကို ပွဲစားလုပ်ပြီး ဝယ်သူတွေရှာပြီး လျှောက်စပ်သေးတယ် မရပါဘူး၊ ဘယ်လိုကဘယ်လို ဘယ်ပွဲစားနဲ့ချိတ်မိသွားလဲမသိဘူး၊ အိမ်ရှင်တွေက နိုင်ငံခြားထွက်မှာဆိုတော့အဲဒီအိမ်ကို ပေါက်ဈေးထက်ကို ဈေးမြှင့်ပြီးရောင်းတာ အံ့သြစရာပဲ ဝယ်တဲ့သူကလည်း ဝယ်တယ်"

"အမေကလဲဗျာ...."

ကျွန်တော်မှာ အမွှေခေါင်းကြီး ရှေ့ကထိုးခံနေသဖြင့် နောက်ကနေ လမ်းထိပ်ကိုမနည်းလိုက်ကြည့်နေရသည်။

ကျွန်တော်တွေ့လိုက်တာက ခပ်ဝဝဖိုင့်ဖိုင့်မိန်းမကြီး နောက်ကနေ ခပ်ယို့ယို့ဆင်းလိုက်လာသည့်ကောင်မလေး၊ သူမ ကျွန်တော်နှင့်ရွယ်တူလောက်ပင် ရှိဦးမည်၊ သူမအလှက နူးညံ့သိမ်မွေ့လွန်းလှသည်။

လမ်းလျှောက်ပုံကအစ ကဗျာဆန်လွန်းသည်ဟု ထင်သည် သူမ အသားအရေက အဝေးကလှမ်းကြည့်ရုံနှင့်တင် ဝင်းနှစ်ဖန့်နေသည်။ အရပ်က တော်သင့်ရုံလေးမြင့်လျက် မြန်မာအင်္ကျီ ရင်ဖုံးလက်ပြတ်နှင့် လုံချည်ကို တင်းတင်းရင်းရင်း ဝတ်ထားသည် သူမကိုယ်လုံးလေးက သေးသွယ်ကျစ်လျစ်လှသည်။

သူမလည်တိုင်မှာ ခပ်ပါးပါးလေးဆွဲထားသည့် ပလက်တီနမ်ကြိုးလေးကိုတောင် ကျွန်တော်ကတွေ့သည်။





အဝေးမှ လှမ်းမြင်ရုံနှင့်ပင် သွယ်လျကာပြည့်ဖောင်းနေသည့်မျက်နှာလေးဆီမှ ရွှန်းလဲ့လဲ့မျက်ဝန်းကြည်လေးတစ်စုံ၊ ချွန်မြဖြောင့်စင်းသည့်နှာတံအောက်မှ နှင်းဆီဖူးငုံလို ပြည့်ပြည့်ဘင်းတင်း နှုတ်ခမ်းတစ်စုံက ကျွန်တော့်ရင်ကို မငြိမ်မသက်ဖြစ်အောင် ဖမ်းစားနိုင်လွန်းလေသည်။

လှလိုက်တာ....

မျက်စိတဆုံး လိုက်ငေးဖို့ ကျွန်တော်အရပ်မြင့်မြင့်ကြီးကိုမှ အားမနာ ခြေဖျားကြီးထောက်ကာ ခါးကိုညွတ်လိုက်ဆဲ......

"အင်း ဝင်မှ အမေတစပ်စုပေါက်တော့ တိုးပြီ ဘယ်သူတွေပါလိမ့်၊ သူဌေးတွေဆိုတာတော့ သေချာပြီ၊ နည်းနည်းပါးပါးကြံဖန်ပြီး မိတ်ဆက်ထား မေးမြန်းထားမှ နောက်ဆို သူတို့အိမ်ဝင်လို့လွယ်မယ်သားရေ၊

အမေက အလိုက်ကန်းဆိုးမသိစွာဖြင့် ပြတင်းပေါက်တံခါးကိုဆွဲပိတ်ဖို့ လုပ်နေပြီမို့ ကျွန်တော့်ခေါင်းကြီးပြူတစ်ပြူတစ်ဖြစ်နေတာကို အမြန်ရုပ်သိမ်းလိုက်ရသည်။

အင်း....လွမ်းချင်သလိုလိုတောင်ဖြစ်မိပါရဲ့....

ဘာဖြစ်တာပါလိမ့်။

ကျွန်တော်နဲ့သူမ မျက်လုံးချင်းတောင်မဆုံရသေး၊ ကျွန်တော်က ရင်ခုန်နေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ကျွန်တော့်ရှေ့က ရိပ်ခနဲပျောက်သွားကာ လွမ်းစရာတစ်ခုပင်၊ ကျွန်တော့်အချစ်ဆိုတာနှင့် မရင်းနှီးမကျွမ်းဝင်ဖူးတာ သေချာသည်။

မိန်းကလေးတစ်ယောက်၏ အလှအပပေါ်တိမ်းမူးသွားစိတ်၊ ချစ်လာမိသည့်စိတ်လည်း မဖြစ်ဖူးပါ။

ခုမှ ...

ကျွန်တော်ဘာလို့ရင်ခုန်သံတွေမြန်စွာ မနေတတ်၊မထိုင်တတ်ဖြစ်မိရပါလိမ့်။

"သားရေ...အမေကိုကြာရင် မစောင့်နဲ့နော်၊ သားဗိုက်ဆာရင် စားနှင့်တော့ ပိုက်ဆံချေးရတစ်အိမ်တိုးအောင် ကြံဖန်စကားသွားပြောလိုက်ဦးမယ်"

ကျွန်တော် အမေ့ကိစ္စတွေကို နားမလည်ပါ၊ အမေကအိမ်မှာကြာကြာမနေတတ်၊ ဟိုအိမ်ကူး ဒီအိမ်ကူးနှင့်အိမ်လည်တတ်သည့် ဝါသနာရှိသည်။

ပြီးတော့ ဖဲကစားတာလည်းရှိသေးသည်။ တစ်ခါတစ်ရံ အကြွေးလည်းရှိတတ်သည်။ ထိုအချိန်တွေဆို အမေမှိုင်ကုပ်ချောင်ကပ်နေသလို အကြွေးလွတ်သွားတာနှင့် သွားကစားပြန်သည်။

ဘယ်တော့မှ အိမ်မှာကြာကြာမနေတတ်၊ ပွဲစားလည်းလုပ်သေးသည်။ ကျွန်တော်က အေးအေးနေတတ်သူမို့ အမေကိုတော်ရုံ





စကားမပြောတတ်ပါ။ အမေကတော့ စကားလည်းအလွန်များ၊ အကြွေးလည်းအတော်ယူကာ အိမ်အလွန်လည်လေသူတည်း။

ထိုအချက်များစွာကို ပိုင်ဆိုင်ထားသည့် ကျွန်တော့်အမေကို တစ်ချိန်မှာ သူမတို့ဘက်မှ "သိက္ခာမရှိတဲ့မိန်းမ"ဟု ခေါင်းစဉ်တပ်လိုက်တာမျိုး "သိက္ခာမရှိတဲ့မိန်းမကမွေးတဲ့သား" ဟုနင့်နင့်နဲနဲချိုးနှိမ်ကြတာမျိုးတွေနှင့် ကျွန်တော့်အနာဂတ်ကို ထိပါးစော်ကားလာကြတော့သည်။

ခုချိန်မှာ ကျွန်တော့်အမေကိစ္စတွေကို စိတ်မဝင်စားပါ၊ တစ်ကြိမ်မြင်လိုက်ရုံနှင့် ရင်ထဲစွဲငြိနေသည့် မျက်နှာလေးကို အထပ်ထပ်ပြန်မြင်ယောင်မိနေသည့် ခံစားမှုကြီးကို ရင်ဆိုင်နေရသည်။

ဘယ်သူလေးလဲကွာ....

မင်းကိုယ့်ရင်ထဲ လာထိပြီ....

ကိုယ်ဟာ ဖြူစင်သူပါ မိန်းကလေး။

အချစ်ဆိုတာကိုလည်း မခံစားတတ်သေးသူပါ မိန်းကလေးရယ်....

ကိုယ်ဆုတောင်းပါတယ်....မင်းလေးဟာ ပိုင်ရှင်ရှိသူမဖြစ်ပါစေနဲ့ကွယ်.........။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

တိုက်ဆိုင်ချင်တော့ ကျွန်တော်ကုမ္ပဏီသွားဖို့ ကားဂိတ်မှာ ရပ်နေတိုင်း သူမအိမ်ကကားနှင့် အဖြူအစိမ်းဝတ်ကလေးနှင့် သွားတတ်တာ တွေ့မြင်ရသည်။

သူမသည် ကားထဲထိုင်နေလျှင် ပတ်ဝန်းကျင်ကိုသိပ်မကြည့်ပါ၊ ဘာတွေကို စိတ်ဝင်စားနေသည်မသိဘဲ၊ တစ်ခုခုကို သဲသဲမဲမဲ ငုံ့ဖတ်နေတာမျိုးတွေ့ရသည်။

ကျွန်တော်ရပ်နေသည့် ကားဂိတ်ရှေ့ကနေ သူမကားလေးဖြတ်သွားတိုင်း ကျွန်တော်အချိန်အတော်ကြာအောင်သတိလက်လွတ်ရပ်ပြီး ငေးနေမိသည်ထိဖြစ်ရသည်။

သူမကြောင့် ကျွန်တော်ကုမ္ပဏီအလုပ်ဝင်တာ နောက်ကျဖူးသည်။ သူမကြောင့် ကျွန်တော်အလုပ်ထဲ အာရုံမရှိဘဲ စိတ်တွေပျံ့လွင့်ဖူးသည်။ သူမကြောင့် ကျွန်တော်အိမ်ပြန်နောက်ကျတတ်လာခဲ့ပြီ။





ညနေ ကျွန်တော်ကုမ္ပဏီက ပြန်လာချိန်တိုင်း သူမအိမ်ရှေ့ကနေ မယောင်မလည်လျှောက်ပြီး သူမအရိပ်ကိုကြည့်ရသည်။

ကားမတွေ့သေးလျှင် သူမမရောက်သေးဖူးပေါ့....

သူမ ကားလေးအဝေးကနေ လှစ်ခနဲလှမ်းမြင်လိုက်ရုံနှင့် ကျွန်တော့်ရင်တွေ ထိန်းမရသိမ်းမရ ရင်ခုန်လာခဲ့သည်။

တကယ်တော့လည်း ကျွန်တော်သူမနှင့်ဆုံဖို့ ရင်မဆိုင်ရဲပြန်ချက်ချင်း ကျောခိုင်းလိုက်ရသည်ထိ ကျွန်တော်စိတ်ထဲရှက်သလိုလိုရှိနေသည်။

မိုးကာလ....

မင်းဘယ်ချိန်ထိ ခုလိုကြိတ်မှိတ်နေနိုင်မလဲ....

ရဲရဲကြည့်

မျက်လုံးချင်းဆုံအောင်ကြည့်

စကားသွားပြောလေ ဟော့ကောင်....

ကျွန်တော့်ကိုယ်ကျွန်တော်သတိပေးမိပေမဲ့ ဒူးတွေကတုန်ချင်နေပြီမို့ ကျွန်တော်အိမ်ကိုပဲ တန်းပြန်ခဲ့ရသည်။

မထူးတော့ ကျွန်တော်အမေကို ဖွင့်မေးတော့မည်။ အမေကသတင်းစုံသည်။ ခုလောက်ဆို သူမတို့ သားအမိအကြောင်းအမေတစေ့တစောင်းတော့ သိပါလိမ့်မည်။

ကျွန်တော် မရှက်နိုင်တော့ အမေကိုချက်ချင်းကြီး ဖွင့်မေး



www.burmeseclassic.com

www.burmeseclassic.com



ဖို့ရာလည်း ခက်နေသည်မို့ အိမ်ပေါ်တက်တက်ချင်း ထမင်းအုပ်ကို သာဖွင့်လိုက်ရသည်။

အမေ့အိမ်ထမင်း၊ အိမ်ဟင်းကိုတော့ ကျွန်တော်အရမ်း နှစ်သက်လေသည်။

နေ့စဉ်ဟင်းအမည် နှစ်ခွက်လောက်သာ ချက်ပေမဲ့ ကျွန်တော်ကြိုက်သည့် ငါးပိရည်၊ တို့စရာအစုံအလင်က ထမင်း အုပ်ထဲမှာ အမြဲအဆင့်သင့် တွေ့ရတတ်သည်။

"ဟဲ့ သား....စားတော့မလို့လား၊ အကျီတောင်မလဲတော့ ဘူးလား...."

"ဗိုက်ဆာလို့"

"သြော်...ဟုတ်လား၊ စား...စား....အဲဒီမှာ ငါးလေးအိုး ကပ်နဲ့၊ မရန်းသီးထောင်းထားတယ်၊ နေဦး အမေကြက်ဥတစ်လုံး ထည့်ကြော်လိုက်မယ် "

"ရပြီ အမေ....ကျွန်တော်စားနေပြီ "

ကျွန်တော်က ထမင်းကိုတလုတ်နှစ်လုတ် ပလုတ်ပလောင်း စားလိုက်ဟန်ပြုလိုက်ကာ ၊တကယ်တော့ ကျွန်တော်ထမင်းစား မဝင်ပါ၊ ထမင်းတလုတ်တောင် မနည်းဝင်အောင်မျိုချနေရတာ ကျွန်တော်ပဲသိသည်။ အမေကတော့မသိနိုင်။

ဒါနဲ့အမေ....ဟိုလမ်းထိပ်ကို ပြောင်းလာတဲ့လူသစ်တွေနဲ့





အမေခင်သွားပြီလား၊

"ဘယ်လို...."

ကျွန်တော် ဖတ်ဝန်းကျင်အကြောင်းကို တစ်ခါမှမမေးမြန်း ဖူးသူ၊ စိတ်လည်းမဝင်စားသူမို့ အမေက ကျွန်တော့်အမေးအတွက် အံ့အားသင့်သလို မျက်လုံးကြီးပြူးကြည့်ပြီး ရယ်သည်။

" ထူးထူးဆန်းဆန်း....ဒီနေ့ မိုးရွာတော့မယ်၊ ဟိုပြောင်း လာတဲ့ အိမ်သစ်ကိုပြောင်းတာမဟုတ်လား "

ကျွန်တော် အမေ့မျက်နှာကိုပြန်မကြည့်ရဲလောက်အောင် ရှက်လေသည်။ ရှက်ရှက်နှင့် နီမြန်းချင်သည့်မျက်နှာကို ငုံ့ချကာ တို့စရာ၊ အတို့အမြှုပ်တွေကို ထမင်းထဲထည့်နယ်နေရပြီ။

"အဲဒီအိမ်မှာ ကောင်မလေးတစ်ယောက်ပါတယ်၊ သား အရွယ်လောက်ပဲ၊ ဘာတဲ့ ကျောင်းဆရာမတဲ့၊ သမီးလေးတစ် ယောက်တည်းရှိတယ်၊ အဘိုးကြီးက နိုင်ငံခြားမှာဆိုလား၊ နောက် အိမ်ထောင်နဲ့ဆိုလား၊ အဘွားကြီးကတော့ အိမ်ပေါင်၊ ကားပေါင် လက်ခံတယ်ပြောတယ်"

"သြော်...."

"ဘယ်ကျောင်းကဆရာမလေးလဲအမေ "ဟု ကျွန်တော် ကောက်မေးချင်စိတ်ကို မနည်းမြိုချနေရတာ ထမင်းလုတ်ပင်သီး မတတ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် အမေက ကျွန်တော်ကို ဘာထပ်ပြောသည်ထင်ပါသနည်း....

"ကောင်မလေးက ကခြေရွလဲရှိပ၊ လှလဲလှပ၊ တကယ်ကို ငြိမ်ငြိမ်လေးရယ်၊ ဘာတဲ့ လှက်ငြိမ်အေးချမ်းဆိုလား၊ နာမည်နဲ့ လူနဲ့တော့ တကယ်လိုက်ပ၊ နေဦး ဒီကောင်မလေးစာ ပြနေတဲ့ ကျောင်း မြို့ထဲက မိန်းကလေးကျောင်းလေ၊ လသာ (၂) မှာ"

" သားတွေ့ချင်ရင်လိုက်သွားပေါ့ "

ကျေးဇူးတင်လိုက်တာ အမေရယ်....ကျွန်တော်ကျေးဇူးတင်လိုက်တာဟု ကျွန်တော်အမေ့ကို ရင်ထဲကနေလှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိသွားသည်။

ကျွန်တော်လက်ထဲက ထမင်းလုတ်ပင် အထော်အေးစက်ခြောက်သွေ့သွားခဲ့ပြီ။

* * *



## အခန်း (၃)

ကျွန်တော့်မှာ သူမနှင့် စကားပြောခွင့်ရဖို့အတွက်ကျွမ်းကို တစ်ရက်ခွင့်ယူလိုက်ရလေသည်။

ထိုကိစ္စ အမေ မသိရှာပါ။

နဂိုပင်ကိုက ကဗျာဆန်သောအာရုံခံစားမှုရှိသည့်ယောက်ျား တစ်ယောက်အတွက် မိန်းကလေးတစ်ယောက်ကို ချစ်ရတာ ငိုရှိုက်နေသည့် အိုနာကျိုးကန်း လူမမာတစ်ယောက်နှင့်ပဲ တူသလိုလို (ဒါမဟုတ်) ဒဏ်ရာကြောင့် ညည်းတွားနေရသည့် သတ္တဝါလိုလို၊ ထိုခံစားမှုကို သူမကတော့အနှောင့်အယှက် တစ်စုံတစ်ရာမရှိသလို အရမ်းနေစိမ့်နိုင်လွန်းလှသည်။

ထိုနေ့က ကျွန်တော်ကုမ္ပဏီမသွားဘဲ သူမကျောင်းကိုလိုက်သွားခဲ့သဖြင့် သူမကိုအသေးစိတ် စောင့်ကြည့်ခွင့်ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ကားပေါ်က လှေခြွေရရဆင်းလာပြီး မာန်မာနရိပ်လုံးဝမရှိသော မျက်နှာလေးကို အနည်းငယ်ပင့်ချီလျက် ခြေလှမ်းကို ခပ်မှန်မှန်လျှောက်သည်၊ ဘေးဘီဝဲယာကိုမကြည့်၊ သူမကို နှုတ်ဆက်ကာ လက်ကလေးတပြပြဖြင့် ပြေးထွက်သွားကြသည့်ကလေး ၊ ကျောင်းသူငယ်လေးတွေကိုတော့ သူမကပီတိရိပ်ဖြင့်ကြည့်သည်။

စကတ်ဖားဖား ပွင့်လွင့်လေးတွေနှင့် အဖြူရောင်ကျောင်းအင်္ကျီမှာ ကျောင်းတံဆိပ်တတ်ထားသည့် သူငယ်တန်းကျောင်းသူမလေးတွေက သူမကို ပန်းလေးတွေလက်ဆောင်ပေးကြလျှင် သူမက ဒူးလေးညွှတ်ကိုင်းကာ လက်ခံယူပြီး ကြည်နူးရိပ်ဖြင့် ကလေးမလေးတွေကို ပြန်နမ်းရှုပ်တတ်သည်။

ကျွန်တော်ကတော့ ကြည့်မဝတော့....

မနက်ခင်း နေရောင်အောက်မှာ အဖြူအစိမ်းဝတ်ကလေးနှင့် သူမဟန်ပန်က ပန်းပုရုပ်ကလေး တစ်ရုပ်အသက်ဝင်နေသလို၊ လှလိုက်ပါဘိတော့....

ကျွန်တော့်မှာ သူမကိုခပ်လှမ်းလှမ်းကနေလိုက်ကြည့်ရင်း ငေးရင်းမှ ငေးလို့ကိုမဝနိုင်။

သူမက တံစ်စတစ်စကျောင်းထိပ်ကို ရောက်နေခဲ့ပြီ၊ ကျွန်တော်မှာ သူမနားထိပြေးလိုက်ရကောင်းနိုးနိုး၊ ဒီအတိုင်းရပ်နေ





ရကောင်းနိုးနိုးဖြင့် အခြေအနေနှစ်ရပ်ကြား တွေဝေကာ အူကြောင်ကြောင်ကြီးဖြစ်နေရတော့သည်၊

မထူးတော့....

ကျွန်တော်သူမကို နှုတ်ဆက်လိုက်တော့မည်။ ကျွန်တော်ဘာမှမပြောဘဲ ဒီအတိုင်းထိုင်ငေးနေလို့ကတော့ သူမကျွန်တော်ကိုသိမှာ၊မြင်မှာ၊ တွေ့မှာလည်းမဟုတ်။

နောက်ဆုံး ကျွန်တော်မတ်တတ်ကနေ ပက်လက်သေသွားတာတောင် သူမသတိထားမိမှာမဟုတ်၊

"အဟမ်း.... "

ကျွန်တော် ချောင်းဟန့်သံပေးတာတောင် သူမလှည့်မကြည့်သူမကျောင်းထိပ်တံခါးနားရောက်နေပြီ။ ကျောင်းတက်ချိန်နီးပြီမို့တခြားဆရာမတွေရော၊ အတန်းကြီး၊ အတန်းငယ်က ကျောင်းသူကျောင်းသားတွေရော အပြေးအလွှားရောက်ယှက်ခတ်ကာတိုးဝှေ့ငင်ကုန်နေပြီ။

"အဟမ်း.... "

ကျွန်တော် သူမနောက်နားဆီကနေထပ်ပြီး ချောင်းသံထပ်ဆးလိုက်တော့မှ သူမက အမှတ်မထင်ဟန်ဖြင့်လှည့်ကြည့်သည်။

တကယ်တမ်း နီးနီးကပ်ကပ် ရင်ဆိုင်လိုက်ရချိန်မှာ ဒိတ်ခနဲဆောင့်ခုန်လိုက်သည့် ရင်ခုန်သံတို့က သေလုမျောပါး၊



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ"

"ရှင်....ကျွန်မကိုခေါ်တာတော့မဖြစ်နိုင်ပါဘူးနော် "

" ဗျာ.... "

"ဘာလို့လဲဆိုတော့မဖြစ်နိုင်ဘူးနော် "

သေလိုက်ပါတော့....

ကျွန်တော်စကားတစ်ခွန်းထပ်ပြောဖို့ပင် တွန့်ဆုတ်ထစ်စွာ၊

"ဟို....ဟို....ကျွန်တော်က ခင်ဗျားတို့လမ်းထဲမှာ နေတာလေ၊ ခင်ဗျားတို့ကျွန်တော်တို့လမ်းထဲ ပြောင်းလာတာမကြာသေးဘူးလေ....ဟုတ်တယ်နော်"

သူမက ခေါင်းညိတ်ရုံ၊

ဒီလောက် အခွင့်အရေးရပါလျက်နှင့် ဘာတွေပြောမိမှန်းမသိအောင်ထစ်အတုန်ယင်နေသည့် ကိုယ့်ကိုယ်ကို အပြစ်တင်ချင်မိသည်။

ကျွန်တော်ကို ခေါင်းလေးစောင်းငဲ့၍ ကြည့်နေသည့်သူမမျက်နှာလေးက မဟာဆန်လွန်းလှစွာ လှပလွန်းလှသည်။

ပိုင်ရှင်မရှိပါစေနဲ့၊

ကျွန်တော်ချစ်သူသာ ဖြစ်ပါရစေတော့....

ကျွန်တော်ကိုယ်တ်ဆုတောင်းလိုက်မိဆဲ

"ဟုတ်ပါတယ်၊ ရှင်ဘာကိစ္စကြောင့် ကျွန်မကိုနှုတ်ဆက်





တာလားဟင်၊ ရှင်ကလေးကျောင်းအပ်ဖို့ကိစ္စ ရှိလို့လား...."

" ဗျာ...."

" ဟာ...မဟုတ်ပါဘူး၊ ကျွန်တော်လူပျိုပါ၊ ကျွန်တော့်နာမည်မိုးဇလပါ "

" အင်း....ဟင် "

သူမကို ကျွန်တော်ရှက်ရယ်ရယ်ပြလိုက်တော့၊ သူမက

" ဟော....ကျောင်းပိတ်တော့မယ်.... "

သူမက ခပ်သွက်သွက်လေး ပြေးဝင်သွားတော့သည်။

" ကျွန်တော်စောင့်နေမယ်.... "

ထိုအချိန်မှာပဲ ကျောင်းထိပ်ကနေ ကျွန်တော်လှမ်းအော်လိုက်သည့် အသံက ကျယ်လောင်စွာ ရူးရူးရှရှကြီးထွက်ပေါ်သွားသည်။

အင်း၊ ကျွန်တော်ဘယ်လောက်ကြောင်လိုက်ပါသလဲ....

သူမကြား၊ မကြားမသိ ကျောင်းတံခါးပိတ်နေသည့်ဒိတ်စောင့် အဘိုးကြီးက ကောင်းစွာကြားသွားကာ ကျွန်တော်ကိုထူးဆန်းသလို ကြည့်နေသည်။

" အဟင်း.... "

ကျွန်တော် အဖိုးကြီးကိုခေါင်းကုတ်ပြီး ရယ်ပြလိုက်ကာခြေလှမ်းတွေကို နောက်သို့ တစ်လှမ်းစီဆုတ်ရင်း တစ်နေရာထိုင်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

သူမ ကျောင်းဆင်းလာချိန်ထိ ကျွန်တော်စောင့်တော့မည်။ ခဏတာလေး အနီးကပ်တွေ့လိုက်ရချိန်လေးကို ကျွန်တော်က တွေးရင်း တစိမ့်စိမ့်မြတ်နိုးနေမိပြန်သည်။

တစ်ပတ်လျှိုထုံး ဂျပန်ဆံထုံးတွဲလေးနှင့် ထိုဆံနွယ်တွေဆီမှ ခပ်သင်းသင်းမွှေးနေသည့် ပန်းရနံ့ သူမခန္ဓာကိုယ်ဆီမှ သနပ်ခါး ရနံ့တွေက ကျွန်တော်ရင်ထဲထိ စွဲမက်နစ်ဝင်နေသလို၊

သူမ မျက်နှာဝင်းဝင်းလေးဆီက သနပ်ခါးမှုန့်လေးတွေကို နမ်းရှိုက်ခွင့်ရရင် ဘယ်လောက်များ ရင်ခုန်ဖို့ကောင်းလိုက်မလဲ။

ဒုက္ခပဲ....

ကျွန်တော်တော့ ဒုက္ခရောက်နေပြီ သက်ငြိမ်လေးရယ်၊

သက်ငြိမ်အေးချမ်းဆိုတဲ့ ခင်ဗျားနာမည်လေးနဲ့ လိုက်ဖက်အောင် ကျွန်တော့်ခန္ဓာကိုယ်ထဲက အသွေးအသားတွေ နှလုံးခုန်နှုန်းတွေ ငြိမ်သက်ရပ်တန့်သွားတဲ့အထိ ပြုစားနိုင်စွမ်းရှိပါဘိတော့၊

ကျွန်တော်မှာ ကိုယ့်အတွေးနှင့်ကိုယ် သူမအကြောင်းတွေကို တွေးနေမိတာ ဘယ်ကဘယ်လို အချိန်တွေကုန်သွားမှန်းမသိလိုက်။

နောက်ဆုံးမှာ ကျွန်တော်မျှော်လင့်နေသည့် ကျောင်းဆင်းချိန်က ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့လေပြီ၊

(ချစ်သူကိုစောင့်မျှော်နေရတာ ရင်ခုန်ဖို့လည်းကောင်း၊ ကြည်နူးဖို့လည်းကောင်းတယ်နော်)

သိပ်မကြာခင် ကျောင်းသူတွေအားလုံး အပြင်ထွက်တာ ကုန်လောက်နီးနီး ရှိတော့မှ သူမတို့ဆရာမတွေဆင်းလာသည်။

သူမမျက်နှာက နံနက်ခင်းကအတိုင်းပင် ဝင်းပကြည်လင်လျက် အဖြူအစိမ်းဝတ်ကလေးနှင့် ကြိမ်ဆွဲခြင်းကလေးဆွဲပြီး ဣန္ဒြေရရ လျှောက်လာပုံက ကျွန်တော့်ရင်ခုန်သံတွေကို အေးခဲသွား၊ ပူနွေးသွားစေလိုက်၊ ငြိမ်သက်သွားစေလိုက်နှင့် သူမက အမျိုးမျိုးပြုစားနိုင်လွန်းလှသည်။

သူမက ဘေးဘီဝဲယာကို သိပ်မကြည့်တတ်ပုံရသည်၊ ကျွန်တော်စောင့်နေတာကိုလည်း မြင်ပုံမရ။

သူမကိုလာကြိုသည့် အိမ်ကကားဆီသို့သာ တစိုက်မတ်မတ်လှမ်းလျက်....

" သက်ငြိမ် "

"သက်ငြိမ် "

ကျွန်တော် နှစ်ကြိမ်လောက်ခေါ်တော့မှ သူမ ဇဝေဇဝါဟန်ဖြင့်လှည့်ကြည့်ပြီးလျှင်....

" ရှင်က "

"အင်း....ကျွန်တော် မနက်ကတည်းက စောင့်နေတာလေ"

"ဩော်....ဟုတ်ပြီ....ဟုတ်ပြီ....ရှင်ကိုး၊ ဘာဖြစ်လို့လဲ၊







www.burmeseclassic.com

www.burmeseclassic.com



ဘာအရေးကြီးလို့ စောင့်နေတာလဲ။

" ဗျာ.... "

သူမကို ကြည့်ရတာ သူမကိုပိုးပန်းသည့် ယောကျ်ားတွေ လာကြည့်သည့်ယောကျ်ားတွေကို မှတ်မှတ်သားသား ခေါင်းထဲ ထည့်ပုံမတူ၊ အချစ်ဆိုတာကို စိတ်ဝင်စားခြင်းမရှိနိုင်တာတော့ သေချာသည်။

"ပြောစရာရှိလျှင် ပြောလေ၊ မနက်ကတည်းက စောင့်နေ ရတဲ့ကိစ္စက...."

" ချစ်လို့ပါ "

ကြည့်စမ်း....

ကျွန်တော်ပါးစပ်က ပြောထွက်သွားတာ မြန်လိုက်တာ အခုလောက် မြန်မြန်ဆန်ဆန်ကြီး ပြောထွက်သွားတာမို့လည်း ကျွန်တော် မှားပြီလားလို့ ထိတ်ခနဲဖြစ်သွားဆဲ......

"ဟုတ်လား၊ ဆောရီးပဲနော် ကျွန်မစိတ်မဝင်စားပါဘူး"

"ခင်ဗျာ...."

" ဒီစကားတစ်ခွန်းပြောပြဖို့ ကျောင်းဆင်းချိန်ထိ ထိုင် စောင့်ရလား၊ အချိန်တွေနှာမြောစရာပဲ "

"ကဲ....ကျွန်မကို ခွင့်ပြုဦး၊ ကျွန်မနောက်က ဆက်မလိုက် လာပါနဲ့၊ သူများတွေမြင်ရင် မသင့်တော်လို့ပါ"





" ကျွန်တော် "

ကျွန်တော် ကမ္ဘာရာလုမ်းမကြီးပေါ်မှာ ထီးတည်းကျန်ရစ် ခဲ့ရသည်။ ကြေကွဲတာလား၊ စိတ်ထိခိုက်တာလား၊ ရင်နင့်နာကျင် ရတဲ့လားတော့မသိ၊ ရင်တစ်ခုလုံး ဟာင်းလင်းပြင်တစ်ခုပမာ

သို့သော်....

ဘာပဲဖြစ်ဖြစ် ကျွန်တော်ဆက်ကြိုးစားရမည်။ သူမပေါ် ဘယ်လောက်ထိ နက်နက်ရှိုင်းရှိုင်း ချစ်နေမိပြီကို ကျွန်တော် ပဲသိသည်။

ဒါကို သူမပေါ့ပေါ့တန်တန် တန်းဖိုးဖြတ်လိုက်မှာ၊ ကျွန် တော်အချစ်ကို အထင်သေးသွားမှာပဲ ကျွန်တော်ကြောက်သည်။

သက်ငြိမ်ရယ်....ကျွန်တော်ကို ခင်ဗျားအသိအမှတ်ပြု လာတဲ့နေ့ထိ၊ ကျွန်တော်စောင့်နေမယ်၊ ကျွန်တော် ကြိုးစား မယ်ဗျာ....

*    *    *    *    *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

" သက်ငြိမ်..... "

ကျွန်တော်ကို ဆတ်ခနဲလှည့်ကြည့်လိုက်သည့် သူမမျက်နှာက ကျွန်တော်ကို မှတ်မိလိုက်ရုံကလွဲပြီး ဘာမှထူးထူးခြားခြား ဖြစ်မသွားခဲ့။

စိတ်ရှုပ်ခြင်း၊ စိတ်ပျက်ခြင်းလည်း ရှိမနေ၊ သေချာတာ သူမက အချစ်ကို လုံးလုံးစိတ်မဝင်စားသည့် မိန်းကလေးမျိုးပင်။

သို့သော် ...ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်ကတော့ ကြိုးစားရလိမ့်မည်။ လူဆိုတာ မျှော်လင့်ချက်တွေနှင့်သာ အသက်ရှင်ကြရတာပဲ။

သူမက ကျောင်းပိတ်ရက်မို့ ဘုရားတက်လာခြင်းဖြစ်မည်။ ဒီနေ့မှ ရွှေတိဂုံဘုရားက လူတော်တော် စည်နေခဲ့ကာ ဘုရားဖူးသူ၊ ပန်းရေချမ်း ကပ်လှူသူတွေ၊ ဆီမီးပူဇော်သူတွေနှင့်စည်ကားနေ





သည်။

ကျွန်တော့်မှာ အနားမှာ သူမအမေပါလာသဖြင့် သူမကို နှုတ်ဆက်ရမှာ၊ စကားပြောရမှာ အတော်ကြီးအခက်တွေ့ကာ ရိုးတို့ရှန့်တန်းဖြစ်နေသည်။

အဘွားကြီးကို ပထုတ်ဖို့ဆိုတာ မဖြစ်နိုင်၊

ကျွန်တော်သိထားတာက သူမအမေက အလွန်စည်းကမ်းကြီးပြီး ဣန္ဒြေကြီးကာ စကားအလွန်နည်းသူ၊ သူမကိုလည်း ကျောင်းချိန်ကလွဲပြီး၊ တခြားနေရာတွေဆို အဘွားကြီးကိုယ်တိုင် လိုက်ပို့တတ်ကာ သူမသွားလေရာနောက် တစ်ကောက်ကောက်ပါနေကြဆိုတာ ကျွန်တော်သိထားခဲ့ပြီးပြီ။

ဒါကြောင့်လည်း ကျွန်တော် အဘွားကြီးမပါမည့်နေရာ၊ အချိန်ကိုရွေးနေ၍မရ၊ သူမ ကျွန်တော်ကိုမှတ်မိအောင်၊ ကျွန်တော့် အချစ်ကို အံ့သြစွာ အသိအမှတ်ပြုလာရအောင် ကျွန်တော်က ကြိုးစားရမည်ဖြစ်ပါသည်။

" သက်ငြိမ် "

ကျွန်တော်မှာ အဘွားကြီးမကြားအောင် လူတွေတိုးနေသည့် ကြားထဲကနေ သူမနောက်နားဆီက မကြားတကြား ကပ်ခေါ်ရခြင်း။

ကံကောင်းစွာ အဘွားကြီးက ရွှေတိဂုံဘုရားကြီးဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်ချီရင်း မျက်နှာကို ဘုရားတွေဘက်လှည့်ကာ လမ်းကို တဖြည်းဖြည်းလျှောက်နေခြင်းပင်၊

ကျွန်တော် သူမကိုခေါ်လိုက်သံကို ဖြုန်းခနဲ့တော့ကြားလိုက်မည်မထင်ပါ၊

" သက်ငြိမ် "

" ရှင်ထပ်မခေါ်ပါနဲ့တော့၊ မေမေကြားသွားရင် စိတ်အနှောင့်အယှက်ဖြစ်နေလိမ့်မယ် "

" တောင်းပန်ပါတယ်၊ ကျွန်တော်ဘယ်လိုမှ မအောင့်နိုင်လို့ခေါ်လိုက်တာပါ၊ နှောင့်ယှက်ချင်တဲ့စိတ် လုံးဝမရှိပါဘူး.... သက်ငြိမ် "

" ကျွန်မအတွက် ရှင်လိုက်လာခြင်း၊ လိုက်မလာခြင်းဟာ အရေးပါတဲ့ကိစ္စမဟုတ်ပေမဲ့၊ မေမေအတွက်တော့ သိပ်စိတ်အနှောင့်အယှက်ဖြစ်သွားလိမ့်မယ်၊ ရှင်သတိထားပေးပါ "

" ကောင်းပါပြီ.... "

ကျွန်တော်မှာ လူအုပ်ကြားထဲကနေ သူမအဲမေကြီး မသိအောင်ခိုးကြည့်ရင်း ခြေလှမ်းပြတ်သွားမှာစိုး၍ ပြေးလိုက်ရဖြင့်အတော်ကြောင်ပါသည်။

ဘုရားကို လကျာရစ်ပတ်ပြီး သူမတို့ အောင်မြေနင်းကြချိန်မှာ ကျွန်တော်က သူမနှင့်မလှမ်းမကမ်းကနေ ခြေစုံရပ်လျက်





ဘုရားမှာ အကြိမ်ကြိမ်ဆုတောင်းရလေသည်။

"အရှင်ဘုရား ကျွန်တော်တစ်သက်မှာ တစ်ကြိမ်မှုသာ သက်ငြိမ်အေးချမ်းဆိုတဲ့ မိန်းကလေးကို မေတ္တာစိတ်ဖြင့် မြတ်နိုးသက်ဝင်ချစ်ခင်မိပါသည်ဘုရား၊ ဘုရားတပည့်တော် သူမပေါ်ထားရှိသည့် မေတ္တာစစ်မှန်ခဲ့ပါက၊ ဘုရားတပည့်တော်အား သနားသဖြင့် သူမနှင့်ပေါင်းဖက်ခွင့်ပြုပါဘုရား"

ကျွန်တော်နှုတ်က ပွစိပွစိနှင့် ကျိတ်ဆုတောင်းတာကို သူမတို့မကြားနိုင်။ သူမ ဘုရားဝတ်ပြုရက်မို့ ထင်သည် အင်္ကျီဖြူရင်ဖုံးလက်စကနှင့် ယောဂီအညိုရင့်ရင့်လုံချည်ကို ဝတ်ထားကာ ဆံပင်တွေကို ကလစ်လှလှလေးတစ်ချောင်းနှင့် စုစည်းထားသည်။

ယဉ်လိုက်ပါဘိတော့....

သူမ ဘုရားဝတ်ပြုနေချိန်မှာ ကျွန်တော့်ကို ယောင်ယမ်း၍ပင်လှည့်ကြည့်မလားဟု မျှော်လင့်မိသေးသည်။

တစ်စက်ကလေးမျှလှည့်မကြည့်ပေ။ ဣန္ဒြေရလွန်းလှပါဘိတော့၊ ကျွန်တော်မျက်နှာဆီကနေ သူမကျောပြင်ကိုသာ တစိမ့်စိမ့်ငေးကြည့်ရင်း သူမ ဘုရားဝတ်ပြုပြီး ပြန်သွားတော့မှာကိုစိုးရိမ်လာမိပြန်သည်။

ခဏကြာတော့ သူမအမေက ရေကြည်တော်ဝတ်အသင်းက ဂေါပကရုံးလေးမှာ သွားစကားပြောနေသည်မို့ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်းဘုရားဖူးတွေကို ငေးနေသည့် သူမနား ကျွန်တော်ကကပ်ထိုင်ချလိုက်တော့၊

" ဟင်ခနဲ "

သူမ လန့်သွားသလို ကြည့်လျက်

" ရှင်...ခုထိ...မပြန်သေးဘူးလား။ "

" ကျွန်တော်ကို စိတ်မဆိုးပါနဲ့ သက်ငြိမ်၊ ကျွန်တော့်မှာ သက်ငြိမ်နဲ့ဆုံရတဲ့ အချိန်ခဏလေးကို အရမ်းတန်ဖိုးထားရပြီး ပြန်သွားရမှာ နှမြောနေလို့ပါ "

" အရူးလိုပဲ "

သူမ တီးတိုးရေရွတ်ကာ တစ်ဖက်လှည့်မည်ပြင်ဆဲ

" ကျွန်တော်ထပ်တောင်းပန်ပါတယ်သက်ငြိမ်၊ အချိန်ခဏလေးနဲ့တော့ ကျွန်တော်စိတ်ကို တန်ဖိုးမဖြတ်စေချင်ဘူး၊ အထင်မသေးစေချင်ဘူး၊ ကျွန်တော့်ကို အချိန်ယူပြီးမှဆုံးဖြတ်ပါ "

" ကျွန်တော် တကယ်ချစ်နေလို့ပါ "

ကျွန်တော်အပြုအမူတွေ၊ လုပ်ရပ်တွေက လူငယ်ဆန်နေမလား၊ ကလေးကလား ဆန်နေမလားတော့ မပြောတတ်ဘူး။ ဒါပေမဲ့ ကျွန်တော်မှာ ရွေးချယ်စရာ ဒီနည်းပဲရှိလို့ပါ။

"အဲဒါ... ရင်ထဲမှာ လေးလေးနက်နက် ဖြစ်တည်နေတဲ့ အချစ်တွေက ဖြစ်လာခဲ့တာ သက်ငြိမ် ယုံကြည်လာတဲ့ တစ်နေ့ထိ





ကျွန်တော်ကြိုးစားနေမယ်၊ နားလည်ပေးပါ"

" ဟော... မေမေ "

အဘွားကြီးက ကျွန်တော့်ကို ကျောခိုင်းရပ်နှင့်ဂေါပကလူကြီးနှင့် စကားပြောနေရင်းမှ ရုတ်တရက်ကိုယ်ကို လှည့်လာတော့ကျွန်တော် ထိတ်ခနဲဖြစ်ကာ သုတ်ခနဲ ကိုယ်ရောင်ဖျောက်ပစ်လိုက်ရသည်။

ကံကောင်းတာက ခုချိန်ထိ ကျွန်တော်လိုက်လာတာ အဘွားကြီးမတွေ့ခြင်းပင်၊ ကိုယ်ချစ်ရသည့်မိန်းကလေး နောက်ကနေလိုက်လာရခြင်းကိုက ကျွန်တော်အတွက် အဓိပ္ပာယ်ရှိနေသလို၊

သူမတို့ သားအမိနှစ်ယောက် အောက်ကိုဓာတ်လှေကားဖြင့် ဆင်းကြချိန်မှာ ကျွန်တော်က လှေကားထစ်တွေအတိုင်း ခြေလျှင် ပြေးဆင်းလာခဲ့သည်မှာ တစ်စက်ကလေးမှမရပ်။

ကျွန်တော်...သူမတို့ကားနားထိ ပြေးလိုက်လာခဲ့သည်။ ကျွန်တော့်မှာ တစ်ကိုယ်လုံး ချွေးတွေရွှဲရွှဲနစ်လျက်၊

ကျွန်တော် အတော်မောဟိုက်နေသဖြင့် ပါးစပ်ကိုဟကာ အသက်ကိုဝအောင်ရှူဆဲ သူမကားလေးက ကျွန်တော့်နားကနေ သွစ်ခနဲ ထွက်သွားတော့သည်။

"သက်ငြိမ်"

ကျွန်တော်အရူးထပြီး ခေါ်လိုက်သေးတယ်။ သူမတို့



www.burmeseclassic.com

www.burmeseclassic.com



ကားလေး ကျွန်တော်မြင်ကွင်းရှေ့က ပျောက်ကွယ်သွားတော့မှ ကျွန်တော် ဘတ်စ်ကားတစ်စီးပေါ် ပြေးတက်ကာ အိမ်ပြန်ခဲ့သည်။

ဘတ်စ်ကားက ကျပ်လိုက်ပါဘိတော့၊ ဘုရားက ဆင်းလာသည့်သူတွေရော၊ ကားထဲမှာပါလာသည့် ခရီးသည်တွေပါ ပြည့်ကျပ်ညပ်နေခြင်း။

တကယ်တော့ ကျွန်တော်တို့ မချမ်းသာပါ၊ ကျွန်တော် ကုမ္ပဏီကရသည့်ငွေရော၊ မေမေအပြင်မှာ ပွဲစားလုပ်လို့ရတာရော လောက်ငှစွာ သုံးစွဲရရုံကလွဲပြီး သိပ်ပိုပိုလျှံလျှံမရှိပါ။

မေမေကတော့ ပွဲစားပီပီ သူများသနားအောင် ညှိုးညှိုး ငယ်ငယ် နေရသည့်ခါမျိုးတွေဆို နွမ်းနွမ်းဖတ်ဖတ်ဝတ်စားတတ်သည်။ သူများအထင်ကြီးအောင် ဝတ်ဖို့ဆိုရင်လည်း ဘယ်ကဝယ်ထားမှန်းမသိသည့် ရွှေတွေတပြောင်ပြောင်နှင့် ဝတ်စားပြတတ်သည်။

အခုလည်း ကျွန်တော် အိမ်ရောက်ရောက်ချင်း မေမေကို ရွှေတွဲလွဲ ပြိုးပြိုးပြက်ပြက်နှင့် ဝတ်ကောင်းစားလှ ဆင်ယင်ထားတာတွေ့လိုက်ရသည်။

"ဟော .... သားတောင်ပြန်ရောက်ပြီ "

"- ဟုတ်ကဲ့ "

"မေမေလဲ ခုလေးတင်အိမ်ထဲဝင်တာ၊ အလှူတစ်ခုသွား





တာသားရေ၊ ပွဲကတော့ ထိတ်ထိတ်ကြဲပွဲ၊ အမေတို့ အပေါင်းအသင်းတွေလဲ ဖိတ်တော့၊ ခုလို ဟိတ်ကြီး ဟန်ကြီးနဲ့ သွားရလာရတာပေါ့"

"အင်း"

ကျွန်တော် စိတ်မပါစွာ ခေါင်းညိတ်ပြီး အဝတ်အစားလဲလိုက်ဆဲ မေမေက ရွှန်းရွှန်းဝေနေသည့်မျက်နှာဖြင့် ဆက်ပြောနေသည်။

"မီးထိုးထားတော့၊ ကိုယ်ဆီကဟာ ဘာတုလားအစစ်လား ကွဲကွဲပြားပြား ခွဲလို့မရပါဘူး သားရယ်။ အမေကတော့လေ ပွဲစားကြီးဟော့ဆိုရင် ရုရှားစိန်ကောက်ဝတ်ပစ်လိုက်တာ၊ လူအထင်ကြီးခံရမှ ပွဲလယ်တင့်တာ သားရဲ့"

"အထင်ကရပွဲတွေ၊ လူအနည်းအကျဉ်းပဲ ဖိတ်ပြီဆိုရင်တော့ ငှားဝတ်သွားတာပေါ့၊ ဟင်း... ဟင်း...ဟင်း"

"ဒါတောင် အချောင်နိုက်ချင်တဲ့ သိုက်သမားက ရှိသေး မမ...မမ နဲ့ အမေကို အရွယ်ရှိသေးတယ်၊ နုပျိုသေးတယ်ပေါ့လေ၊ အဲဒါယုံမလား သားရယ်...နော်၊ အမေက အဘွားကြီးပဲဖြစ်နေပြီ၊ ဘယ်လိုလုပ် နုပျိုမှာလဲ"

"အဲ့ဒီ သိုက်သမားက အမေ့ကိုချူစားလုပ်ချင်တာလေ၊ ရုရှားစိန်တွေ ဝတ်ထားတော့ ဒင်းကမသိဘူး၊ အဲ့ဒီတော့ အမေ



www.burmeseclassic.com

www.burmeseclassic.com



ကလဲ ဟိုတ်လုံးဟန်လုံးနဲ့ နည်းနည်းအရောင်တင်ပြီး ကိုယ်ရည်သွေး ရတာပေါ့၊ ပြီးတော့မှ သူ့ဆီက အစစ်ကိုယူ၊ ကိုယ့်ဆီက အတုနဲ့ပြန်ထည့်လိုက်၊ အဲဒီလိုလေး ပညာပေးလိုက်ရတယ်။

"ခင်ဗျာ"

ကျွန်တော် နားကြားမမှားနိုင်ပါ၊ အမေကတော့ သူလည်း ပင်းပေါ်က ပစ္စည်းတွေ တစ်ခုပြီးတစ်ခုချွတ်ရင်း သဘောကျွကျွ ရယ်နေသည်။

"လူတွေ...လူတွေ...ရယ်ရတယ်၊ ဒီအသက်အရွယ်ကြီးနဲ့ အမေ့ဆီက ခွာချင်သေးတယ်၊ ဘယ်ရမလဲ အမေက ဦးအောင် ခွာပစ်လိုက်တာပေါ့၊ ငိုပေါ့၊ ချောပေါ့၊ ဒါပဲ"

"အမေ"

ကျွန်တော်ကို အမေက လက်ကလေးတစ်ဖက် ရမ်းပြပြီး ဆက်ရယ်သည်။

"စိတ်မပူနဲ့သား၊ မင်းအမေက အံ့တိုနေပြီ၊ သူများထက်ကို လည်လို့ ပွဲစားလုပ်စားနေတာ၊ အမေတို့ ပွဲစားလောကမှာဥပဒေ ဆိုတာမရှိဘူး၊ မျက်နှာပူဖို့မဲရှိတယ်၊ ဟင်း...ဟင်း...ဟင်း"

အမေ ရယ်မောနေပေမဲ့၊ ကျွန်တော် မရယ်မောနိုင်ဘဲ သက်ပြင်းကိုသာ ချလိုက်မိသည်။

* * *





## အခန်း (၅)

ကျွန်တော့်မှာ နေမြင့်လေ အရှူးဖြင့်လေ ဆိုသည့်အတိုင်း ကုမ္ပဏီမှာတောင် အလုပ်ကို ဖြောင့်ဖြောင့်မလုပ်နိုင်ခဲ့။

သူမ၏ ကြွေရုပ်ရ မျက်နှာလှလှလေးကိုသာ မြင်ချင်နေမိသည်။ အချိန်တိုင်းလိုလို သူမကိုပဲသတိရနေမိသည့် အတွက် ကိုယ့်အချစ်ကိုယ်အံ့သြရသည်။

ကျွန်တော်တို့ ကုမ္ပဏီအလုပ်ဆင်းချိန်က ညနေလေးနာရီ သူမကျောင်းလွှတ်ချိန်က သုံးနာရီဆယ့်ငါးမိနစ်ဆိုတော့ ကျွန်တော် အလုပ်ကနေ သူမကျောင်းလွှတ်ချိန်မီအောင် ဘယ်လိုမှပြေး၍ မရနိုင်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ဆိုလည်း ကျွန်တော်တို့ကုမ္ပဏီက ကိုးနာရီထက် နောက်ကျ၍မရ၊ ကိုးနာရီအမီရောက်မှဖြစ်သည်။ ကျွန်တော့်မှာ နေ့စဉ်အမေထည့်ပေးလိုက်သည့် ထမင်းဘူးထုပ်နှင့်တွေ့ရာဘာတ် ကားပေါ်ပြေးတက်ကာ အလုပ်ချိန်အမီလာရသည်။

သူမက ကျောင်းကိုခုနစ်နာရီ ကျော်ကျော်လောက်ဆို သွားနှင့်ပြီး ကျွန်တော့်မှာ သူမကိုတွေ့ဖို့ အချိန်ဆင်းရဲလှသဖြင့် ညနေဘက်တွေမှာသာ သူမတိုက်စန်းရှေ့မယောင်မလည် ဖြတ်လျှောက်ကာ သူမအရိပ်ကိုရှာရတော့သည်။

သူမအမေကြီးနှင့် ကျွန်တော် မယောင်မလည်လုပ်နေတာ တွေ့လျှင်၊တိုးလျှင်တော့ ကျွန်တော့်မှာသိမ်ငယ်သလို ခံစားရသည်။

တပည့်တွေကို ချစ်ခင်သနားတတ်သည့်သူမက သူ့တပည့် မလေးတွေ ရောက်နေသည့်ချိန်မျိုးတွေဆို ရှင်ပျကာ ကြည့်နေ နေတတ်သည်။

သူမ တပည့်မလေးတွေ ပြန်ချိန်ဆိုလျှင်လည်း အိမ်ပေါက်ဝ ထိလက်ပြကာ နှုတ်ဆက်တတ်သေးသည်။

ကျွန်တော်က ခပ်လှမ်းလှမ်းကနေ ငေးကြည့်ပြီး ပြုံးနေတာ သူမမြင်လျှင်တော့ တစ်ချက်မျှသာကြည့်ရှုံကြည့်သွားတတ်သည်။

ကျွန်တော့်မှာ လမ်းလယ်ကောင်ကြီး မိတ်တပ်ရပ်





နေရတာမို့ ရှက်သလိုလို ဖြစ်မိပေမဲ့ ပတ်ဝန်းကျင်ကိုလည်း ဂရုမစိုက်ထားနိုင်၊ တခြားဘာကိုမှလည်း သတိမထားနိုင်။

သူမ မျက်ဝန်းအကြည့်၊ နှုတ်ခမ်းလှုပ်ရှုံ့အပြုံး သူမလှုပ်ရှား မှုတွေအားလုံးက ကျွန်တော်အတွက်တော့ စွဲမက်စရာ၊

သူမကို စကားပြောဖို့ ကြိုးစားတိုင်း သူမအမေကြီးက အနားမှာ အမြဲလိုလိုရှိနေသည်။

မလွယ်လိုက်ပါဘိတော့ဗျာ.............

ကျွန်တော် သူမကျောင်းကိုလိုက်လျှင် ကုမ္ပဏီက ရက်ဖျက် မည်။ အမြဲလိုလို ရက်ပျက်နေလျှင်တော့ ကြာလျှင်ကျွန်တော် အလုပ်ပြုတ်လိမ့်မည်။

တကယ်တော့ ကျွန်တော့်ကို မှီခိုအားကိုးနေရသည့် အမေ့ကို ထိခိုက်မဆင်းရဲချင်၊ အလုပ်ကိုလည်း အထိခိုက်မခံချင်၍ ကျွန်တော် ညနေဘက်တွေမှာသာ သူမဆီအပြေး မျက်နှာတော်ဖူးရတော့ခြင်း ဖြစ်သည်။

အချစ်ဆိုတာကလည်း အရာအားလုံးကို ဖန်တီးနိုင်တာပဲ လေ။

အချစ်က ဖန်တီးလို့ပဲ ကျွန်တော်ရူးသွပ်နေခဲ့ရပြီဆိုပါတော့။ ကျွန်တော့်မှာ သူများယောကျ်ားတွေလို မချမ်းသာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆဲ(လ်)ဖုန်းမရှိပါ။ ကိုယ်ပိုင်ကားမရှိပါ။ သူမထံ ဖုန်းအကြိမ်ကြိမ်ဆက်ပြီး ပိုက်ဆံဖြုန်းပစ်ဖို့ထိတော့ သတ္တိမရှိပါ။ တခြားကောင်လေးတွေလို သူငယ်ချင်းတစ်အုပ်ကြီးနှင့်လည်း ဝေးလားဝါးလားမနေတတ်ပြန်၊ အပေါင်းအသင်းလည်းမရှိပြန်၊ သူမအိမ်ရှေ့အုတ်ခုံထိုင်ပြီး ဂစ်တာတီးဖို့လည်း သတ္တိမရှိပြန်သူမို့ ကျွန်တော်တစ်ယောက်တည်း အရှဲ့စွန့်ရင်း၊ သိမ်ငယ်ရင်းကြိုးစားနေရခြင်းဖြစ်သည်။

သေချာတာ သူမက အချစ်ကိုလုံးလုံး စိတ်မဝင်စားသည့် မိန်းကလေးမျိုးပင်၊ အချစ်ကို စိတ်မဝင်စားသည့်၊ နားမလည်သည့် မိန်းကလေးတစ်ယောက်ကိုမှ ကျွန်တော်က စူးစူးနစ်နစ်ချစ်ခဲ့ပြီ။

သက်ငြိမ်ရယ်...

"သက်ငြိမ်အချစ်ရဖို့ ဘယ်လောက်ထိစောင့်ရစောင့်ရ ကျွန်တော်စောင့်ပါ့မယ်..."

"ခင်ဗျား အချစ်ကိုရဖို့အရမ်းတောင့်တ မျှော်လင့်နေတဲ့ "မိုးဇလ" ဆိုတဲ့ ကျွန်တော်ကို ခဏလေးဖြစ်ဖြစ် သတိရပေးပါလားဗျာ"

ကျွန်တော်စိတ်ထဲ သူမနှင့်နှစ်ယောက်တည်း တွေ့ဆုံခွင့်ရဖို့ ကျိတ်ဆုတောင်းခဲ့တာ ဒီနေ့တော့ ပြည့်ဝသွားခဲ့သည်ထင်သည်။





"သက်ငြိမ်"

"အို...ဟင်...ရှင်..."

ကျောင်းဆင်းချိန် သူမကိုလာကြိုသည့်ကား လမ်းတစ်နေရာမှာပျက်နေခြင်း၊ ကားမောင်းသည့်အဘိုးကြီးက ကားစက်ဖုံးဖွင့်ကာ ဟိုဟိုတည်တည်နှိုက်လျက် သူမက ကားနောက်ခန်းထဲမှာ ယပ်တောင်လေး တဖျပ်ဖျပ်နှင့်ငြိမ်သက်စွာ ထိုင်နေပေမဲ့ စိတ်ညစ်နေပုံ တွေ့ရသည်။ ကျွန်တော် ဘယ်လောက်ကံကောင်းလိုက်သလဲဆိုင် ကျွန်တော်ကမ္ဘာဦးကအပြန် ဘတ်(စ်)ကားပေါ်ကနေ တီရှဲ့ဆန့်ရုံရှေ့နား၊ သူမကားလေးပျက်နေတာ ဖျတ်ခနဲတွေ့လိုက်ခြင်း။

ထို့ကြောင့်လည်း ကျွန်တော်မရှက်နိုင်ဘဲ ကားစပယ်ယာကို ကားရပ်ပေးဖို့ တကြော်ကြော်အော်ရင်း လူအုပ်ကြားထဲကလည်း တိုးထွက်ရင်းနှင့် ပြေးခုန်ချမိသည်ထိပင်။

ကျွန်တော် သူမကားလေးနားရောက်တော့လည်း သူမသတိထားမိပုံလည်းမရ၊ ကျွန်တော် ကားပြတင်းပေါက်နားကနေ ကပ်ခေါ်လိုက်တော့မှ သူမ ရုတ်တရက်လန့်သွားသလိုရှိပြီး အာမေဋိတ်သံတွေ ဆက်တိုက်ထွက်လာခြင်းပင်၊

"မိုးဇလပါ သက်ငြိမ်..."



www.burmeseclassic.com

www.burmeseclassic.com



"ဪ...အင်း..."

"ကားပျက်နေတယ်ထင်တယ်"

"အင်း..."

"ကျွန်တော် ဘာကူညီရမလဲလို့လာမေးတာပါ"

"ရှင်က ဘယ်လိုလုပ်ပြီး ဒီရောက်လာရတာလဲ"

"သက်ငြိမ်တို့ကားကို တွေ့လိုက်လို့၊ ဘတ်(စ်)ကားပေါ်က ခုန်ဆင်းလာတာ၊ ပြောပါ ကျွန်တော်ဘာကူညီရမလဲ"

"ဪ "

သူမ ခဏငြိမ်သက်သွားသည်မှာ တကယ့်စွဲမက်ဖွယ်ရာ၊ အဖြူအစိမ်းဝတ်စုံလေးနှင့် ဆံထုံးကို ခပ်နိမ့်နိမ့်လေး ထုံးကာ ကတ်တလီယာ ပန်းပွင့်အဖြူကြီး ပန်ထားပုံက ကျွန်တော်အတွက် တော့စွဲမက်စရာ။

မျစ်လိုက်ရတာ သက်ငြိမ်ရယ်ဟု၊ ကျွန်တော့်တိုးတိုးလေး ပင်ဖွင့်ပြောပြောလိုက်ချင်ပါရဲ့။

မနက်ကတည်းက လိမ်းထားသည့် သူမ၏သနပ်ခါး ပါးကွက်လေးက မပြယ့်တပြယ်ဖြစ်နေသည်။ ဒါတောင် ချစ်စရာ ကောင်းနေတုန်း၊

ကျွန်တော် အရမ်းစွဲမက်ရတာကတော့ မရယ်ဘဲပြုံးနေ





တတ်သည့် သူမ၏ခပ်စိုစို မျက်ဝန်းတွေနှင့် နှုတ်ခမ်းတွေပင်။

"ဒါဖြင့် ရှင်က ဘာကူညီချင်တာလဲ"

"စကားပြောပေးမယ်၊ လိုအပ်ရင် ကားတွန်းပေးမယ်လေ"

"အဲလိုလား..."

"အင်း"

"အင်း...ကျွန်မကားပျက်နေတုန်း တက္ကစီနဲ့ပြန်သွားချင် တာနဲ့အတော်ပါပဲ၊ ဒါဖြင့်လည်း ရှင်ကားတစ်စီးငှား၊ ကျွန်မ ပြန်ချင်တယ်"

"ဒီလိုလုပ်ပါလားဟင် ကျွန်တော်ကားငှားနေတုန်း သက်ငြိမ်က အန်တီဆီ ဖုန်းဆက်ထားလိုက်လေ၊ ခဏနေပြန် ရောက်တော့မယ့်အကြောင်း၊ ပြီးတော့ ကျွန်တော်လိုက်ပို့ပေးမှာကို လက်ခံနိုင်၊ လက်မခံနိုင်"

"မဖြစ်ဘူး"

"ဗျာ..."

"မေမေက ကျွန်တဲ့ကိစ္စတွေသာ ခွင့်ပြုမယ်၊ အဲလို သူစိမ်း ယောက်ျားတစ်ယောက်နဲ့ သွားလာတာသိရင် အရမ်းစိတ်ဆိုးမှာ ကျွန်မကို ဘယ်လောက်စိတ်ပူသလဲဆိုရင် မိန်းကလေးကျောင်းမှာ ပဲ ဆရာမပြန်လုပ်ခိုင်းတာကြည့်၊ "



www.burmeseclassic.com

www.burmeseclassic.com



"အန့်တီက သက်ငြိမ်ကို ဘာလို့ အမြဲစိတ်မချ ဖြစ်နေရတာလဲဟင်၊ စိတ်မချတာကလဲ သက်ငြိမ်သိပ်လှနေလို့ဖြစ်မှာ၊

သူမက ကျွန်တော်ကိုမကြည့်ဘဲ ကားထဲမှ ဆင်းလာသည်မှာ ကြွရွရလွန်းစွာ...

"ယောကျ်ားတွေကို မယုံစေချင်လို့ပါ"

"ခင်ဗျာ"

"ကျွန်မ အချစ်ဆိုတာကို နားမလည်တာကို မေမေက သဘောကျတယ်။ ကျွန်မ ကိုယ်တိုင်ကလဲ ကြိုက်တယ်လေ၊ အချစ်ကြောင့် မေမေသိပ်ပူလောင်ခဲ့တာ၊ သိပ်သောကရောက်ခဲ့တာ၊ ကျွန်မနဲ့ မေမေ မမေ့နိုင်[illegible]သေးဘူး"

သူမ စကားတွေကြောင့် ကျွန်တော်ဝမ်းနည်းသွားရတော့သည်။ ဒါကြောင့်မို့လည်း သူမအချစ်ဆိုတာကို ကျောခိုင်းထားခြင်းကိုး။ သူမကလေးတွေကို သင်ကြားပို့ချမည့် စာလောက်တောင် ဂရုမစိုက်တာကိုး၊ အလုပ်ထဲမှာသာ သဲသဲမဲမဲ အာရုံစူးစိုက်ထားတာကိုး၊ ဖြစ်ရလေ သက်ငြိမ်ရယ် ။

"ကျွန်တော် အဲ့လောက်သိခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ သက်ငြိမ်၊ တကယ်တော့ ကျွန်တော်လဲ ဒီအသက်အရွယ်ထိ အချစ်ဆိုတာ ဘာမှန်းမသိခဲ့တဲ့ကောင်ပါ၊ ကျွန်တော်မေမေနဲ့





ကြီးပြင်းခဲ့ရတယ်၊ မေမေက ကျွန်တော့်ကို အိုကိုနဲ့ဘွဲ့ရတဲ့ထိ၊ ကျေးမွေးစောင့်ရှောက်ခဲ့တယ်။ ကျွန်တော်တို့ မချမ်းသာကြဘူး သက်ငြိမ်...။ ကျွန်တော် ကုမ္ပဏီမှာ အလုပ်လုပ်နေတယ်။ "ထွန်းသစ်စကုမ္ပဏီပါ" အဲ့ဒီမှာ ကျွန်တော့်အကြောင်း သက်ငြိမ်ခံစမ်းပါ၊ ကျွန်တော့် ဘဝကိုကြိုက်သလို နောက်ကြောင်းလှန်ကြည့်ပါ။ တကယ့်ကို အမှန်အတိုင်း ဝန်ခံပါတယ်။ ကျွန်တော် ဘယ်မိန်းကလေးကိုမှ မလိုက်ဖူးဘူး၊ သက်ငြိမ်ကိုတွေ့တော့မှ ကျွန်တော်ချစ်တတ်သွားတာ၊ အချစ်ဆိုတာကို ခံစားသွားခဲ့တာ"

"အရှုးလိုပဲဗျာ"

သူမ သက်ပြင်းတစ်ချက်ချကာ ကျွန်တော်ကို ငြိမ်ငြိမ်သက်သက်ကြည့်ပြီး လျှင်...

"တကယ်တော့ တစ်ယောက်ကိုတစ်ယောက် ချစ်ပြီးတော့မှ ခွဲခွာကြရမယ်ဆိုရင် ဘယ်လောက်ကြောက်စရာ ကောင်းလိုက်တဲ့ ခြောက်လှန့်မှုကြီးဖြစ်လိမ့်မလဲ ကိုမိုးဇလ"

"အလွမ်းဆိုတာ သိပ်ခံရခက်တဲ့ဝေဒနာပါ သက်ငြိမ်"

"ရှင်"

"အချစ်ဆိုတာ သိပ်ခံစားလို့ကောင်းတယ်"

"ဟင့်အင်း...ကျွန်မမယုံဘူး၊ အချစ်ဆိုတာ၊ မီးပါ၊ မီးလို



www.burmeseclassic.com

www.burmeseclassic.com



ပူလောင်တယ်၊ ကျွန်မ အဲလိုပဲယုံတယ်၊ ဒါကြောင့်မို့လဲ ကျွန်မ ဒီမိုးကြီးကို ကိုင်မကြည့်ခဲ့တာ၊ ကျွန်မကို သိပ်မျှော်လင့်ချက် မထားပါနဲ့"

"ကျွန်တော့်ကတော့၊ စောင့်မယ် သုံးနှစ်သုံးမိုးပဲကြာကြာ၊ ခုနှစ်နှစ် ခုနှစ်မိုးပဲကြာကြာ"

"ကျွန်မကို ကားဂှားပေးတော့ ကိုမိုးဇလ..."

"ကျွန်တော် သက်ငြိမ်ကို တကယ်ချစ်တာတော့ တစ်ခါတစ်ရံ သတိရပေးပါဗျာ...နော်..."

* * *



## အခန်း (၆)

"သား"

"အမေတော့ ဒုက္ခရောက်ပြီထင်တယ် သား"

ကျွန်တော် အိမ်ထဲရောက်ရောက်ချင်း ဆိုင်းမဆင့် ဗုံမဆင့် ဆီးပြောလိုက်သည့် အမေ့စကားကြောင့် ကျွန်တော် ရင်ထိတ်စွာ အမေ့ကို လှမ်းကြည့်မိတော့။

"အမေ ဝိုင်းမှာ အများကြီး ရှုံးသွားတယ်သား၊ အဲဒါ မပေးနိုင်ရင်"

ရင်တစ်ခုလုံး လှိုက်တက်ဆို့နင့်လာသည်။ စိုးရိမ်စိတ်တွေကြောင့် လည်ချောင်းတွေပါ ရှတာပူရှိန်းနေသည်။

"ဘယ်လောက်လဲ အမေ"

"များတယ် သား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်လဲ ပြောပါ"

အမေက တော်တော်နှင့်မပြောဘဲ မငိုမိအောင် အော
နှုတ်ခမ်းတွေကို သွားနှင့်အတင်း ဖိကိုက်ထားသည်။

"အမေ"

ကျွန်တော် သိပ်စိတ်ပူလာပြီမို့ အမေ လက်တစ်ဖက်
ခပ်တင်းတင်း ဆုပ်ကိုင်ကာ ဖျစ်ညှစ်လိုက်တော့ အမေ
ကျွန်တော့်လက်တွေဆီမှ အသာအယာရုန်းထွက်ကာ

"သိန်းဂဏန်းတော့ရှိတယ် သား"

"ဟင်..."

ကျွန်တော် ယိုင်ခနဲပင်ဖြစ်သွားကာ အမေ့ကို အထိတ်
လန့်ကြည့်လိုက်တော့ အမေစိတ်ညစ်ညစ်နှင့် ခြေပစ်လက်
ထိုင်ကာ စီးကရက်ကိုသာ သဲသဲမဲမဲ ဖွာရှိုက်နေတော့သည်

"အမေ"

ကျွန်တော် ထိုတစ်ခွန်းကိုခေါ်ဖို့ မနည်းကြိုးစားလို
ရသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီဘဝရောက်အောင် အမေ
မျိုးထောင် ပေးလာခဲ့ပြီးပြီ၊ အမေ အခက်အခဲကြုံနေတာ
ကျွန်တော် သားတစ်ယောက်အနေနှင့် လျစ်လျူမရှုနိုင်ပါ။

"ကျွန်တော် ကြိုးစားပေးပါမယ်"

"ဟင်...ဘယ်လို၊ ဘယ်လို သားက ငွေရှာပေးမယ်





ဒီလောက် ငွေတွေအများကြီးရယ်၊ သားဘယ်လိုရှာမလဲ၊ ရင်ထိတ်
လိုက်တာ၊ ပြောပါ၊ သားက ဘယ်လိုရှာပေးမှာလဲ"

တကယ်တော့ အမေ ကျွန်တော့်ကို ဘယ်လောက်ချစ်တယ်၊
ဘယ်လောက်စေတနာထားတယ်၊ ဘယ်လောက်ထိ မိခင်မေတ္တာ
နက်ရှိုင်းတယ်ဆိုတာ ကျွန်တော်နှစ်ပေါင်းများစွာ ခံစားလာခဲ့ရပြီး
ပြီ။ ကျွန်တော့်အတွက် ဘယ်လောက်စိုးရိမ် ပူပန်တတ်တယ်ဆို
တာကိုလည်း ကျွန်တော်သာအသိဆုံးပင်။

"ကျွန်တော် လစာတွေကြိုထုတ်ကြည့်မယ်လေ၊ ပြောတော့
ပြောကြည့်ရမှာပေါ့"

"မလွယ်နိုင်ဘူး၊ မလွယ်နိုင်ပါဘူး သားရယ်၊ အမေ့ကြောင့်
သားငွေထုတ်မရရင်၊ ကုမ္ပဏီမှာ မျက်နှာငယ်နေရမှာပေါ့၊ အဲလို
ကြိုထုတ်လို့ရတယ်ထားဦး၊ လစဉ် အမေနဲ့သားရဲ့ ပါးစပ်ပေါက်
ကရှိသေးတယ်၊ ပြီးတော့ သားရဲ့လမ်းစရိတ်၊ အဲဒါတွေ ဘယ်လို
ဖြတ်ကျော်မလဲ"

"ဟုတ်သားပဲ"

ကျွန်တော် ကုမ္ပဏီက လစာတွေကြိုထုတ်ပြီး နောက်မှာ
အဲဒီကာလတွေကို ဘယ်လိုဖြတ်ကျော်မလဲ၊

ကျွန်တော် ခေါင်းတွေကိုက်လာသည်ထိ စိတ်ထိခိုက်ရ
သလို၊ ရင်တစ်ခုလုံးလည်း ဗလောင်ဆူနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မမေက တိုသွားသည့် စီးကရက်လိပ်ကို မီးသတ်လိုက်ပြီ
ထိုင်နေရာမှ ဆတ်ခနဲကောက်ထလိုက်ကာ။

"မေမေ အပြင်ခဏသွားဦးမယ်"

"ဘယ်လဲ မေမေ"ဟု ကျွန်တော် မမေးချင်တော့၊ အမေ
စိတ်ညစ်ညစ်နှင့် ထပ်ကစားနေမလားဟုလည်း မတွေးချင်တော့

ကျွန်တော့်မှာ စိတ်ဓာတ်ကျခြင်း၊ စိတ်ပျက်ခြင်း၊ ထိခို
ကြေကွဲရခြင်းတွေဖြင့် ခြေစုံရပ်ကာကျန်ရစ်သည်။

အမေကတော့ ဘယ်လိုခံစားရသည်မသိ၊ ကျွန်တော်ကတော့
အရမ်းစိတ်ညစ်လှသည်။

ခုလည်း အမေဘယ်ကိုသွားပြီး ဘာတွေလုပ်ဦးမ
မသိနိုင်၊ တကယ်တမ်းတော့ အမေ့မှာရေရေရာရာ အလုပ်ဘာမှ
အပြင်မှာ ဟိုစပ်စပ်၊ ဒီစပ်စပ် ပွဲစားလေးလုပ်လိုက် ရှိုးဝိုင်း
သွားကစားလိုက်၊ အိမ်လည်လိုက်ဖြင့် အမေက အလုပ်ရှု
တတ်သူ၊ ကျွန်တော့်ပေါ်တော့ မိဘဝတ္တရားကျေပွန်သည်။

အမေ အပြင်မှာဘာတွေလုပ်လုပ်၊ ကျွန်တော့်အတွက်
ကျွန်တော်နှင့်အမေရဲ့ စားဝတ်နေရေးအတွက်ပင်၊ အမေမှားသ
ဟု ကျွန်တော်မပြောရက်၊ ပြောလည်းမထွက်ပါ။

ကျွန်တော့်မှာ အခုလို စိတ်ဆင်းရဲရတာက အမြဲမကြာခ
ကြုံကြုံနေရသည်။





အမေ့ပြဿနာကို ကျွန်တော် ဘယ်လိုဖြေရှင်းပေးရမလဲ၊
အမေရော ကျွန်တော်ပါ မချမ်းသာကြတာ ဒုက္ခတစ်မျိုးပဲနော်။
အမေ့ပြဿနာ အမြန်ဆုံးပြေလည် သွားပါစေတော့။

ကျွန်တော် ဒါပဲ ဆုတောင်းကာ သက်ပြင်းမောကြီးချဖြစ်
လသည်။ ကျွန်တော်နှင့် အမေနှစ်ယောက်တည်းရှိသော
ဘဝလေးမှာတောင် အခုလို သောကတွေဝင်လာ တတ်တာမို့
ကျွန်တော် ချစ်တဲ့သူမဆို ကျွန်တော်တို့ သားအမိဘဝလေးထဲမှာ
ပျော်နိုင်ပါ့မလား။

သက်ငြိမ်ရယ် ကိုယ်မင်းကို အချစ်တွေပဲပေးနိုင်တာပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ယောက်
သိပ်ချစ်ကြပြီးမှ
ခွဲကြရမယ်ဆိုရင်
ဘယ်လောက်ကြောက်စရာကောင်းတဲ့
ခြောက်လှန့်မှုကြီးတစ်ခုဖြစ်လာလိမ့်မလဲ...

www.burmeseclassic.com

www.burmeseclassic.com



# သက်ငြိမ်အေးချမ်း

www.burmeseclassic.com

www.burmeseclassic.com



တော့ လွမ်းဆွတ်

## အခန်း (၇)

မာကျူရီလမ်းမီးရောင်က ကျွန်မတို့တိုက်ခန်းပေါ် တစ်ဝက်တပြက်ကျရောက်ကာ လက်ဖြာနေသည်။

ဒီညက ဆောင်းဝင်ခါစ ညတစ်ညပေါ့၊

မိုးကုန်ပြီး ဆောင်းဝင်ခါစမို့ အခါတိုင်း ညတွေထက်ပိုအေးသယောင်ထင်ရသည်။ ကျွန်မမှာ ဆွယ်တာအင်္ကျီလေးကိုတင်းတင်းဆွဲစေ့လိုက်ကာ အိမ်ပြတင်းပေါက်ကနေ အပြင်ကိုကြည့်လိုက်တော့ လူတစ်ယောက် ကျွန်မတိုက်ခန်းဘက် ငြိမ်ငြိမ်သက်သက်လေး မော့ကြည့်နေတာ တွေ့ရသည်။

သူပါပဲ၊

မိုးဇလပေါ့၊

ကျွန်မတိုက်ခန်းဘက် ည ည လာမော့ကြည့်တတ်ပြီး၊ ကျွန်မ အရိပ်ကိုမြင်မှ ကျေနပ်သွားသလို ခပ်လေးလေးထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com



ဘာစ်ယောက်တည်းရှိသည်။

ညစဉ်ညတိုင်း တစ်ရက်မှမပျက်ဘဲ ကျွန်မတို့နေ လာလာကြည့်တာ ကျွန်မမြင်ရတိုင်း ရင်ထဲစိမ့်ခနဲ အောင် ကြက်သီးဖြန်းခနဲထရသည်။

သူ ကျွန်မကို မပျက်မကွက်လာလာ စောင့်ကြည့်တတ် နေ့စဉ်အကျင့်တစ်ခုလိုလို လုံးဝအပြောင်းအလဲမရှိပါ။

တကယ်တော့ ကျွန်မလည်း သူ့ကိုသတိထားမိနေတာကြာ ကျွန်မသူ့ကို ပြန်ရပ်ကြည့်မိသည့် အရိပ်တစ်ခုကိုတော့ သူ မြင်နိုင်လိမ့်မည်မထင်။

သူကျွန်မကို စွဲစွဲလမ်းလမ်းချစ်မြတ်နိုးနေတာ သိသိကြီးနှင့် ကျွန်မက ခုချိန်ထိ မသိဟန်ဆောင်နေမိခြင်းပင်။

အမှန်အတိုင်း ဝန်ခံရလျှင်တော့ အချစ်ကိုနားမလည်သည့်၊ စိတ်မဝင်စားသည့် ကျွန်မ၏စိတ်တွေကို လွင့်မျောသွားရအောင် သူကပြုစားနိုင်တာတော့အမှန်။

ယောကျ်ားပီသစွာ ချောမောခန့်ညားသည့်မျက်နှာ၊ တည်ကြည်သည့်အပြုံး၊ ညို့ငင်ဖမ်းစားနိုင်သည့် အကြည့်တို့နှင့် အရပ်မြင့်မြင့် ယောကျ်ားတစ်ယောက်ကို ကျွန်မ အမှတ်မထင် ကနေ တစ်စထက်တစ်စ မှတ်မှတ်ရရ ရှိလာခဲ့တာ သေချာသည်။

သူနှင့် မျက်နှာချင်းဆုံမိသည့် တခဏကလည်း စိတ်ကူး





ယဉ်ဖို့ ကောင်းလှသလို သူပြန်ထွက်သွားလျှင်တော့ လွမ်းဆွတ်ဖို့ပင်ကောင်းလှလေသည်။

သို့သော်...

ကျွန်မ စိတ်ကူးမယဉ်ရဲ

အချစ်ကို မခံစားရဲချင်

"အချစ်"ဖြင့် ကိုယ့်ဘဝကိုယ်ဖန်တီးဖို့ အခွင့်အရေးရနိုင်ပါရဲ့လားဆိုတာမသေချာ။

ကျွန်မ သူကိုငေးငေးလေး ကြည့်နေမိရင်းမှ သူက ချမ်းဘဟန်တူသည်၊ သူဝတ်လာသည့် အသားရောင်ဖျော့ဖျော့ဂျာကင် အင်္ကျီလက်ထဲ လက်နှစ်ဖက်ထိုးထည့်ကာ ကျွန်မတိုက်ခန်းဆီ အကြာကြီး မော့ကြည့်ပြီးမှ ခပ်ဖြည်းဖြည်းပြန်ထွက်သွားတော့သည်။

သူပြန်သွားပြီပဲ၊

ဘာဖြစ်လို့များ သူပြန်သွားတာကို ကျွန်မရင်ထဲမောလှ းလျှသွားရတာပါပဲ၊ ဒီဆောင်းညလေးကို ကုန်ဆုံးမသွားအောင် ဆွဲဆန့်ပစ်ချင်မိပါသည်။

ကျွန်မ သူမသိအောင် ချောင်းကြည့်၊ ခိုးကြည့်ရတာ တာ၊ စိတ်လှုပ်ရှားဖွယ် ကိုယ်ကိုလည်း စိတ်ကမလုံချင် ကြည့်ဘဲလည်းမနေနိုင်တာ ကိုယ်တိုင်အသိ။



www.burmeseclassic.com

www.burmeseclassic.com



သူကျွန်မကို လာမျှော်ကြည့်နေလျှင်တသိမ့်သိမ့်နှင့် လှုပ်ခတ်ကြည့်နူးရသည်။ သူစောင့်ကြည့်နေမှာပဲဟုလည်း ခြေဖျား လက်ဖျားတွေ အေးစက်လာသည်အထိ ရင်ခုန်မျှော်လင့် တတ်လာပြန်သည်။

မေမေ လစ်တာနှင့် စကားလိုက်ပြောတတ်တာကလည်း၊ ကလေးတစ်ယောက်ခိုးကြောင်ခိုးဝှက်လုပ်သလိုပုံစံမျိုး၊

ကျွန်မက "ပြန်တော့လေ"ဟု နှင်လိုက်လျှင်တော့ မျက်နှာလေး ပျက်ယွင်းဖွာနှင့် ထွက်သွားတတ်သည်။

အဲလိုဆို ကျွန်မစိတ်မကောင်းနိုင် ရင်ထဲမှာ ဟာတာတာကြီး ခံစားရပြန်သည်။

"နောက်နေ့ သူလာမှာပါလေ"ဟု ကျွန်မ မျှော်လင့်စွာမက်မောတတ်လာပြီ။ ကျွန်မကို တငေးတမောကြည့်သည့် သူ့အကြည့်ကိုလည်း စွဲလမ်းလာသည်။ စီးကရက်ကြိုက်ပုံရကာ စီးကရက်မီးညှိခါနီးမှ "သက်ငြိမ် ကျွန်တော်ကို ခွင့်ပြုမယ်မထင်ဘူး၊" ဟု ပြောကာ လွှတ်ချလိုက်တာကိုလည်း ရင်ထဲလှုပ်ခတ်ရသည်။

"ကျွန်တော် သက်ငြိမ်ကို သိပ်ချစ်တယ်"ဟူသည့် လှိုက်လှိုက်လှဲလှဲ ပြောတတ်သည့် သူ့နှုတ်ခမ်းပါးကိုလည်း ရင်ခုန်ရသည်။

ကျွန်မ ကလေးတွေကို စာသင်နေချိန်တွေမှာ သူကကျွဲ[...]





[...] ကောင်မလေးတွေက သူ့ကို ပရောပရီလုပ်ကြမလားဟု [...]ရိမ်သဝန်တို့ရတာကိုတောင် ကျွန်မကိုယ်ကျွန်မ ပြန်ရှက်[...]လာသည်။ ကျွန်မက သူ့ကို မျှော်လင့်ချက်မပေးပါဘဲနှင့် [...]မ်တွေချီအောင် စောင့်မည်ဆိုတော့လည်း သနားရပြန်သည်။

သူ ကျွန်မကို ကြည့်သည့်အကြည့်က တစိမ့်စိမ့်နှင့်တ[...]ငေး[...]မောအကြည့်တွေက ထင်ရှားသည်။

ရှပ်အင်္ကျီကွက်စိပ် လက်တိုလေးတွေနှင့် ဂျင်းဘောင်း[...]ရှည်တွေကို အမြဲဝတ်လေ့ရှိသည့် သူ့ဟန်ပန်က ကျွန်မစိတ်[...]ပ်ရှားစေနိုင်တာတော့အမှန်ပင်။

သူ့ချစ်သူသာ ကျွန်မဖြစ်သွားမည်ဆိုလျှင်တော့ အင်မတန်[...]ညံ့သိမ်မွေ့မည့် ခံစားမှုမျိုးကို ခံစားရမည်ဆိုတာ ကျွန်မခံစား[...]နေရလေသည်။

သို့ပေမဲ့

"မေမေ"

မေမေကရော ကျွန်မနှလုံးသားထဲက ခံစားမှုတွေကို [...]းလည်နိုင်ပါ့မလား၊

"အချစ်" ဆိုတာကို သိပ်ခါးသီးရွံရှာစက်ဆုပ်နေတဲ့ [...]မေမေ့ခမျာ ကျွန်မကို နားလည်ပေးနိုင်မည်ဟုတော့မထင်ပေ။

တကယ်တော့ ကျွန်မရဲ့အနာဂတ်ကို မေမေ့ထံ [...]ကတိ



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးပေးပြီး ဖလှယ်ယူထားရတဲ့ ကျွန်မဘဝပင်၊

ဒါကိုလည်း မေမေက ကျွန်မပေါ် တရားမျှတမှုကင်းစွာ ချုပ်ကိုင်ထားတာ ဟုကျွန်မကလည်း မတွေးမိပါ။

"သမီး"

"သမီး ဘာရပ်လုပ်နေတာလဲ"

"သမီး…ရှင်…မေမေ"

"သမီး…မအိပ်သေးဘူးလား"

ဘယ်လိုပြန်ပြောရမည်မှန်း မသိလောက်အောင် ကျွန်မ မဝံ့မရဲဖြစ်သွားကာ မေမေမျက်လုံးတွေကိုပင် တည့်တည့် ရင်ဆိုင်မကြည့်ရဲ။

"ဟုတ်ကဲ့….အိပ်မပျော်သေးတာနဲ့"

"သမီးဘာတွေ စဉ်းစားနေတာလဲ မေမေထင်တာတော့ သမီးမှာ စဉ်းစားစရာ လူတစ်ယောက်ယောက်ရှိနေပုံပဲ၊ ရှိလာပြီ လား"

"ဟင့်အင်း…မဟုတ်ဘူးမေမေ၊ သမီးမှာ အဲလို မရှိသေး ပါဘူး"

"ဒါပေမဲ့၊ သမီး ညညအပြင်ဘက်ကို ချောင်းချောင်းကြည့် နေတယ်လေ၊ အဲဒီ ဘာင်လေးက မေမေတို့ လမ်းထဲကပဲထင် တယ်၊ ဟုတ်လား"





"ရှင်..ဟို..ဟုတ်ကဲ့..ဟုတ်မယ်ထင်တယ် မေမေ"

မေမေ့ကိုစိတ်ထဲက ထိတ်လန့်မှုဖြင့် ရဲရဲမကြည့်ရဲတော့ ချိန်မှာ မေမေကတည့်တည့်ငြိမ်ငြိမ်ပင် ဆက်ပြောလာသည်။

"သူ့ကို မေမေသိတယ် သူ့အမေကိုလည်း မေမေသိတယ်"

"ရှင်"

"ဟိုတစ်နေ့ကလဲ သူ့အမေ မေမေ့ဆီလာတယ်"

"ရှင်"

မေမေ့ဆီလာသမျှ သူတွေအားလုံး ပေါင်နှံ့ချေးငှားတတ် သည့်သူတွေချည်းပင်။

သူ့မေမေ လာသွားသည်ဆိုတာကလည်း အလုပ်ကိစ္စသာ ဖြစ်နိုင်လေသည်။

ဘာရယ်မဟုတ်ဘဲ ကျွန်မရင်တွေပူလာသလို ခံစားရသည်။ ပြီးလျှင် မေမေရှေ့မှ ဦးညွှတ်ကာဖြတ်လျှောက်ပြီး၊

"ဘာဖြစ်လို့လဲ မေမေ"

"ပိုက်ဆံလာချေးတာပါ၊ ပြောသွားတဲ့ စကားတွေကလဲ သလုံးထွားပါဘိနဲ့၊ သူ့သားတော်တဲ့အကြောင်း၊ နိုင်ငံခြားလွှတ် ပြီး အလုပ်လုပ်နိုင်ဖို့ ပိုက်ဆံလိုတဲ့အကြောင်းနဲ့လို့ပါပဲ။ ကြည့် ဟောဒီမိန်းမ တော်တော်လည်မယ့်ပုံမျိုး သမီး၊ မေမေလည်း အလုပ် လုပ်စားလာတာကြာပြီ၊ လူကဲခတ်တတ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတစ်တစ်ဆို့ဆို့ကြီး ဖြစ်သွားရကာ ခန္ဓာကိုယ်တစ်လုံးမှာရှိသည့် အင်အားတွေစုပ်ယူခံလိုက်ရသလို နုံးခွေပျော့နွဲ့သွားခဲ့သည်။

"သားသမီးက ဘယ်လောက်တော်တော် မိဘကသိက္ခာလေမှသာ သိက္ခာမရှိတဲ့သူ၊ အကျင့်ပျက်တဲ့သူဆို မေမေသိပ်မုန်းတာ၊ မေမေတို့အလုပ်ကလဲ ကတ္တိ၊ သစ္စာနဲ့ လုပ်ကိုင်မှအဆင်ပြေကြတာမလား"

"သူ့သူ့အမေက မေမေ့ပိုက်ဆံပြန်ပေးမယ် မဟုတ်လားဟင်၊ အဆင်မပြေတုန်းခဏ၊ လှည့်တယ်ထင်ပါရဲ့"

မရဲတာရဲ စိုးရိမ်စိတ်တစ်ခုဖြင့် မေမေ့ကို မေးမိတာကမူးရှူးထိုးဆန်သွားသည်ထင်သည်။

"ပြန်မပေးလို့တော့ မရဘူးလေ၊ သူလဲပွဲစားမတစ်ယောက်ပဲ၊ မေမေ့ သတင်းတော့ကောင်းကောင်း ကြားထားလိမ့်မယ်"

မေမေနှင့် သူ့အမေကြားမှာ ငွေရေးကြေးရေး ပြဿနာတစ်ခုက ဘယ်လောက်ထိကြီးထွားခဲ့ရသည်။ ထိုကိစ္စအတွက် တစ်ယောက်ကိုတစ်ယောက် မကြည့်ချင်လောက်အောင် ဘယ်လောက်ထိ အမုန်းပွားခဲ့ရသည်ဆိုတာ ကျွန်မနှင့်သူ သိပ်မကြာခင် ရင်ဆိုင်လိုက်ရတော့သည်။





"သမီး"

"ရှင်"

"ယောကျ်ားတွေရဲ့ အချစ်ကိုမယုံလိုက်နဲ့ ပထမဆုံးသမီးအဖေကိုပဲကြည့် သမီး ဒီအရွယ်ရောက်မှ ဖောက်ပြန်တာ၊ ဘယ်လောက်ကြောက်စရာ ကောင်းလိုက်သလဲ၊ မေမေတော့ ဒင်းကိုသိပ်စိတ်နာတယ်၊ ယောကျ်ားတွေရဲ့အချစ်ဟာ ဟင်းတစ်ခွက်လိုပဲ၊ အချဉ်ရည်ဟင်း အမြဲစားနေကျ ယောကျ်ားက ဆီပြန်ဟင်းလေး စားချင်လာတယ်၊ ဆီပြန်ဟင်းအမြဲသုံးဆောင်နေရတဲ့ယောကျ်ားက အချဉ်ရည်ဟင်းလေး တောင့်တလာကြတယ်၊ အဲလိုသဘောပေါ့"

"ယောကျ်ားတိုင်းလည်း အဲလိုဟုတ်မယ်မထင်ပါဘူး မေမေရယ်၊ တချို့တလေလောက်ပဲဖြစ်မှာပါ၊ မေမေအယူသီးပြီး စိတ္တဇဖြစ်နေတာပါ"ဟု ကျွန်မရင်ထဲက မရဲတရဲလှမ်းပြောလိုက်တာကို မေမေကြားဟန်မတူ။

မေမေနှုတ်ခမ်းလှုပ်ရုံပြောလိုက်တာကိုတော့ ကျွန်မကြားလိုက်ရသည်။

"သမီးကတိတည်မှာ...မေမေသိပါတယ်လေ"တဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ကျောင်းချိန်ကလွဲပြီး ကျွန်မသွားလေရာ မေမေတစ်ကောက်ကောက်ပါနေတတ်တာမို့ သူ့ခမျာ ခပ်လှမ်းလှမ်းကသာ စောင့်ကြည့်ရင်း၊ ငေးမောရင်း ကျွန်မကိုစကားပြောဖို့ အခွင့်အရေးကို စောင့်ဆိုင်းနေရရှာသည်။

တစ်ခါတစ်ရံ ကျွန်မသိပ်လှမ်းနေလျှင် သူကအဝေးကြည့်ကိုင်းအမည်းနှင့်လေး ထောင့်ကျကျမျက်မှန်လေးကိုတပ်ကာ ကြည့်လိုက်လျှင် သူ့မျက်နှာလေးနှင့် အရမ်းလိုက်ဖက်သွားကာ တစ်မျိုးလေးစွဲမက်စရာပင်။

အို...ကျွန်မ သူ့ကို ချစ်နိုင်တာပဲနော်၊

သူ့အကြည့်တွေမှာ ရင်ခုန်ပျော်ဝင်နေတာပဲ၊ သူရပ်စောင့်နေတာတွေ့လျှင် ရင်ထဲလှိုက်ဖိုကြည်နူးရတာပဲ၊





ထိုနေ့က ကျွန်မနှင့်မေမေ ရှမ်းကန်မှာ ညနေစာထမင်းသွားစားကြသည်။ ကြည်လင်သည့်ကန်ရေပြင်ကြီးကို မြင်ရတာရော၊ ရွှေတိဂုံဘုရားကြီးကိုပါ တဆက်တည်း ဖူးမြော်ခွင့်ရတာရောကြောင့် ကျွန်မရော မေမေရော နှစ်သက်သည့်ဆိုင်လေးပဲဖြစ်သည်။

ပြီးတော့ လူရှင်းကာ တိတ်ဆိတ်နေတတ်တာကို ကျွန်မတို့သားအမိနှစ်ယောက်က သဘောကျလေသည်။

ကျွန်မနှင့်မေမေ ထိုင်သည့်စားပွဲဝိုင်း ခပ်လှမ်းလှမ်းမှာ သူက ဝင်လိုက်ထိုင်ကာ ကျွန်မကိုလှစ်ခနဲရယ်ပြသည်။

"အို"

မေမေက သူ့ကိုကျောခိုင်းရပ် အနေအထားမို့ သူလိုက်လာတာရော သူပြုံးပြတာရော မြင်နိုင်မည်မဟုတ်။

ကျွန်မကသာ အေးစက်သွားသည့်ရင်ကို လက်ဖဝါးဖြင့်ဖိမတတ်လန့်ရှက်သွားရကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့၊

"သမီး ဘာဖြစ်တာလဲ၊ ငြိမ်ငြိမ်နေလေ"

"ဟို သမီးဖိနပ်၊ ဖိနပ်ကြိုး ပြုတ်သွားလို့ပါ မေမေ၊"

"ပြုတ်သွားရင်လဲ ထားသာပစ်ခဲ့၊ ကိုယ့်ကားနဲ့ ကိုယ်ပြန်တာပဲ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



မမေ့ကို လိမ်ပြောမိသည့်အဖြစ်ကြောင့် နွေးခနဲရှက်ရွံ့မိသည်။ တကယ်တော့ သူပြုံးပြလိုက်လို့ ကျွန်မ အဲလိုဖြစ်သွားတာလေနော်။

ရင်ထဲပူလာလိုက်၊ အေးသွားလိုက်၊ တဒိတ်ဒိတ်ခုန်လိုက်နဲ့ ပြီးတော့လည်း ကိုယ့်ရင်ထဲက တစ်စုံတစ်ခုကို နှုတ်ငင်သိမ်းပိုက်ခံစားရတာ အချစ်ကြောင့်လားကွယ်။

မမေက ကျွန်မနှင့် နှစ်ယောက်တည်း စားဖို့ဟင်းတွေကို ပြည့်စုံအောင်မှာသည်။

သူ့စားပွဲဝိုင်းမှာတော့ ထမင်းဖြူတစ်ပန်းကန်နှင့် အစိမ်းကြော်တစ်ပွဲ၊ ပြီးတော့...Cocke ဘူးတစ်ဘူး၊

သူ့အများကြီး မှာမစားနိုင်ပါလား။

အင်းလေ၊ သူတို့သားမိက သိပ်ပြည့်စုံကြတာမှ မဟုတ်တာ။

ကျွန်မစိတ်ထဲ သူ့ကို အလိုလို သနားသွားကာ ကျွန်မတို့ဝိုင်းက ဟင်းတွေပင် သူ့ကိုမျှပေးချင်လာ စိတ်တွေတဖွားဖွားဖြစ်ပေါ်လာခဲ့သည်။

ကျွန်မတို့မှာစားလို့ မကုန်နိုင်၊ မမေမှာထားသည့် ဟင်းတွေကများကာ အများကြီးပိုနေသည်။

"သမီး စားလေ"

"ဟုတ်"





"ဘာလို့လဲ၊ နည်းလှချည်လား စားမကောင်းဘူးလား နောက်တစ်ဆိုင်ပြောင်းစားမလား"

"ဟင့်အင်း မမေ ရပါပြီ၊ သမီးသိပ်မဆာဘူး ကျောင်းဆင်းခါနီး သူငယ်ချင်းတွေစုပြီး လက်ဖက်သုပ်စားကြသေးတယ်"

ဒါဖြင့် ရင်ခံနေပြီပေါ့၊ ဒါဆိုလဲ စားနိုင်သလောက်ပဲစား၊ မစားနိုင်ရင်ထားပစ်ခဲ့။

"နှာမြောစရာကြီး၊ မမေမှာတာ များသွားပြီ။"

"သမီးကို စားစေချင်လွန်းလို့လေ၊ မနက်မိုးလင်းကနေ ညနေထိ ကလေးတွေကို စာပြနေရတာမဟုတ်လား၊ ပင်ပန်းတယ်လေ သမီးဝါသနာပါလို့သာ မမေက အဲဒီအလုပ်ကို လုပ်စေချင်တာမဟုတ်ဘူး၊ မမေအလုပ်တွေ နားလည်အောင်ကြည့် ဆိုတော့လဲမရဘူး"

"သမီး စာသင်တာပဲ ဝါသနာပါတာကိုး မမေရယ်။ သမီးမပင်ပန်းပါဘူး။ သမီးအတန်းက ကလေးတွေအားလုံးလိမ္မာကြတယ်"

"အင်းလေ ဘာပဲဖြစ်ဖြစ် မမေကမိန်းကလေးကျောင်း ဆိုပြီး၊ စိတ်ချလက်ချ လွှတ်ထားတာ သမီးလဲ လိမ္မာမယ်ထင်တယ်လေ"

ထိတ်ခနဲ သူ့ဆီလှမ်းကြည့်တော့ သူကထမင်းကိုငုံ့စားနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်မတို့ ဝိုင်းကဟင်းတွေကို စိတ်ဝင်စားပုံမရှိပါ

ကျွန်မမှာသာ သူ့ကိုကျွေးလိုစိတ်နှင့် သောကများနေရ မေမေကမသိ၊

အင်း ခုဆို ကျွန်မယောကျ်ားတစ်ယောက်ကို သနားတ လာခဲ့ပြီဆိုပါစို့လေ။

"စားပါသမီး၊ မေမေကို့ အတတ်နိုင်ဆုံး ညည်းအ အကြောင်းကိုမပြောဘဲနေလိုက်ရအောင်"

"ဟုတ်ကဲ့"

မေမေ့မျက်လုံးက နာကြည်းရိပ်၊ ဒေါသရိပ်၊ ဝမ်းနည်း ကြေကွဲရိပ်တွေကို ကျွန်မ ဖတ်ရှုလာခဲ့တာ ခုဆို ဆယ်စုန ကျော်လွန်ခဲ့ပြီ။ မေမေ ဖေဖေကိုမမေ့နိုင်သေးချေ။

အင်းလေ၊ ကျွန်မ အသက်ရှစ်နှစ်လောက်မှာ နောက်အိမ်ထောင် နောက်ကောက်ကောက်ပါသွားခဲ့တာ ဒီအ ဆိုးကြီးကို ကျွန်မတို့မေ့လို့မှမရသေးတာ။

"ဖေဖေ"

ခုဆို ဖေဖေ တစ်ယောက်ဘယ်လိုနေရှာမလဲ၊ နော အိမ်ထောင်နဲ့ ကလေးတွေမွေးပြီး သိပ်ဆင်းရဲကျပ်တည်း ပြီလား။

ကျွန်မနဲ့ မေမေ့ကို သတိရလွမ်းဆွတ်ပြီး ကြေကွဲနေရှာ





ခင်တရနေပြီလား။

"ဖေဖေရယ်...."

မေမေနဲ့ သမီးအပေါ် ဖေဖေရက်စက်နိုင်ပေမဲ့ သမီး ဖေဖေ့ပေါ်မရက်စက်နိုင်ပါဘူး။

မေမေက ဖေဖေကို ပြတ်သားနိုင်ပေမဲ့ သမီးဖေဖေ့ပေါ် ပြတ်သားနိုင်ပါဘူး ဖေဖေရယ်။

သမီးရဲ့ဘဝမှာ ဖခင်ဆိုတာ တစ်ယောက်တည်းပါ၊

မိခင်ဆိုတာလည်း တစ်ယောက်တည်းပါ၊

ဖေဖေ ဘယ်လောက်ပဲမှားခဲ့မှားခဲ့ သမီး ဖေဖေ့ကို သတိ နေပါတယ် ဖေဖေ။

ဖေဖေ နေလို့မှကောင်းရဲ့လား။

ကျွန်မရင်ထဲ"ဖေဖေ" အတွေးရောက်လာတာနှင့် သောက တွဖိစီးကာ အမြဲရင်ထဲပူလောင်သွားရသည်။

မေမေကတော့ တကယ်စိတ်ပြယ်လေပြီ။ ဒီနေ့ချိန်ထိ ကျွန်မ ဖေဖေ့ကို တွေ့ခွင့်မရခဲ့၊ ဖေဖေ့အကြောင်းကို မေမေက နှုတ်ပိတ်ဖြင့် ဘယ်လိုမှမေးမရ၊

မေမေ ဖေဖေကို တကယ်စိတ်နာနေခဲ့ပြီဖြစ်သည်။ ကျွန်မ ဖေဖေ့ဆီစိတ်ရောက်သွားဆဲ မေမေ့ ဆဲ(လ်)ဖုန်းဝင်လာသည်။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဘာမှသိပ်မကြားရဘူး၊ ခဏနော်"

မေမေက အထဲမှ ဆဲ(လ်) ဖုန်းသံ သိပ်မကြားရသဖြင့် ဆိုင်အပြင်ဘက် ထွက်ပြောနေသည်။

ထိုအချိန် သူက မေမေလည်းမမြင်ရအောင် ကျွန်မနှင့် လည်းစကားပြောလို့ရအောင် ကျွန်မစားပွဲနှင့်ကျောချင်းကပ်မှာ နေရာပြောင်းထိုင်လာသည်။

"မြတ်စွာဘုရား.."

သူနှင့်ကျွန်မက ကျောချင်းကပ်ဖြစ်သွားခဲ့ပြီ..

ဒါလည်း ရင်ခုန်စရာတစ်မျိုးပါပဲ..

သူဟာ ကျွန်မစိတ်ကို သိမ်မွေ့စွာခွဲဆောင် သိမ်းသွင်းတတ်သူတည်း။ အလိုလိုနေရင်း အအေးခန်းထဲမှာ ကျွန်မချွေးပြန်စ ပြုလာပြီ..

"သက်ငြိမ်"

"ရှင်"

"ကျွန်တော်ခေါ်တာ ကြားတယ်နော်"

"အင်း.."

"ဘာလို့ နည်းနည်းလေးစားတာလဲ"

"ရှင်"

"ကျွန်တော်မြင်တယ်၊ သက်ငြိမ် နည်းနည်းလေးပဲစား





တယ်"

"ဘာဖြစ်လို့ ကိုယ်နေရာကိုယ်မထိုင်ဘဲ ဒီကိုလာရတာလဲ၊ တော်ကြာ မေမေမြင်သွားလိမ့်မယ်"

"အန်တီ မမြင်နိုင်ပါဘူး၊ ကျွန်တော် သက်ငြိမ်ကိုစကား အရမ်းပြောချင်တာနဲ့လေ"

"ပြီးရင် ပြန်တော့လေ"

"မနှင်ပါနဲ့ဗျာ..."

"ကျွန်မနဲ့ ရှင်စကားပြောနေကြတာ၊ ရှေ့မှာလူမရှိဘဲပြော နေရတာ အရူးလိုပဲ"

"ကျွန်တော်တော့ပျော်တယ်"

"ကျွန်မတော့ရှက်တယ်"

"ဘာဖြစ်လို့လဲ"

"တခြားသူတွေ မြင်မှာစိုးလို့"

"တောင်းပန်ပါတယ်၊ တကယ်ဆို ကျွန်တော့်မှာ တခြား သူတွေလို ဆဲ(လ်)ဖုန်းသာရှိရင်လေ၊ သက်ငြိမ်အခုလို စိတ်အနှောင့် အယှက်ဖြစ်ရမှာ မဟုတ်ဘူး၊ ဣန္ဒြေရရ ထိုင်ပြောရုံလေးနော်"

"ရပါတယ် ကျွန်မက အဲလိုရည်ရွယ်ပြီး ပြောတာမဟုတ်ပါ ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာ အဆင့်အတန်းမြင့်မြင့်နဲ့ ဇိမ်ခံပစ္စည်း၊ လူအထင်ကြီးမဲ့ပစ္စည်း ဘာမှမပိုင်ဆိုင်ပါဘူး သက်ငြိမ်..."

"ကျွန်တော် ပိုင်ဆိုင်တာဆိုလို့ သက်ငြိမ်ကို သိပ်ချစ်မိတဲ့ နှလုံးသားတစ်စုံပါ"

"ဒီမှာ...ရှင် မသိမသာ ထပြန်သွားတော့ မေမေပြန်ဝင် လာပြီ"

ကျွန်မ သူ့ကိုနှင်လိုက်ပေမဲ့၊ သူထွက်မသွားပါ၊ တိတ်ဆိတ် စွာငြိမ်ငြိမ်သက်သက်လေး ထိုင်နေရှာသည်။

သနားစရာလေးကွယ်...

ကျွန်မ ရင်ထဲထိသွားပြီ မိုးဇလ၊ ကျွန်မ ကြွေရတော့မယ်ထင် တယ်။

*　　*　　*



## အခန်း (၉)

ထိုနေ့က ကျွန်မကိုလာကြိုသည့်ကားက ကျောင်းလွှတ် ချိန်ထိ လာမကြို၊ ကျောင်းတစ်ကျောင်းလုံး လူကုန်ပြီး လောက်ရှိနေကာ ကားဇွေပင် တော်တော်ရှင်းနေခဲ့ပြီ။

ကျွန်မကားက ခုချိန်ထိရောက်မလာသေး မေမေဆဲ(လ်) းကိုဆက်ကြည့်တော့ မေမေက ယဉ်မောင်းထွက်သွားတာကြာပြီ သည့်အကြောင်း၊ သူလာကြိုတဲ့ချိန်ထိ ခဏစောင့်ဖို့အကြောင်း၊ စ်ယောက်တည်း တက္ကစီနဲ့ ပြန်မလာရဘူး ဆိုသည့်အကြောင်း နှ်မကိုစိုးရိမ်တကြီး မှာတော့သည်။

"ကားပျက်နေလို့ပဲဖြစ်မှာပါ"ဟု ကျွန်မလည်း မေမေနဲ့ း၍ပြီး နောက်မှာ တစ်ယောက်တည်း ဆက်စောင့်နေလိုက်သည်။

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



မီးစိမ်းနေပြီမို့ ကားတွေတစ်စီးပြီးတစ်စီး အလျှိုအလျှို သွားနေကြချိန်မှာ သူကအတင့်ရဲစွာ ဘာကိုမှမမှုဟန်ဖြင့် ဒရကြမ်း ကားတွေကြားထဲ ဖြတ်ပြေးနေခြင်းပင်။

ဘုရားသခင်...

သူ ဘာဖြစ်လို့ အဲ့လောက်တောင် အလောတကြီးပြေးလာရတာပါလိမ့်။

ကားတွေကြားထဲ ကွေ့ကာဝိုက်ကာ ဖြတ်ပြေးနေသည့် သူ့ကို စိတ်ပူစွာ စိုးရိမ်စိတ်က ငယ်ထိပ်ဆောင့်တက်သွားရသည်။

အိုး...သေတော့မှာပဲ။

သူ့ကို ကားသမားတချို့က လှမ်းပြင်ဆဲရေးနေသည်။ သူ ဘာကိုမှ အရေးလုပ်ဟန်မတူ။

သူ့ ကားတွေဖြတ်ကာ ကျွန်မဆီ ပြေးလာနေလေပြီ။

"သတိထား"

"သတိထားလေ"

ကျွန်မ စိုးရိမ်တကြီးအော်လိုက်သံက ကြောက်ခမန်းလိလိ ကျယ်လောင်သွားသည်။

"ရောက်ပြီ"

ကျွန်မရှေ့ ဒုန်းစိုင်းရောက်ချလာသည့် သူ့အသံက မောဟိုက်နေသံ၊ သူ့မျက်နှာတစ်ခုလုံး ချွေးတွေနှင့်သီးနေ





သည်။

"ဘာဖြစ်လာတာလဲဟင်"

"ပြေး၊ ပြေးလာတာ...အား...ဟူး...ခုမှပဲ အမောပြေတော့တယ်"

"အို...ဘာဖြစ်လို့ ဒီလောက်အရမ်းပြေးလာရတာလဲ"

ကျွန်မ ရင်ထဲ ပထမဆုံးအကြိမ်အဖြစ် သူ့ကိုကရုဏာသက်မိစွာ ခံစားလိုက်ရကာ မေးမိတော့ သူက အသက်ကိုပါးစပ်ဟရှူကာ

"ကျွန်တော် တွေ့ချင်တဲ့မျက်နှာလေးတစ်ခုကို လာကြည့်တာလေ၊ မီလိုမီငြားပေါ့၊ ဒီနေ့ ကျွန်တော်တို့ကုမ္ပဏီက ပစ္စည်းတွေ မိန်ဂေဟာမှာ လာဖြန့်တယ်၊ အဲဒီမှာ ကျွန်တော်နာရီကြည့်လိုက်တော့ သက်ငြိမ်တို့ ကျောင်းလွှတ်ချိန်ကိုကျော်နေပြီ..."

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မီရင်မီနိုင်မယ်ထင်ပြီး အဲဒီကနေ တောက်လျှောက်ပြေးလာတာ၊ ကျွန်တော် အသားကုန်ပြေးလာခဲ့တာ။

ဘုရားရေ၊ အဝေးကြီးက ပြေးလာတာပါလား၊ တရုတ်တန်းကနေ ဒီကျောင်းထိအောင်၊ ဘုရား...ဘုရား...။

ကျွန်မမှာ သူ့ထံမှ မောကြီးပန်းကြီး ရှင်းပြနေသံကို မအံ့အားနိုင်တော့။ သူ ကျွန်မကို အရမ်းချစ်တာပါလားဟုသည်



www.burmeseclassic.com

www.burmeseclassic.com



ခံစားသိမြင်မိသည်။

ချွေးတွေ နှင့်သီးနေသည့် သူ့မျက်နှာက ချွေးစက်တွေကို သူမမှုပါ၊ ရိုးသားသော သူ့အပြုံးကို ကျွန်မမှင်သက်မိရလေပြီ။

"ကျွန်တော် ကျေနပ်တယ်ဗျာ၊ ကျွန်တော်တွေ့ချင်တဲ့သက်ငြိမ်ကို တွေ့လိုက်ရပြီလေ၊ ဒီလောက်မောတာလေးနဲ့တော့ မသေနိုင်ပါဘူး"

"အို"

ကျွန်မရင်ထဲ ထိတ်ခနဲ တုန်လှုပ်ရကာ လက်ထဲက လက်ကိုင် ပဝါလေးကို သူ့ထံ လှမ်းပေးလိုက်ပြီး။

"ရော့၊ ရှင့်ချွေးတွေ သုတ်လိုက်ဦး"

"နှမြောစရာကြီးဗျာ၊ သက်ငြိမ် လက်ကိုင်ပဝါလေးက ဖြူဖွေးနေတာ ပေကုန်လိမ့်မယ်"

"ရတယ်၊ သုတ်လိုက်ပါ "

သူက ကျွန်မလက်ကိုင်ပဝါအဖြူလေးကို မသုံးရက်သလို တယုတယ ကိုင်တွယ်ပွတ်သပ်ကာ ကြည့်ပြီးမှ တစ်ချက်ထိရုံ ဖွဖွသုတ်သည်။

"အား...မွှေးလိုက်တာ၊ အော်ဒီကလုံးနံ့လေး"

သူ ကျွန်မ လက်ကိုင်ပဝါကို ဖွဖွလေးထိရုံသုတ်ကာ နမ်းရှိုက်တော့ ကျွန်မအရမ်းရှက်သွားတယ်။





"ဟင် ပြန်ပေးတော့"

"မပေးပါရစေနဲ့"

"ရှင်...ဘာလို့"

"မြတ်နိုးလွန်းလို့ပါကွယ်"

"ပေးပါဆို"

"ဟင့်အင်း ကျွန်တော်သိမ်းထားပါရစေ သက်ငြိမ်ရယ်၊ ကျွန်တော့်ကိုနည်းနည်းလေးမှ မသနားဘူးလားဟင်။ ကျွန်တော့်မှာသူများတွေလို သက်ငြိမ်ကို အချိန်ပြည့်ဆက်သွယ်ရမယ့်ဆဲ(လ်)ဖုန်းလဲမရှိဘူး၊ သက်ငြိမ်နောက် တကောက်ကောက်လိုက်ကြည့်ဖို့ကားလဲမရှိဘူး၊ ဆိုင်ကယ်တောင် မပိုင်ဘူးလေ၊ ကျွန်တော့်မှာ သက်ငြိမ်ကိုပေးစရာဆိုလို့ ဒီရင်ထဲက အချစ်တွေပဲရှိတယ်..."

"အချစ်စစ်စစ်တွေပါ သက်ငြိမ်၊ ယုံလိုက်စမ်းပါ၊ ကျွန်တော့် အချစ်တွေက သက်ငြိမ်ကို ထာဝရအေးမြနွေးထွေးမှုကို ပေးနိုင်ပါတယ်၊ ယုံပါ"

ပြောရင်း သူ့အသံက လှိုက်မောစွာ တုန်ယင်သွားတာ ကျွန်မသိလိုက်သည်။ သူ့မျက်ဝန်းမှ မေတ္တာရိပ်များကို ကျွန်မ မြင်လိုက်ရသောအခါ ကျွန်မစိတ်နှလုံးတွေ အတိုင်းအဆမဲ့စွာ ညွတ်ပျောင်း သိမ်မွေ့သွားရလေသည်။

"ရှင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခက်လိုက်တာ

ကျွန်မကို ဒီလောက် ဖိအားမပေးပါနဲ့လားကွယ်...

ကျွန်မ ရှင့်ကိုချစ်မိလိမ့်မယ်....

အိုခက်လိုက်တာ...

မေမေ သိပ်နာကြည်းခဲ့တဲ့အချစ်...ကျွန်မကျောခိုင်း ဥပေက္ခာ ပြုခဲ့တဲ့အချစ်ဆိုတာကို ကျွန်မခံစားတတ်ခဲ့ပြီ။

"ဒါပေမဲ့...."

ကျွန်မ...ရှင့်ကိုမချစ်ရဲဘူး...။

"ဟင့်အင်း..."

ကျွန်မ ရှင့်ကိုချစ်လို့ မဖြစ်ပါဘူး မိုးဇလရယ်...

"သက်ငြိမ်"

"ရှင်"

"ကျွန်တော် သိပ်မောပန်းနေပြီဗျာ၊ ကျွန်တော် သက်ငြိမ်ကို ချစ်ရတဲ့ အချစ်တွေကြောင့် သိပ်ကိုမောပန်းနေပါပြီ၊ ခဏလောက်ဖြစ်ဖြစ် ချစ်သူအချစ်မျိုးနဲ့ ချစ်ကြည့်ပေးပါ"

"ရှင်..."

"ကျွန်တော့်ကို အချိန်လေးတစ်ချိန်ပဲ ပေးပါ၊ ဥပမာ ဒီညနေ ခင်းလေးဖြစ်ဖြစ်ပေါ့"

"အို..."





ကျွန်မတို့ နှစ်ယောက်ရပ်နေသည့် သစ်ပင်ရိပ်ကြီးက လှသူရှင်းကာ တိတ်ဆိတ်နေသည်။

အဖြူအစိမ်းဝတ်နှင့် ကျွန်မမှာ ရတ်တရက် အသိတရားတွေ ကင်းလွတ်သွားသည်ထိ အာရုံတွေပွင့်ထွက်သွားရသည်။

"ကျွန်တော် သိပ်မောပန်းနေပါပြီ သက်ငြိမ်"

"ဒီညနေခင်းလေးမှာ ကျွန်တော့်ကို သက်ငြိမ်ရဲ့ ချစ်သူအဖြစ်မျိုးနဲ့ ခဏလေးငှားလိုက်ပါ..."

"ကျွန်တော် ကျေနပ်ပါပြီ"

"မနက်ဖြန် ကျွန်တော့်ကို မေ့လိုက်မယ်ဆိုလဲ ကျွန်တော် ကျေနပ်စွာခံယူပေးမှာပါ"

"ဒါပေမဲ့...ကျွန်တော် သက်ငြိမ်ကို ချစ်နေဦးမှာ မျှော်လင့်နေဦးမှာလေ"

"အင်း...ဟင်"

ကျွန်မ တိုးတိတ်စွာ ညည်းတွားလိုက်မိပြီး သူ့လက်ထဲက သက်ကိုင်ပဝါလေးကို လှမ်းယူကာ သူ့မျက်နှာက ချွေးစက်တွေကို ကျွန်မကိုယ်တိုင်ပင် သုတ်ပေးလိုက်မိခဲ့ပြီဖြစ်သည်။

"ရှင်...ချွေးတိတ်လှည့်တော့လေ...နော်"

"သူက်..."

"အင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကို ချစ်ပြီလား၊ လက်ခံလိုက်ပြီလားဟင်"

သူက ကျွန်မ ချွေးသုတ်ပေးလိုက်တာကို မယုံကြည်

သလို မျက်ဝန်းတွေဖြင့် မရဲတရဲကြည့်စွာမေးလျက်ရှိသည်။

"ရှင်..အဲ့လောက် အ,ရလားဟင်"

ကျွန်မ မချင်မရဲညည်တွားမိတော့ သူက တောက်ပ

စိတ်ထက်သန် ပြင်းပြနေသည့် မျက်လုံးတွေဖြင့်...

"ခဏလားဟင်၊ ဒီညနေခင်းလေးကို ကျွန်တော်ကိုး

တယ်ပေါ့နော်"

ကျွန်မ တစ်ချက်ရယ်မိတော့သည်။

သေချာတာ ကျွန်မ ရင်ထဲက လှိုက်တက်လာသည့်အ

စိတ်တွေ ကရုဏာစိတ်တွေက ဘယ်လိုအင်အားနှင့် ဖြိုဖျက်

နိုင်တော့။

"ဖြေပါအုံးဗျာ...သက်"

"ရှင်ကို စောင့်ကြည့်ဦးမယ်လေ"

"ခုလောက်ဆို၊ ရှင် အမောပြေလောက်ပြီမဟုတ်လား"

"အင်း...ကျေးဇူးပါပဲဗျာ၊ ကျွန်တော့်အချစ်ကို ယုံကြည်

တဲ့အတွက် သက်ကို ကျွန်တော်ကျေးဇူးတင်ပါတယ်"

"ရှင် လက်ပဝါလေးယူလိုက်တော့လေ...နော်"

သူ့ကို ကျွန်မကျေကျေနပ်နပ် ပေးလိုက်တော့ သူ





တယုတယယူကာ ငြိမ်သက်ပြီး ကျွန်မကို မျက်တောင်ပင်မခတ်

ဘဲကြည့်သည်။

"ကျွန်တော် ယုံလိုက်တော့မယ်နော်၊ ဒီညနေခင်းလေးမှာ

သက်ကို ကျွန်တော်ချစ်သူ အဖြစ်နဲ့လေ"

"ဒီညနေခင်းပဲနော် မနက်ဖြန်မဆိုင်တော့ဘူး၊ ဟုတ်လား"

ကျွန်မ ရယ်ချင်စိတ်ကို မျိုသိပ်ကာ ပြောတော့ သူမျက်စိ

ပျက်၊ မျက်နှာပျက်ဖြင့် ခေါင်းညိတ်ပေးရှာသည်။

အိုကွယ်...

အဲ့ဒီလောက် ချစ်စရာကောင်းစွာ ဖြူစင်ရိုးသားတဲ့

ယောကျ်ားတစ်ယောက်မှာ အချစ်စစ်စစ်တွေ ဝှက်ထားရှိမှာပါ။

ကျွန်မ ယုံကြည်ပါရစေ...

ကျွန်မ ရှင့်ကို မငြင်းဆန်နိုင်တော့လောက်အောင် သိပ်ကို

မောပန်းနွမ်းလှနေတာပါ မိုးဇလရယ်။

ကျွန်မလည်း သိပ်မောပန်းခဲ့ဖူးတဲ့ မိန်းမသားတစ်ယောက်

ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ကျွန်မနှင့်သူ ချစ်သူတွေတရားဝင် မဟုတ်ကြသေးပေ မေမေ့အလစ်မှာ ချိန်းကြ၊ သွားသွားလာလာရှိကြသည် အဆင့် ရောက်တော့နေခဲ့လေပြီ။

သူနှင့် တပူးတွဲတွဲနေချိန်တွေမှာမှ သူကျွန်မအပေါ်တကယ် ချစ်ကြောင်း ကျွန်မပိုပြီး ယုံကြည်သထက်ယုံကြည်ခဲ့ရသည်

တစ်ချိန် သူ့ကို ကျွန်မမြတ်မြတ်နိုးနိုး "မောင်"လို့ခေါ် ပေါ့။ အဲလို ရည်ရွယ်ထားတာကို မောင်ကတော့ သိရှာဦး မထင်။

အပြစ်ကင်းစင်စွာ ရိုးသားဖြူစင်လွန်းသည့် ယောကျ်ား ယောက်၏မေတ္တာကို ကျွန်မ မငြင်းနိုင်တာ ကျွန်မအပြစ်မရှိ ထင်သည်။





ဒီရက်ပိုင်းအတွင်း မေမေ့မျက်နှာ မကြည်လင်တာ ကျွန်မ သတိထားမိသည်။

အမြဲလိုလို ကျွန်မကို ကလေးလေးတစ်ယောက်လို သွား လေရာတကောက်ကောက် ခေါ်သွားဖူးခဲ့သည့် မေမေတစ်ယောက် ခုရက်ပိုင်းအတွင်း ကျွန်မကသိအောင် လမ်းထဲဆင်းဆင်းသွား ဘတ်သည်။ ပြန်လာရင် မေမေ့မျက်နှာ သုန်မှုန်ကာ တည်တင်း မာကျောနေတတ်သည်။

ကြည့်ရတာ မေမေတစ်ခုခုဖြစ်နေတာ သေချာလေသည်။

"မေမေ"

"အင်း...ပြော"

"မေမေနေကောင်းရဲ့လားဟင်..."

"မေမေ ဘာဖြစ်နေလို့လဲဟင်"

"မေမေကြည့်ရတာ တစ်မျိုးပဲ၊ တစ်ခုခုကိုအလိုမကျပုံဘဲ၊ ဘာဖြစ်လို့လဲဟင်၊ ဘယ်သူက မေမေ့ကိုစိတ်ညစ်အောင် လုပ်နေ တာလဲ"

"အလုပ်ကိစ္စပါ သမီးရယ်၊ သမီး မသိချင်ပါနဲ့"

"မေမေ့မှာ စိတ်ညစ်စရာရှိရင် သမီးကိုပြောမှ သမီးက သိမှာလေ၊ သမီးနဲ့မေမေနှစ်ယောက်တည်းရှိတဲ့ဟာ"

ကျွန်မ မေမေနားခွေးခြေပု ပလတ်စတစ်လုလာထိုင်လေး



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူကာ ထိုင်လိုက်တော့ မေမေက ကျွန်မကိုသေသေချာချာစိုက်
ကြည့်ပြီး။

"သမီး မိုးဇလ ဆိုတဲ့သူငယ်ကိုသိတယ်မလား"

"ရှင်..."

ကျွန်မ အလန့်တကြားဖြစ်သွားဆဲ...

"အဲ့ဒီ ကောင်လေးရဲ့အမေပေါ့ မေမေ့ဆီက ငွေတစ်သိန်း ချေးတယ်၊ နှစ်လရှိပြီ ခုထက်ထိပြန်မပေးဘူး၊ ပြောတော့ပြီ တစ်လတည်းယူသုံးတာပါ၊ ဘာညာပေါ့ ၂၈တိုးလဲရက်စေ့တာ မကျော်စေရပါဘူးဆိုပြီး ယူသွားလိုက်တာ အခု နှစ်လရှိ တစ်လမှ အတိုးလာမပေးဘူး၊ မေမေတောင်းပြန်တော့ နေ့ ညရှေ့လုပ်နေတယ်"

ကျွန်မ မျက်လုံးတွေကို စုံမှိတ်ချလိုက်ရသည်ထိ အံ့ အထန့်စိုးရိမ်သွားရသည်။

မောင့်မေမေနဲ့ မေမေထိပ်တိုက်တွေ့ကြပြီပေါ့၊ ဘု ဘုရား အဆင်ပြေသွားပါစေ။ မေမေသူတို့အပေါ် အထင်မသေး စေနဲ့။

"ခု မေမေ ကြမ်းတော့ ဒင်းက ဘာပြောတယ်မှတ် အလွတ်ယူတာ၊ ဘာသက်သေမှမရှိဘူးတဲ့၊ ပြန်မပေးဘူးတဲ့ တိုင်ချင်ရာတိုင်တဲ့"





"ဟင်..အဲလိုထိတောင်..."

"ဟုတ်တယ်၊ အဲလိုထိကို ဖြစ်နေပြီ၊ လုံးဝကိုပြန်မပေးတော့ ဘူးလို့ပြောပြီးသွားပြီ။ မေမေတော်တော် သူ့ကို ဒေါသထွက်တယ်၊ အဲလို မျက်နှာပြောင်တိုက်လိမ်မယ်လို့ မေမေ မထင်ခဲ့တာ မေမေ့အမှား ဘယ့်နှယ့်ကွယ် ကိုယ့်သားလေး ပညာတတ်တစ် ယောက်ရဲ့ဂုဏ်သိက္ခာကိုမှမထောက်၊ ဒီမိန်းမလုပ်ချပစ်တယ်။"

"အဲ့ဒီ ကောင်လေးက သမီးကိုကြိုက်နေတာ မဟုတ်လား"

"ရှင်..."

လုံးဝမျှော်လင့်မထားသည့် စကားကြောင့် ကျွန်မနှလုံးသား တစ်ခုလုံး ခုန်ထွက်သွားမတတ် လန့်ဖျပ်သွားရသည်။

မေမေ့ကိုလည်း ကျွန်မပြူးကျယ်ဝိုင်းစက်လွန်းသည့် မျက်လုံးတွေဖြင့် အလန့်တကြားကြည့်မိတော့...

"ဟုတ်တယ်မဟုတ်လား"

"သမီး"

"ရှင်...ဟုတ်...ဟုတ်ပါတယ် မေမေ"

"ဒါပေမဲ့ သမီး ပြန်မကြိုက်ရသေးဘူးမဟုတ်လား"

"ဟုတ်ကဲ့"

ကျွန်မ ရင်တွေ တဒိတ်ဒိတ်ခုန်နေခဲ့တာ ကြောက်ခမန်း လိလိ မေမေ ကျွန်မစိတ်ကို သိနေသလိုလို ခံစားရတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကိုယ်စိတ် မလုံမလဲဖြစ်ရသည်။

"ကြိုက်စရာလဲ မလိုဘူးလေ၊ သိက္ခာမရှိတဲ့ မိန်းမတစ်ယောက်ရဲ့သားနဲ့ သမီးကြိုက်နေကြတယ် ဆိုရင်တောင် မေမေကိုယ့်ကိုယ်ကို သတ်သေပြလိုက်မယ်၊ သိလား"

"ဟင်...မေမေ..."

"ဒီပိုက်ဆံ ပြန်မပေးတော့ရင်လဲ သွားသေစမ်းပါစေ၊ မေမေလုံးဝဂရုမစိုက်ဘူး၊ သူ့တန်ဖိုးသူဖြတ်တာပဲပေါ့၊ ဒီမိန်းမအတွက် ရေစက်ချပေးလိုက်မယ်"

မေမေ မျက်လုံးတွေကို မေးကျဉ်းစွာ စိတ်ဆိုးစွာ နှုတ်ခမ်းတွေကို တင်းတင်းဖိကိုက်ထားသည်။

ဒီပြဿနာ ဘယ်လိုမှ မအေးနိုင်တော့။

သေချာတာ ဒီရန်စ အေးလိမ့်မည်မဟုတ်ပါ၊ မေမေကတော့ အတော့်ကိုစိတ်ဆိုး တေးမှတ်ထားလေပြီ။

ကျွန်မစိတ်ထဲ တွက်ဆထားသည့်အတိုင်း မေမေဘယ်လောက်ထိ မွှေနှောက်နိုင်ခဲ့သလဲဆိုတာ သိပ်မကြာခင် ကျွန်မသိခွင့်ရလိုက်လေသည်။

"သမီး မေမေ ဘယ်ကပြန်လာတာလဲ သိချင်လား၊ လာဒီနားလာထိုင်ပါဦး"

"ဘာလဲဟင် မေမေ၊ မေမေကြည့်ရတာ ဝမ်းသာလာပုံပဲ"





"ဒါပေါ့ မေမေ ခုမေမေတို့ ရှယ်ယာဝင်ထားတဲ့ ကုမ္ပဏီကနေလာတာ၊ အဲ့ဒီမှာ အလုပ်လုပ်နေတဲ့ မိုးဇလကို ငါးလစာခဖြတ်လိုက်ဖို့ကိစ္စသွားပြောလာခဲ့တာ"

"ရှင်...ဘယ်...ဘယ်လို မေမေ"

သေတော့မှာပဲ (မောင်တို့တော့ ဒုက္ခရောက်ပါပြီ)

ကျွန်မ ဣန္ဒြေမဆည်နိုင်လောက်အောင် တုန်တုန်ယင်ယင်းမိချိန်မှာ မေမေကပြုံးလျက်၊ မေမေ့အပြုံးက တစ်ခုခုကိုက်စားချေပြီးဟန်ဖြင့် အားရဝမ်းသာ အပြုံးမျိုးမို့ ကြောက်စရာကောင်းလှလေသည်။

မေမေ ကျေနပ်အားနေသည့်အပြုံးတစ်ခုကို နှုတ်ခမ်းမှာဲ့ခိုထားပြီးလျှင်။

"အဲလိုလုပ်မှ ကျေအေးနိုင်မှာလေ"

"ဘာလို့လဲဆိုတော့ သူ့အမေဟာ ညည်းအဖေယူသွားတဲ့မ်းမရဲ့အဒေါ်ဖြစ်နေလို့ပဲ"

"ဟင်"

ကျွန်မ တစ်ကိုယ်လုံးလဲပြိုကျသွားမတတ် အားစက်ခဲကျဉ်ာ ရင်ဘတ်ဆီမှ စူးစူးဝါးဝါးထိုးအောင့်နာကျင်လာတော့သည်။

"အဲ့ဒီ ကိစ္စတွေကို မေမေအစက မသိခဲ့ဘူး၊ နောက်မှင်းတို့သမိုင်းကို ပြန်လှန်လိုက်တာ။"



www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား...အိမ်မှာ အလုပ်လုပ်သွားတဲ့ကောင်မ က သူ့ညီမရဲ့သမီးအရင်း၊ သူ့ညီမက ဆင်းရဲတော့ပေနေတဲ့ လမ်းဘေးက ပန်းရန်သမားတစ်ယောက်ကို ယူလိုက်လို့ အားလုံး က ဆွေခန်းမျိုးခန်း ဖြတ်ထားကြတာ၊ အဲ့ဒီမှာ သမီးတစ်ယောက် မွေးတယ်၊ ဆင်းရဲတော့မကျွေးနိုင်ဘူး။"

"သူ သေခါနီးဆဲဆဲ မေမေတို့လက်ထဲ သူ့သမီးကို လာထည့်သွားတာလေ"

"အဲ့ဒါ အဲ့ဒီအိမ်ဖော်မရဲ့ အဒေါ်အရင်းခေါက်ခေါက်ပဲ"

ဘုရား...ဘုရား...

ကျွန်မ ကြောင်တောင်စွာ အသက်မဲ့သွားသည်အထိ အံ့အား သင့်သွားရလေပြီ။

လောကကြီးရယ်...

ဘာဖြစ်လို့ ဒီလောက်တောင် တိုက်ဆိုင်ရတာလဲကွယ်...

ဆိုးရွားလိုက်တဲ့ အဖြစ်...

ဖေဖေယူသွားတဲ့ မိန်းမက မောင့်မေမေရဲ့ တူမအရင်း လာဖြစ်နေရတယ်လို့ကွယ်။

ဒီလိုဆို ကျွန်မနဲ့ မောင်ကရော...။

ဟင့်အင်း...။

ဟင့်အင်းကွယ်...။





ကျွန်မ ဆက်မတွေးရဲတော့လောက်အောင် ထိတ် သန့်ချောက်ချားလာချိန်မှာ မေမေက သူသောက်ထားသည့် း‌ကရက်ကို ဆေးလိပ်ပြာခွက်ထဲ မထည့်ဘဲလက်ထဲမှာပင် ‌စိစိညက်ကြေမွအောင် ခြေမွပစ်လိုက်ကာ။

"အဲ့ဒီအတွက်၊ ဟောဒီလို စိစိညက်ညက် ကြေအောင်မေမေ သုပ်ပြလိုက်တာ။"

"လစာအဖြတ်မခံနိုင်ရင် လာလျော်၊ မလျော်နိုင်ရင် အလုပ်ထွက် အလုပ်မထွက်ရင်လဲသေ"

"ဟား...ဟား...ဟား...သေလိုက်ကြစမ်း၊ ဒီတစ်ချိမှ ကောင်းကောင်းလက်စားချေခွင့် လာကြုံတာ၊ ဒင်းက ဒင်းရဲ့ ‌ဇဝင်ကို ဖုံးကွယ်ထားတော့ မေမေဖလှယ်ပြီး မွေနှောက်ရတာ ပေါ့"

"ဒါ...ဒါပေမဲ့ မေမေ...။"

"ဖေဖေမိန်းမဟာ ဘယ်သူဆိုတာ သူတို့သိသွားကြရင်ရော ‌လိုဆို မေမေသိက္ခာကျအောင်..."

"တော်...အဲ့ဒီကိစ္စ မေမေလုံးဝဂရုမစိုက်ဘူး၊ ခုမေမေ့လိုချင် ‌ာ ငွေ၊ ငွေထက်ကို သူတို့ကျဆင်းဆုံးရှုံးသွားရမယ့် သိက္ခာပဲ၊ ‌ည်းအဖေအတွက် သိက္ခာတွေ အရှက်တွေကုန်းကောက်စရာမရှိ ‌အောင် ကျခဲ့ပြီးပြီ၊ ဒီတစ်ကြိမ် ဘာမှမကျန်တော့ဘူး၊ သူ‌ ‌ရှုပ်လဲ၊



www.burmeseclassic.com

www.burmeseclassic.com



လဲသေဖို့ပဲပြောလိုက်မယ်"

"ဒီမိန်းမ အိမ်ပေါ်တက်လာရဲရင် လာကြည့်လေ မေမေ့ဘက်က တစ်ခွန်းတည်းပြောစရာရှိတယ်"

"နင်တို့ သားအမိလဲသေဖို့ကောင်းပြီလို့"

မောင်ရယ်...

ကျွန်မတို့တော့ ဒုက္ခရောက်ကြတော့မယ်...

ကျွန်မ စိတ်ထိခိုက်လွန်းစွာ ရင်ထဲက မချင့်မရဲ ရေရွတ်လိုက်မိချိန်မှာ မျက်ရည်ကျချင်ခဲ့ပြီ။

ဖေဖေနဲ့ ပတ်သက်ပြီး နဂိုကတည်းက နာကြည်းငြိုးမျက်နေသည့် မေမေ့ဘက်ကတော့ ဘယ်တော့မှ လျှော့လိုက်မည်မဟုတ်တာ သေချာလှလေသည်။

* * *



# အလယ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပေးချင်တဲ့ ဒဏ္ဍာရီအနမ်း
ကျွန်တော့်ရင်ထဲမှာ သူမကို ပေးချင်တဲ့အနမ်းတွေက
အများကြီးပဲဗျာ ဒီအနမ်းတွေက ဒဏ္ဍာရီအနမ်းတွေ
ဖြစ်သွားနိုင်တဲ့အထိ ဂန္ထဝင်မြောက်နိုင်သည်ဆိုပါစို့။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ကျွန်မဘဝတစ်ခုလုံးမှာ မုန်တိုင်းအထန်ဆုံး အချိန်နှစ်ချိန်ကို ကြုံခဲ့ရလေပြီ။ တစ်ချိန်ကဖေဖေ နောက်မိန်းမယူသွားတဲ့အချိန် နောက်တစ်ချိန်က မောင်နှင့်ကျွန်မ အလိုလို ပြတ်စဲခွဲခွာလိုက်ရသည့်ချိန်တွေပဲဖြစ်သည်။

ဒီနေ့တော့ ကျွန်မဘယ်လိုမှမလွဲနိုင် မရှောင်နိုင်စွာကျောင်းတစ်ရက်ဖျက်လိုက်ကာ အိမ်ထဲအောင်းနေခဲ့မိသည်။

အချိန်တန်တော့ မေမေလည်း အလုပ်ကိစ္စတွေနှင့် အပြင်ထွက်သွားသည်။ ထိုအခါ ကျွန်မ သူ့ကုမ္ပဏီကိုဖုန်းဆက်ပြီး ချိန်းလိုက်ရသည်။။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မထင်ထားသည့်ဖုန်းတစ်ခုကို သူလက်ခံလိုက်ရသည့်အတွက် သူ့အသံက ချိုမြကာ တက်ကြွနေသည်။

"ဟုတ်လားဟင်... ကျွန်တော် ရုံးရှေ့က car parking မှာစောင့်နေရမယ်၊ 'ဟုတ်လား သက်ငြိမ်"

"အင်း"

"ကျွန်မ နာရီဝက်မကျော်ဘူး၊ ရောက်မယ်"

"အင်းပါ အင်းပါကွာ၊ ကျွန်တော်ပျော်လိုက်တာ သက်ငြိမ်ရယ်"

သူမှာ ဘာမှမသိသေးသောသူမို့ အသံတွေတုန်ယင်သွားသည်ထိ အပျော်လွန်စွာ ကြည်နူးနေရှာသည်။

သူ၏ ရိုးသားဖြူစင်သောအချစ်ကို ကျွန်မ ယုံကြည်သည်။

သူ ကျွန်မကို တကယ်ချစ်နေမှန်းလည်း ကျွန်မအံ့ဩလောက်အောင် နားလည်ခံစားရပါသည်။

အချစ်ဆိုတာကို ကျော့ခိုင်းဥပေက္ခာပြုထားခဲ့သည့် မိန်းမလေးတစ်ယောက်ကို ထိုအချစ်ကပဲဖြားယောင်းညို့ငင်ပြီး နှလုံးသားဆီသို့ သိမ်မွေ့နက်နဲစွာ စီးဝင်လာခဲ့ပြီးမှ...

အိုကွယ်...

'မောင်





ကျွန်မတို့ ကုသိုလ်က ချစ်သူဖြစ်ဖို့တောင် မထိုက်တန်တာပါ။

ကျွန်မ သိပ်သောက ရောက်နေပြီ။

သိပ်မောပန်းနေရပြီ မောင်ရယ်။

စိတ်ညစ်ရလွန်းလို့ ကျွန်မနှလုံးသားတွေ ဝုန်းဒိုင်းကြဲပြီး ခုန်ပေါက်ရုန်းကြွနေတာ။

အဲ့ဒါ မောင့်ကို ပြောရမယ့်စကားတစ်ခွန်းအတွက် သိပ်ခက်ခဲနေလို့ပါ။

ကျွန်မ စိတ်ကိုမနည်းတင်းကာ သူရပ်စောင့်နေသည့် ကားပတ်ကင်ရှေ့ ကားထိုးရပ်လိုက်တာနှင့်။

"သက်ငြိမ်"

သူ ဖျတ်ခနဲ ကျွန်မကားပြတင်းပေါက်နားအပြေးရောက်လာသည်။

ကြည့်စမ်း၊

ဖွေးဆွတ်တောက်ကြွရှနေသည့် ရှပ်အင်္ကျီ အဖြူဆွတ်ဆွတ် လက်ရှည်ကို ခေါက်ဝတ်ထားကာ နက်ပြာရင့်ရင့်ဘောင်းဘီရှည် ခပ်ပွပွကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည့် သူ့ပုံစံက ကုမ္ပဏီ ဝတ်စုံပေမဲ့ အရမ်းကိုကြည့်ကောင်းနေသည်။

ပြီးတော့ တောက်ပလက်ဖြာသည့် အပြုံးတစ်ခုနှင့် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကိုညှို့လျက်၊

ကျွန်မ ဘယ်လိုခွဲရမလဲ မောင်ရယ်။

ကျွန်မ ခုလာတာ လမ်းခွဲစကားပြောဖို့ပါ။

သေတော့မှာပဲ၊

ကျွန်မ ငိုမိတော့မယ် ထင်တယ်ကွယ်။

"သက်ငြိမ်"

"ဩော်...အင်း...လာ...တက်လေ"

"အင်း..."

သူက ဖျက်ခနဲ ကားဘောနက်ပေါ်ကနေ ခုန်ကျော်လိုက်ကာ လေပင်ချွန်လိုက်သေးသည်။

ကျွန်မရိုန်လို့ သိပ်ပျော်နေရှာတာထင်ပါရဲ့။

ကျွန်မ တို့ကို ကားပေါ်ခေါ်တင်လာပြီး လူရှင်းသည့်ခရေပင်လမ်းဘက် မောင်းလာခဲ့သည်။

ခရေပင်လမ်းက အမြဲလူသူတိတ်ဆိတ်ကာ ခရေပင်ကြီးတွေနှင့် အုပ်မှိုင်းကာ တကယ့်ကို လွမ်းမောဖွယ်ရာ လမ်းကလေးလည်းဖြစ်သည်။

"သက်ငြိမ်...ကျွန်တော် အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော်။"

"သိပ်အရေးကြီးလို့ပါ"





"ဘာလဲဟင်၊ ကျွန်တော့်ကိုအဖြေပေးတော့မှာလား။"

"မဟုတ်ပါဘူးကွယ်"

"ဟင်...သက်ငြိမ်မျက်နှာ အရမ်းညှိုးနေတာပဲ၊ ကြည့်စမ်းနော် ခုမှသတိထားမိတယ်၊ ကျွန်တော်က သက်ငြိမ်ချိန်းလိုရမ်းပျော်လာတာ အရူးလိုပဲ၊ တောင်းပန်ပါတယ်၊ သက်ငြိမ်ာ်ညစ်နေတာမသိလို့ပါ"

ကျွန်မ သစ်ပင်ရိပ်ကြီးတစ်ခုအောက်မှာ ကားထိုးရပ်လိုက်ချိန်မှာ လူကလည်း အသက်ကင်းမဲ့စွာ ငြိမ်ကျသွားခဲ့သည်။

"သက်"

"သက်ငြိမ်"

"ကျွန်တော် ရင်ထိတ်လာပြီ၊ ဘာလဲဟင် ကျွန်တော်ကိုက်ငြိမ် ဘာပြောချင်နေတာလဲဟင်"

ဘယ်လို ပြောထွက်ပါ့မလဲ မောင်ရယ်။

ကျွန်မတို့ ဒီနေ့ လမ်းခွဲရမဲ့နေ့။

လမ်းခွဲစကားပြောရမယ့် မိန်းမတစ်ယောက်က သိပ်ကိုသတ္တိနည်းနေတာ။

"ပြောပါဗျာ၊ သက်ငြိမ် ဘာမှမပြောဘဲ နေရင် ကျွန်တော်ပိုအနေရခက်တော့မှာ"

ဒီချိန်ထိ ကျွန်မ ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာ



www.burmeseclassic.com

www.burmeseclassic.com



အရုပ်ကြိုးပြတ်၊ အသက်ကင်းမဲ့နေသလို။

"ဒီလောက်ထိ သက်ငြိမ်စိတ်ထိခိုက်နေမှာတော့ ကျွန်တော် အတွက် ဝမ်းသာစရာစကား ဘယ်လိုမှ မဖြစ်နိုင်တော့ဘူးဆိုတာ ကျွန်တော် နားလည်ပါပြီ၊ သက်"

"ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ကိုပြောကြပါ ခံစားပါရစေ"

ထိုစကားတစ်ခွန်းက ကျွန်မနှလုံးသားကို ဆွဲခါပစ်လိုက် သလို နင့်ခနဲနာကျင်သွားရလေသည်။

"ပြောရမှာပေါ့"

"ရှင့်ကိုပြောပြဖို့ ကျွန်မထွက်လာတာပဲ"

"သက်ရယ် မျက်နှာလေးကို ချက်ချင်းချောင်ကျသွား အထိ တော်တော်ခံစားနေခဲ့ရတာကို ကျွန်တော် မပျော်သင့်ဘူ ဘာမှန်းညာမှန်းမသိဘဲ ဝမ်းမသာသင့်ဘူး၊ ခု သက်သိပ်စိတ်ညစ် နေတယ်..."

"ဖြစ်နိုင်ရင် ကျွန်တော့်ပခုံးမှာ မှီပြီးပြောပြပါလားဟင်"

"ကျွန်တော် ဘာမှအခွင့်အရေးမှ မယူပါဘူးလို့ ကတိပေး ပါတယ်"

"ရှင် ကတိတည်မယ်ဆိုရင် ကျွန်မ ရှင့်ပခုံးကို ခဏငှ လိုက်မယ်၊ ကျွန်မသိပ်မောပန်းနေလို့ပါ"





"သက်ရယ်"

သူမကြည့်ရတာ တကယ်ကို ကူကယ်ရာမဲ့ အထီးကျန် အားငယ်နေဟန်လေး။

ဘာဖြစ်လို့များ သူမ ဒီလောက်ထိ စိတ်ထိခိုက်နေရတာ ပါလိမ့်။

ကျွန်တော့်မှာတော့ သူမကုမ္ပဏီကို ဖုန်းဆက်တဲ့အချိန် ချိန်းတဲ့အချိန် အပျော်လွန်ပြီး လေထဲလွင့်မျောသွားမတတ်ခံစား မြူးတူးနေရတာ။

ခုတော့...

သူမတကယ်ကို စိတ်ထိခိုက်လာရှာတာ။

ဘယ်လောက်ထိလဲဆိုရင် ကျွန်တော်ပခုံးမှာ သူမ မျက်နှာ လေးကို မှောက်ချပြီး မှီတွယ်လိုက်တဲ့ထိလေ။

"နားပါ သက်၊ ခဏလေးဖြစ်ဖြစ် နားလိုက်ပါ၊ နောက်ဆုံး ကျွန်တော့်ပခုံးမှာ စက္ကန့်ပိုင်းတော့နားခိုခဲ့ရင်တောင် ကျွန်တော် တစ်သက်လုံးအတွက် ကျေနပ်နေမှာပါ"

"ကျေးဇူးတင်ပါတယ်"

သက်ငြိမ်ရယ်၊ ကျွန်တော်သိပ်ချစ်တာပဲဗျာဟု သူမခေါင်း လေးကို ပွတ်သပ်ယုယဖို့လက်ကလေး မြောက်တက်သွားပြီးမှ ပြန်ချလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး...

ကျွန်တော် ကတိပေးထားပြီးပြီပဲ...

ကိုယ်ချစ်ရတဲ့ မိန်းကလေးတစ်ယောက် ကိုယ့်ပခုံးမှာ မှေး စက်နားခိုနေတဲ့ချိန်မှာ ဘယ်လောက်စိတ်လှုပ်ရှား ရင်ခုန်ဖို့ ကောင်းလိုက်သလဲဗျာ။

တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထတဲ့ထိ ရင်ထဲပူမွေး လှုပ်ရှားနေရတဲ့အဖြစ်။

"ရှင်၊ ကျွန်မကို သိပ်ချစ်တာပဲလားဟင်"

သူမ စကားကြောင့် ကျွန်တော့်နှုတ်ခမ်းတွေ ပွင့်ဟသွား မတတ် အံ့အားသင့်သွားရပြီးလျှင်။

"သိပ်ချစ်တာပေါ့ဗျာ၊ ကျွန်တော့်ဘဝ ကျွန်တော့်အသက် ကျွန်တော့်အနာဂတ်ကို စတေးရဲတဲ့ထိ ချစ်တယ်"

"ဒါဖြင့် ကျွန်မ ယုံလိုက်ပြီ"

"ရှင် ကျွန်မကိုချစ်ရင်၊ ကျွန်မစကားနားထောင်ရမယ်နော်"

"ပြောပါ သက်ငြိမ် ကျွန်တော်နားထောင်နေပါတယ်"

"ကျွန်မတို့...ကျွန်မတို့"

ဖြုန်းဆို ကျွန်တော့်ပခုံးထက်ကနေ ခေါင်းကိုမတ်ကာ ကျွန်တော့်မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ပြီးလျှင်...

"ဘယ်တော့မှ ချစ်သူတွေ မဖြစ်နိုင်တော့ဘူး။"





"ဗျာ..."

"အဲ့ဒီအတွက် ကျွန်မလဲ ရှင့်ကို မေ့ပစ်လိုက်တော့မှာလေ၊ ရှင်လဲ ကျွန်မကိုမေ့ပစ်လိုက်ပါ"

"ဟင်"

ကျွန်တော် ဦးခေါင်းတစ်ခုလုံး ချာချာလည်တာ နှလုံးသွေး ကြောတွေ ဖြုန်းခနဲရပ်တန့်သွားသလို ခံစားလိုက်ရသည်။

တော်တော်ကြီးကြာလေမှ တဒုန်းဒုန်းဆူသံ မြည်ဟည်းလာ သည့် ရင်ခုန်သံတွေကို တတ်နိုင်သမျှ ထိန်းချုပ်ပြီးလျှင်။

"ဘာ ဘာဖြစ်လို့လဲဟင် သက်ငြိမ်၊ ကျွန်တော့် မှာဘာအမှား လုပ်ခဲ့မိလို့လဲ၊ ကျွန်တော်တို့ ဒီအတိုင်း လမ်း ခွဲကြရမယ်၊ မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် သက်ငြိမ်ကို ဘယ်လို လုပ်မေ့ပစ်လို့ ရမှာလဲ၊ ကျွန်တော် ဘာကိုမှ နားမလည် နိုင်တော့ဘူး"

"ကျွန်မ ပြောတာ ရှင်လက်ခံပေးပါ၊ မိုးဇလ ရှင်လက် မခံလို့မရအောင် အဖြစ်အပျက်တွေက တိတိကျကျဖြစ်သွားပြီလေ"

"ဘယ်လို"

"အဲဒါကတော့ ကျွန်မအဖေရဲ့ နှောင်အိမ်ထောင်က ရှင့် အမေရဲ့တူမ အရင်းဖြစ်နေလို့ပဲ၊ ပြီးတော့ သူက ကျွန်မတို့အိမ် မှာ အိမ်ဖော်လုပ်သွားခဲ့ဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

ကျွန်တော့် တစ်ကိုယ်လုံး အကာအကွယ်မဲ့လွန်းသည့် ဟင်းလင်းပြင် တစ်နေရာသို့ လွင့်မျောပါသွားသလို ပြီးတော့ အရာတစ်ခုနှင့် အရှိန်ပြင်းပြင်း ဒုန်းခနဲဝင်ဆောင့်မိတော့သည်။

* * *



"လွန်ခဲ့သောဆယ့်တစ်နှစ်ခန့်ကာလဆီက"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ချစ်ပုံ"

သူမကိုမေမေက ဒယိမ်းဒယိုင်ခြေလှမ်းတွေနှင့်အတင်းဆွဲခေါ်လာသည့်နေ့က မိုးတွေသည်းသည်းထန်ထန်ရွာသွန်းနေသည့် နေ့တစ်နေ့ပင်။

လောကကြီး တစ်ခုလုံး မှောင်မည်းညို့မှိုင်းနေတာ ကြောက်မက်ဖွယ်လိလိ…

"မြန်မြန်လျှောက်ပါသမီးရယ်၊ ရှေ့ကခြံဆိုရောက်ပါပြီ လာပါကွယ်၊ မြန်မြန်"

"မေမေကလဲ၊ သမီးလဲလျှောက်နေတာပဲဟာ၊ မိုးကအရမ်းရွာနေတော့ လျှောက်ရခက်နေတာယ်။ သမီးတို့ယူလာတဲ့ ထီးကလဲ ထီးရွက်တွေ ဖွာဆန်ကြဲပြီး ပေါက်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"နေ၊ နေ ထီးကစုတ်နေတာကို၊ အဟွတ် ဟွတ် ဟွတ် အဲ့ဒီထီးစုတ်ကြီးလွှတ်ပစ်လိုက် မေမေတို့ ဒီအတိုင်းလျှောက်ကြတာပေါ့။"

"အို ဘယ်ဖြစ်မလဲ မေမေက ချောင်းအရမ်းဆိုးနေတာ အအေးမိလို့ ဘယ်ဖြစ်မလဲ ထီးစုတ်ပေမဲ့ နဲနဲတော့လုံပါသေးတယ် မေမေရယ်။"

သူတို့ သားအမိနှစ်ယောက် မိုးသည်းထဲမှာ ထီးရွက်တွေ ဖွာရာကြဲကာလန်တက်နေသည့် ထီးစုတ်တစ်ချောင်းကို ဟိုလူထိုးပေး၊ ဒီလူထိုးပေးရင်း တစ်ယောက်ကိုတစ်ယောက် ညှာနေကြသည်။

သိပ်မကြာခင် သူမအလုပ်လုပ်ရမည့် အိမ်ကြီးဆီရောက်တော့ ပြီးလျှင် မေမေက ကျွန်မကိုထားခဲ့ကာ ပြန်သွားတော့သည်။

ဘယ်လောက် ဝမ်းနည်းစရာကောင်းလိုက်သလဲ။

ကံဆိုးမသွားလေရာ မိုးလိုက်လို့ရွာ ဆိုတာမျိုးလားမသိ ဒီနေ့ကျမှ မိုးကအရမ်းသည်းလွန်းနေသည်။

မေမေမှာ ခပ်နွမ်းနွမ်းအဝတ်အစားတွေနှင့်မို့ မိုးရေတွေစိုရွှဲကာ ပြရီမတတ်စုတ်ပြတ်နွမ်းနယ်နေရှာသည်။

ပြီးတော့လည်း တစ်လမ်းလုံးချောင်းက တဟွတ်ဟွတ်ဆိုးလာလို့ လူချမ်းသာရပ်ကွက်ထဲ လျှောက်လာရတာ ကိုယ့်ကိုယ်ကို





သိမ်ငယ်နေသလို။

"မေမေက ဆိုက်ကားငှားပါဆိုတော့လဲ မငှားဘူး၊ ခုမေမေ အရမ်းရွှဲနေပြီ လမ်းရောလျှောက်လို့ရသေးရဲ့လား မေမေရယ်၊ မေမေ့ကြည့်ရတာ အရမ်းမောနေပုံပဲ။"

"မေမေ့ကို ဘာမှစိတ်မပူနဲ့ အရေးကြီးတာ သူဌေးတို့ သင်မယားဆီရောက်ဖို့ပဲ ဆိုက်ကားငှားဖို့ကို ပိုက်ဆံမပါလာတာ"

"အဲ့ဒီကိုရောက်ပြီးတာနဲ့ မေမေက သမီးကိုထားခဲ့တော့မှာလားဟင်"

"သမီးရယ်"

ပြိုင်တူလိုလို မေမေနဲ့သူမ မျက်ဝန်းအိမ်ထဲမျက်ရည်တွေ ပြည့်လာကြသည်။ မေမေကချက်ချင်းပင် မျက်ရည်တွေကိုသိမ်းချက်။

"မငိုနဲ့လေ သမီးရယ်၊ သမီးကို အဲ့ဒီမှာ ထားရတာကလဲ့ သမီးဖေဖေမဆုံးခင် သွေးသေချာချာမှာသွားလို့ရယ် ပြီးတော့ မေမေ့မှာလဲ ရောဂါတွေက ဖောက်ဖောက်နေတော့ သမီးကို ကျောင်းလဲမထားနိုင်၊ ဝအောင်လဲမကျွေးနိုင်၊ လှအောင်လဲမဆင်နိုင်နဲ့ဖြစ်နေရတယ်မလားနဲ့၊ အမေက အသက်ကြီးပြီ ဘယ်နေ့သေမလဲဆိုတာဘဲစောင့်နေရတာ"

"အမေ့သမီး၊ မိန်းမချောလေး အမေသေသွားရင် ဘယ်သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



နေမလဲ၊ အမေ ဘယ်လိုအသေဖြောင့်မှာလဲ၊ သမီးအဖေ အလုပ်လုပ်ခဲ့တဲ့ သူဌေးလင်မယားနဲ့ပဲ၊ အမေတို့ စိတ်ချနိုင်မှာလေ ဟိုမှာလဲ သမီးလေး တစ်ယောက်ရှိတယ်၊ သမီးထက်တော့ ဆယ်နှစ်လောက်ငယ်မယ်၊ မိန်းမချင်းလည်းအဖော်ရ၊ သူတို့လဲ လူလိုနေတာမလားကွယ်၊ ကူဖော်လောင်ဖက်လေးပေါ့၊ အမေ မကြာမကြာ လာကြည့်ပါ့မယ်"

"အမေရယ် လူဖော်လောင်ဖက်ဆိုတာ စကားလှအောင် သုံးတာပါ၊ အိမ်ဖော်ဟာ အိမ်ဖော်ပါပဲ"

သူမ ရင်ထဲမှာဆို့နင့်ဝမ်းနည်းစွာ ပြောလိုက်ပြီးမှ မေမေ့ကို သနားသွားကာ မေမေ့မျက်ရည်တွေကို ခပ်မြန်မြန်သုတ်ပေးလိုက်ရသည်။

"အလကား သမီးလျှောက်ပြောနေတာ မေမေထားတဲ့ နေရာသမီးနေမှာပေါ့၊ သမီးက အမေ့သမီးပဲဟာနော်"

"လိမ္မာလိုက်တဲ့သမီးရယ်၊ အဟွတ် ဟွတ် ဟွတ်"

သားအမိနှစ်ယောက်စလုံး မိုးသည်းသည်းအောက်မှာ ရစရာ မရှိအောင် အေးစက်စိုရွှဲနေကြပြီ၊ မထိန်းနိုင် မသိမ်းနိုင် မျက်ရည်တွေလည်း စိုရွှဲနေကြပြီ။

"လာ မေမေ ဖြည်းဖြည်းလျှောက် သမီးကို သေချာ ကိုင်ထား"





"ဟော ရောက်ပြီ၊ အဲ့ဒီခြံ အဲ့ဒီခြံပဲ "

"လူရိပ်တောင် မမြင်ဘူး မေမေ"

"ခေါင်းလောင်းလေးတီးလိုက်လေ"

"မကြားကြဘူးထင်တယ် သမီးလဲတီးနေတာပဲ"

"ဆက်တီးကြည့်ပါဦး၊ ထွက်တော့လာကြမှာပါ"

သူမမှာ ခြံထဲက လူတစ်ယောက်ထွက်လာဖို့ မြေဖျားလေး ထောက်ကာ အာရုံစိုက်သွားဆဲ။

"သ...မီး"

"ဟင်...အမေ"

"အမေ"

သူမဆီ လက်လှမ်းရင်း ဒူးများညွတ်ခွေပြိုကျလာသည့် မေမေ့ကို သူမအစွမ်းကုန်အော်ဟစ်ပြီး ဆီးပွေ့လိုက်ချိန်မှာ မေမေ သတိမေ့လဲနေခဲ့ပြီဖြစ်သည်။

"ဟင်...မေမေ ကယ်ကြပါဦး...ကယ်ကြပါဦး...ရှင်..."

သူမ မိုးသံကိုထွင်းဖောက်လုမတတ် အကျယ်ကြီး အထိတ်တလန့်အော်ဟစ်လိုက်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဘုရား...ဘုရား ငါတို့ခြံထိပ်မှာမှ လာဆုံးရတယ် သွား...သွား ရေခဲတိုက်ကို မြန်မြန်ခေါ်သွားကြတော့"

"ရှင်...ကျွန်မ ...ကျွန်မအမေကို ဖက်ထားပါရစေ ကြိုးကြီးရယ်၊ ခဏလေးပါ မေမေ မသေနိုင်သေးပါဘူး၊ မေ သတိလစ်သွားတာနေမှာပါ၊ မကြာခင် သတိပြန်ရလာမှာ မလုပ်ကြပါနဲ့၊ ခေါ်မသွားကြပါနဲ့"

သူမ လည်ချောင်းကွဲမတက်အော်ဟစ်တားမြစ်လိုက်သံ မိုးသံကို ထွင်းဖောက်ကာ ပဲ့တင်ထပ်သွားခဲ့သည်။

သို့သော် မျက်ဖြူလန်ကာ အပြီးတိုင်လောကကြီး ထွက်ခွာသွားပြီဖြစ်သည့် မေမေကို အားလုံးက ရေခဲတိုက်ကို သယ်ယူသွားခဲ့ကြပြီ။





"အမေ"

"အမေ"

သူမ ဘယ်လိုပဲ ပြေးလိုက်ပြေးလိုက်မမီတော့၊ ကံဆိုးလိုက်တာမေမေ့ခမျာ သူမကို ဒီအိမ်ရှေ့အထိရောက်အောင် ပို့ပေးသွားခဲ့တာ ဒီကိုရောက်ဖို့ မေမေဘယ်လောက်ထိ အားတင်းလာခဲ့ရသည်မသိ။

သူမကို စိတ်ချရသည်လောက်မှ အားလျှော့ချလိုက်ဟန်တူသည်။ ဖြစ်ရလေ မေမေရယ်၊ ဖြစ်မှဖြစ်ရလေ သမီးရင်ကွဲရပါပြီ သမီးကိုပါ ခေါ်သွားပါတော့လား။

ခုဆို သမီးကို မေမေကအရင်ခွဲခွာသွားတယ် ပြီးတော့ မေမေသမီးရှေ့လျှောက်အနာဂတ်ကို ဘယ်လိုအင်အား၊ ဘယ်လိုခွန်အားတွေနဲ့လျှောက်ရမလဲ မေမေရယ်။

သူမ ရူးသွားချင်သည် တကယ့်ကိုသွက်သွက်လည်အောင် ရူးချင်ပေမဲ့ သူမမရူးခဲ့ ခန္ဓာကိုယ်တစ်ခုလုံး ပျက်သုဉ်းကြေမွသွားသည်ထိ စိတ်ထိခိုက်စွာ ခံစားနေရခြင်း။

"ကဲ...ကဲ...ငိုမနေနဲ့...ငိုမနေနဲ့တော့၊ ညည်းအလုပ်လာလုပ်တာမဟုတ်လား၊ အိမ်ထဲဝင်တော့ ညည်းအမေက ညည်းကို ဒီခြံရှေ့ အရောက်ပို့ပေးပြီးမှ စိတ်ချလက်ချအသက်ထွက်သွားရှာတာ သူ့အသေဖြောင့်ပါစေတော့"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးကတော်က သူမကို ငေါက်ချင်သလိုလို၊ စိတ်မရှည်တော့သလိုလို ဖျောင်းဖျနှစ်သိမ့်ချင်သလိုလိုဖြင့် ပြောတော့ သူမရှိုက်သံတွေနှင့်သာ ရင်ကွဲစွာ မေမေ့ကိုအပြီးနှုတ်ဆက်လိုက်ရသည်။

သူမ တစ်ကြိမ်ဖူးမျှ မရောက်ဖူးသည့် အိမ်ကြီးပေါ်… အလျင်ကဖေဖေ ဒီအိမ်ကြီးတိုက်ဆောက်စဉ်က ပန်းရန်လုပ်ဖူးသည်။ မေမေက အဝတ်လျှော်ဖူးသည် သူမတစ်ကြိမ်မျှမရောက်ဖူးခဲ့။

ခု မိဘတွေ အလုပ်လုပ်စေချင်ခဲ့သည့်အိမ်ကြီးကို သူမရောက်လာရပြီ၊ မေမေကတော့ စိတ်ချစွာ သူမကိုအသက်နှင့်ရင်းကာ အပြီးထားသွားခဲ့လေပြီ။

ဘုရားရေ

ဒီမိသားစု သူမအပေါ် သနားကြင်နာမှုနှင့်လားကိုယ်ချင်း… ကြင်နာစိတ်နှင့်လား အကြင်နာမဲ့ညှာတာမဲ့စိတ်နှင့်လား ဘယ်လို… ဆက်ဆံကြမှာလဲ။

သေချာတာကတော့ သူမ ရင်ထဲမိုးရိပ်ထိတ်လန့်စိတ်တွေ… နှင့် ရင်ထဲတင်းကျပ်ဆို့နင့်ကာ လက်နှစ်ဖက်ကို ခပ်တင်းတင်း ပိုက်ထားမိသည်။

ထိုလက်တွေဆီမှ နွေးထွေးမှု အင်အားတစ်မျိုးကို အဓော်…





…သင့်တော့ ရယူနိုင်ခဲ့သည်။

တစ်အိမ်လုံး ပစ္စည်းတွေက အဖိုးတန်တွေချည်း တိတ်ဆိတ်… …တာကလဲ ကြောက်ခမန်းလိလိ။

"အရင်ဆုံး ညည်းအဝတ်အစားတွေစိုနေတာ အရင်လဲ… …မှ တို့မိသားစုကို မိတ်ဆက်ပေးမယ်၊ လောလောဆယ် …သမီးနဲ့ တို့ယောကျ်ား စားပွဲတစ်ခုရောက်နေကြတယ်"

"ဟုတ်"

"တစ်ယောက်က သူနေရမဲ့အခန်းလိုက်ပြပေး၊ ပြီးရင် …တ်အစားလဲခိုင်းထား"

"ဟုတ်ကဲ့...မမ"

သူမကို အိမ်ဖေါ်အမျိုးသမီးကြီးတစ်ယောက်က အခန်းလေး …စ်ခုကို ဦးဆောင်ခေါ်သွားသည်။

"…ါ နင်နေရမယ့်အခန်းပဲ၊ မနက်ဖြန်ကြမှ ငါနဲ့ဝိုင်းလုပ်ရမယ့် …လုပ်တွေ ပြပေးမယ်"

"အင်း"

"နင့်အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်နှစ်"

"အင်း"

အမျိုးသမီးကြီးက စူးစူးရှရှကြည့်သည်မှာ သူမပင်ကြောက်…



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ကြည့်ရတာ သူမကို အရမ်းခိုင်းမယ့်ပုံမျိုးကြီးဖ

သူမ ထင်မြင်ယူဆကာ မမှားနိုင်မှန်း သူမကြာ

သိလိုက်ရလေသည်။

"နင်က မိန်းမချောပဲ၊ ဒါပေမဲ့ နင်ဒီကိုအလုပ်လာလုပ်တ

ဆိုကတည်းက အိမ်ဖေါ်ပဲနော်၊ ငါက နင့်ထက်အများကြီး

တယ်၊ ဒေါ်ဒေါ်လို့ခေါ် ကြားလား"

"အင်း"

"နင့်အမေကလဲ ကြံကြံဖန်ဖန်သူဌေးခြံရှေ့ရောက်

သေရတယ်လို့ ဒီခြံဘယ်လိုလုပ် ကျက်သရေရှိတော့မလဲ၊ အံ

ဒီလောက်တောင်ပဲတိုက်ဆိုင်ရတယ်လို့"

သူမ အဝတ်အစားစိုတွေလဲနေရင်းမှ နင့်ခနဲရင်

ကျဉ်တက်သွားရကာ မျက်ရည်တွေ လိမ့်ဆင်းကျလာပြန်

သည်။

* * *





## အခန်း (၄)

သူမအမေ သေဆုံးမှုအတွက် သူမကြာကြာဝမ်းနည်းဖို့
အချိန်မရနိုင်လောက်အောင် ထိုအိမ်ကြီးမှာ အလုပ်များခဲ့လေသည်။

သူဌေးက ခပ်အေးအေးနေတတ်ကာ လိုအပ်မှသာ သူမကို
သုံးခိုင်းသလို စကားပြောသည်။ အနေတည် ခန့်ခန့်ညားညားနှင့်
ရုပ်ရည်သန့်ပြန့်သော သူဌေးက အတော်ချောပါသည်။

သူဌေး၏သမီးကလေးက ဆယ့်နှစ်ဝန်းကျင်သာသာလေး
ပြီး စကတ်ဖားဖားလေးနှင့်ကျောင်းတက် ကျောင်းပြန်ကျူရှင်သွား
အဖတ် တီဗွီကြည့်စသည့်အလုပ်တွေနှင့်သာ လုံးထွေးနေသည်။

သူမအပေါ် ဆက်ဆံရေးလည်းမဆိုးရှာပါ။

"မပုံ၊ သမီးကို ဒီစကတ်ပြောင်အောင်လျှော်ပေးနော်၊ ဗိုး
ချတွေစိုထားတယ်၊ ဖားအုစွဲမှာ ကြောက်လို့၊ ခုလျှော်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း...အင်း...ထားခဲ့ ညီမလေး အစ်မပြောင်အောင်လျှေ
ပေးပါမယ်"

သူဌေးကျတော့လည်း လေပြည်လေးနှင့်သာ ခိုင်းတေ
သည်။

"ပုံပုံရေ၊ ဒီအိတ် အခန်းထဲရွှေ့လိုက်၊ ပြီးရင် ဂေါက်အိ
ကားထဲသွားထည့်၊ ဦး ဂေါက်ရိုက်မလို့"

"ဟုတ်ကဲ့ ဦး"

သူဌေးနှင့် သမီးလေးက သူမနှင့်အဆင်ပြေပေမဲ့၊ သူဌေ
ကတော်၏မျက်လုံးတွေက သူမပေါ်သံသယရှိနေသလိုလို အ
ခံစားနားလည်ရသည်။

"လာဦး...ဒီကို"

"ရှင်...အန်တီ"

"လူကြီးရှေ့မတ်တတ်ရပ်တဲ့ချိန် ခေါင်းငုံ့ပြီးရပ်ရင်ရပ်၊မ
ရင်ဒူးထောက်ပြီး နားထောင်နေရတယ်ကွယ့်"

သူမ အဝတ်လျှော်နေရာမှ ထွက်လာသဖြင့် လုံချည်အော
နားစတွေက တော်တော်ရွှဲနေသဖြင့် သူမမတ်တတ်ရပ်နေ
အဆင်မပြေနိုင်ပေ။

ထို့ကြောင့်လည်း သူဌေးရဲ့ဇနီးရှေ့ကော်ဇောမှာ ဒူးထော
ချလိုက်ကာ ကိုယ်ကို ရိုကျိုးနှိမ့်ချစွာဖြင့်...





"ဟုတ်ကဲ့ ပြောပါအန်တီ"

"ညည်းနာမည် ချစ်ပုံဆိုတာတို့မကြိုက်ဘူး၊ ဒီတော့
ဒီနေ့ကစပြီး ဒီအိမ်ကြီးမှာနေသရွေ့ မိပုံပဲဖြစ်ရမယ်"

"ရှင်...အဲ့ဒါက"

"ဘာလဲပြော"

"ဖေဖေနဲ့မေမေကိုယ်တိုင် မှည့်ပေးထားခဲ့တာပါ အန်တီ
မိဘနှစ်ပါးစလုံးရဲ့ အချစ်တွေပုံနေတဲ့ အဓိပ္ပာယ်မျိုးကိုဆောင်
တာပါ"

"လုပ်မနေနဲ့ မင်းတို့ပြောတာသာနားထောင် မိပုံပဲဖြစ်ရ
မယ်"

သူများအိမ်က အိမ်ဖေါ်ဆိုတာ ကိုယ့်နာမည်တောင်
ကိုယ်မပိုင်တဲ့အဖြစ်ဟု သူမ ခံစားလာရချိန်မှာ လွတ်လပ်ခြင်းရဲ့
အရသာကို မှတ်သိပ်တောင့်တလာတတ်ခဲ့ပြီဖြစ်သည်။

ဒီကြားထဲ သူမထက်စောစွာရောက်နှင့်နေသည့် သူမကို
မင့်ညှာနိုင်ဘဲ ခိုင်းတတ်သည့်အဒေါ်ကြီးက တစ်မျိုးပင်။

"ဟဲ့...လာ ဒါတွေလက်စသတ်လိုက်"ဆိုတာမျိုး

"အမလေး၊ ငါးနွှင်တာ ဇက်ကြောတက်လိုက်တာ၊
လာစမ်းပါ ဘာကြည့်နေတာလဲ လာဝိုင်းကူလေ"

ခေါ်တာမျိုး



www.burmeseclassic.com

www.burmeseclassic.com



"အိမ်သာရော၊ ရေချိုးခန်းရော၊ အားလုံးဆေးနော်၊ ရေခွက်တွေလည်းယူတိုက်ဦး"ဟုခိုင်းတာမျိုး

"လုပ်စမ်းပါအေ၊ ဘယ်လင်မျှော်နေတာလဲ၊ သွက်သွက်လက်လက်လုပ်မှပေါ့... ဟင်း ငါမပြောလိုက်ချင်ဘူး"

ဟုဆဲရေးတာမျိုး...

သူမ အရမ်းသည်းခံရလေသည်။ သူမ ထိုအိမ်ကြီးမှာ လခမရပါ၊ အဝတ်အစားဆင်ရုံ၊ အစားအသောက်ဝဝလင်လင်ကျွေးရုံ၊ အလုပ်တွေဇယ်ဆက်အောင်လုပ်ရရုံဖြင့် တစ်နေကုန်ခဲ့ရသည်ချည်းပင်။

တစ်ခါတလေတော့လည်း သူမကိုယ်သူမ မှန်ထဲပြန်ကြည့်ရင်း ဤမျှနုနယ်အပြစ်ကင်းစင်လှတဲ့ ဆယ်ရှစ်နှစ်အရွယ်မိန်းမသားတစ်ယောက်ကို ဘယ်ကံကြမ္မာမျိုးက ခုလိုအခြေအနေမျိုးရောက်အောင် ဖန်တီးပေးခဲ့ပါလိမ့်ဟု တွေးမိလေ ဝမ်းနည်းရလေသည်။

ဖေဖေကလည်း ပန်းရန်လုပ်ရင်းဆုံး မေမေကလည်း သူမလက်ပေါ်တွင်ဆုံးဖြင့် သူမဘယ်လိုမှ ရင်ဆိုင်လက်ခံလို့မရအောင် အဖြစ်အပျက်ဆိုးတွေကို ကြုံတွေ့ခဲ့ရသည်။

ဒီအိမ်ကြီးမှာ အဆိုးဆုံးက ဟိုမိန်းမကြီးအာကြမ်းလျှာကြမ်းနှင့် သူမကို အနိုင်ကျင့်တာတွေက ဘယ်လိုမှရင်ဆိုင်သည်းခံ





ိုင်စွမ်းမရှိလောက်အောင်။

သူမလေ ဘယ်လောက်ဆိုးဆိုး အိမ်ရှင်တွေရှေ့ရောက်လျှင်တော့ ထိုမိန်းမကြီးက ရိုကျိုးမြဲအမှက်ကောင်းယူဆဲ သူမကို ပုတ်ချမြဲပင်။

"ကျွန်မ ချက်ထားတာလေ ပြည်ကြီးငါးသုပ်ကလည်း ျွန်မပဲသုပ်လိုက်တာ၊ မိပုံကတော့ ဘာမှမလုပ်တတ်တာ ၊ တစ်ချိန်လုံးပြောနေရတယ်"

"ဟုတ်လား၊ ဒေါ်ရွှေကခိုင်းလေ၊ ရောက်တာသုံးလပြည့် ာ့မယ် မတတ်သေးဘူးဆိုတော့ အလုပ်ကိုစိတ်မဝင်စားလို့ မယ်"

ထမင်းဝိုင်းမှာ ဒေါ်ရွှေနှင့်အဘွားကြီးက အတိုင်အဖောက် ညီစွာ သူမကိုမြောင်ပင် ပုတ်ခတ်ပြောဆိုနေကြသည်။

သူဌေးနှင့်သမီးလေးကတော့ ဘာမှမပြောဘဲထမင်းကိုသာ ားနေကြသည်။ဒေါ်ရွှေက သူမကို တို့လိုက်၊ ထောင်လိုက် ဌေးကတော်က သူမပေါ်အမြင်မကြည်လိုက်၊ သံသယရှိလိုက်နှင့် ူမ တော်တော်စိတ်ဆင်းရဲရလေသည်။

သူမကို သူဌေးကလှမ်းကြည့်လျှင်ပဲဖြစ်ဖြစ်၊ တစ်ခုခုလှမ်း ေးတာပဲဖြစ်ဖြစ် ဒေါ်ရွှေက သူမပေါ် မယုံသင်္ကာမျက်လုံးတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တတ်ပြီးလျှင်။

"နင့်အကျီက ဘာလို့ဟိုက်နေရတာလဲ၊ နည်းနည်းအောက်ဆွဲချလိုက်"

"လုံချည်ကို အဲ့လောက်တင်းအောင်မဝတ်နဲ့လေ နင့်ကိုယ်လုံး အတစ်လိုက် အရစ်လိုက်ကို မြင်စေချင်လို့လား"

မိန်းမကြီး သူမပေါ်မနာလိုဖြစ်နေခြင်းက သူမတော်တော်ကသိုလ်ဆိုးလေသည်။

သူမ ဘာလုပ်လုပ်၊ ဘာပြောပြော စိတ်လွတ်မြောက်မနေအောင် ဖိချုပ်လွှမ်းမိုးခံထားရခြင်းက တော်တော်ဆိုးရွားပါသည်။

အဆိုးရွားဆုံးက ညညသူမက ထိုမိန်းမကြီးနှင့်အတူအိပ်ခြင်းပင်၊ သူမ တစ်နေ့လုံးပင်ပန်းထားသဖြင့် ညညဆို ခေါင်းနှင့်ခေါင်းအုံးထိလိုက်တာနှင့် တစ်ချက်တည်းအိပ်ပျော်သွားခဲ့ပြီ။

ထိုရှိန်တွေဆို..

"ဟဲ့...ဟဲ့...ထစမ်း...ထစမ်း...အမယ်လေး...ဒါမိန်းကလေးတဲ့လား အိပ်တဲ့ပုံလဲ ပက်စက်လိုက်တာ...ထဦး"

သူမ...မနိုးပါ။

"မိပုံ...မိပုံ...ထစမ်း...နင်အိပ်တဲ့ပုံ နင်ပြန်ကြည့်စမ်း၊ ဘုရားဘုရား၊ ဒီအချိန်...တခြားယောကျ်ားတစ်ယောက်သာ မြင်သွားခဲ့ရင်နင့်ဘဝတော့ မတွေးဝံ့စရာဘဲ။





သူမ နိုးလည်းမကြားချင်ယောင်ဆောင်ကာ မိန်းမကြီးကို အမြင်ကတ်ကတ်နှင့် အိပ်ဝစ်လိုက်သည်၊

ဒါတောင် ပွစိပွစိပြောလို့မဆုံး၊ သူမငယ်ငယ်ကတည်းက အအိပ်ကြမ်းသည်ဟု မိဘတွေပြောဖူးတာသိသည်။ သို့သော် သူမ မပြင်နိုင်ခဲ့ပါ။ မအိပ်ခင်က ဘယ်လောက်ပဲသတိထားထား အိပ်မောကျသွားလျှင်တော့ သူမဘာမှမသိတော့။

ယုတ်စွအဆုံး သူမအိပ်မောကျနေရှိန် ကျားထက်နင်းလျှင်တောင် သိဦးမှာမဟုတ် ဒါကို မိန်းမကြီးက အမြဲဆူပူကြိမ်းမောင်းကာ ဆဲရေးတတ်နေတော့ သူမလည်းမတတ်နိုင်။

"ကောင်မ ဒီလောက်ပက်စက်တာ ညည်းတစ်နေ့ဒုက္ခရောက်လိမ့်မယ်၊ စောင့်ကြည့်နေ တော်ပါသေးရဲ့ ဒီအိမ်မှာလူပျိုယောကျ်ားလေးမရှိတာ ရှိများရှိရင်တော့လေ ဟင်း ငါမပြောလိုက်ချင်ဘူး"

သူများအိပ်တာတောင် ကဲ့ရဲ့တဲ့မိန်းမကြီးရယ်လေ၊ မုန်းလိုက်တာ။

* * *



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက သူမအိပ်မက်မက်ဖူးသည်။
ခပ်ရှည်ရှည်ဖယောင်းတိုင်မီးနှင့်
မီးပုံးလုလုလေးတွေ ခပ်မှိန်မှိန်အလှ
ဆင်ထားသည့် နေရာလေးမှာ
သူမက သူစိမ်းယောကျ်ားတစ်ယောက်
နှင့်အတူ ထိုင်လျက် ကြည်နူးဆွတ်ပျံ့စွာ
ရယ်မောနေသတဲ့...
ထိုယောကျ်ားက...
"ဟင်..."
"ဘုရားရေ..."

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

"ဟင်...ဒါ...ဒါ...ဘာတွေလဲ ဒေါ်ဒေါ်"

"ထုံးလေ၊ ထုံးတွေသုတ်ထားတာ"

"ဟင်..."

သူမမှာ အိပ်ရာက နိုးနိုးချင်းအပေါ်လှန်တက်နေသည့် ချည်အောက်နားစကိုဆွဲချဖို့အလုပ်မှာ ခြေသလုံးအလျှောက်မှာ ဖက်စလုံးမြင်မကောင်းအောင် ထုံးကွက်တွေပွစာကြဲနေတာကို ွလိုက်ရခြင်းပင်။

ကယောင်ကတမ်းလည်း အံ့သြထိတ်လန့်စွာကြည့်ရင်း က ဒေါ်ရွှေကို ကမူးရှူးထိုးမေးမိခြင်း။

"ဘာလဲ မကျေနပ်လို့လား၊ မကျေနပ်ရင်သေလိုက်၊ ည်း ညက တစ်ညလုံးဘယ်လိုအိပ်ခဲ့သလဲ၊ နည်းနည်းပါးပါးပြန်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားအုံး၊ နိုးလို့လဲမရ၊ ခေါ်လို့လဲမကြားနဲ့ ပြောပြန်ရင်လဲမဟုတ်ပါဘူးဆိုပြီး ငြင်းဦးမယ်၊ အဲ့ဒီတော့ မငြင်းနိုင်အောင် ထုံးကွင်းလိုက်တာ”

“ခေါ်ရွှေ အဲ့လောက်ထိတော့ လုပ်ဖို့မကောင်းပါဘူး ကျွန်မလဲ အိပ်တာပဲ သူ့ဘာသာသူ အအိပ်ဆော့တတ်ရှာ... ကျွန်မဘယ်လိုသိမှာလဲဟင်၊ ပြီးတော့ ခေါ်ခေါ်လဲမိန်း... တစ်ယောက်ပါ၊ မိန်းမချင်းအိပ်ကြတာပဲ”

“အောင်မာ၊ ကောင်မက ငါ့ကိုပြန်ပက်နေပါလား၊ ... ဒီမယ် ငါဒီအိမ်မှာအလုပ်လုပ်တာ ဆယ်နှစ်ပြည့်တော့မယ်... ငါ့အောက်ကလူတွေ ငါ့ကိုတစ်ခါမှပြန်မပြောရဲဘူး၊ ညည်း... ဘာခံပြောနေတာလဲ၊ ငါလုပ်တယ် ဘာဖြစ်လဲ၊ နင်အအိပ်ဆ... စက်လို့လုပ်တာ၊ ဘာဖြစ်လဲ ပြောလေ ပြောစမ်းပါ”

ဘယ်လိုမှ ကြည့်မကောင်းနိုင်သည့် အရုပ်ဆိုးဆိုးမိန်းမကြီး... ရှုံ့တွကာအော်ဟစ်နေသည့်မိန်းမကြီးနှင့် သူမ ရန်မဖြစ်ချင်... ဘာမှလည်းမပြောချင်တော့။

ထိုမိန်းမကြီးက အာကြမ်းလျှာကြမ်းနှင့် သူမကို... အမြဲရန်လိုနေတတ်သူ မိန်းမဆိုးကြီး မျက်လုံးတွေဆီက အ... မီးလျှံတွေက တောက်ပစွာတရှိန်ရှိန်ငြိုးလျက်။

“ဘာကြည့်တာလဲ၊ ပြောလေ လာပါ မျက်လုံးတွေ...





ငြိမ်းခြောက်မနေနဲ့ လုံးဝဂရုမစိုက်ဘူး၊ နောက်လဲထပ်လုပ်ဦးမှာ”

“တော်ပါတော့ ဒေါ်ဒေါ်လဲအိမ်ဖော်၊ ကျွန်မလဲအိမ်ဖော်ပါ ကျွန်မရန်မဖြစ်ချင်ဘူး”

“အောင်မလေး လူကြီးကိုကက်ကက်လန်အောင်ပြောနေသေးတယ်၊ မှတ်ထား နောက်ဆို နင့်လုံချည်လန်နေတာတွေ့ရင် လက်သည်းနီပုလင်းလိုက်လောင်းချမယ်၊ ကြည့်နေငါလုပ်ပြမယ်”

ဒီလောက်သည်းခံနေတာကို မိန်းမဆိုးကြီးက အရမ်းရောင့်တက်နေပြီမို့ သူမကြာရှည်သည်းမခံနိုင်တော့။

“ဒီတစ်ခါလုပ်ရဲ လုပ်ကြည့်လေ၊ ကျွန်မသည်းမခံတော့ဘူးမှတ်”

သူမအသံက ဒေါသဖြင့် တုန်ယင်ကာ စူးစူးရှရှထွက်ပေါ်သွားလေသည်။

“ဟော့....ဘာဖြစ်နေကြတာလဲ”

သူမတို့ အခန်းအပေါက်ဝဆီမှ တိုးတိတ်ညင်သာသည့်အသံကြောင့် သူမတို့နှစ်ယောက်စလုံး အခန်းဝကို မျက်စိရောက်သွားကြသည်။

“ဟင်...ဦး”

အင်မတန်စကားနည်းကာ တည်ငြိမ်ခန့်ညားလှသည့်ယောက်ျားတစ်ယောက်ကို သူမတစ်သက်မှာတစ်ကြိမ်မှမတွေ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



သေးတာသေချာသည်။

"နှစ်ယောက်တည်းရှိတဲ့အခန်းက ဆူညံလှချည်လား မင်းတို့မသင့်မြတ်ကြဘူးလား"

သူဌေးရဲ့မေးခွန်းကြောင့် ရက်စွဲ့ကြောင်အမ်းစွာငြိမ်သက်သွားသည့်တစ်ခဏလေးမှာ မိန်းမကြီးကလက်နှစ်ဖက်ပိုက်ကာ အမိန့်ကိုနာခံသူလို...

"ဟုတ်ကဲ့...နောက်မဖြစ်စေရပါဘူးသူဌေး၊ ခုကိစ္စက ပုံပုံ အနေအထိုင်မတတ်လို့ ကျွန်မ ဆုံးမမိတာပါ"

ဘုရားရေ...

အတို့အထောင်လုပ်တာ မြန်လွန်းလှသည့်မိန်းမဆိုးကြီးကို သူမ ကုတ်ဖဲ့ပစ်ချင်လောက်အောင် ဒေါသထွက်မိပေမဲ့ ဒေါသတွေကို မျိုသိပ်ချလိုက်ရလေသည်။

"ဟုတ်လား"

"ရှင်"

အေးဆေးစွာ စိုက်ကြည့်လျက် မေးခွန်းထုတ်လိုက်သည့် သူဌေး၏အသံက ပြတ်သားကာ ခပ်သြသြမျိုးဖြစ်သည်။

မြတ်စွာဘုရားရေ...

ညက သူမအိပ်မက်မက်ခဲ့တာပဲ...

အိပ်မက်ထဲမှာ ခပ်ရှည်ရှည်ဖယောင်းတိုင်မီးအလင်းရောင်





င် မီးပုံးလှလှလေးတွေ ခပ်မှိန်မှိန်အလှဆင်ထားသည့်နေရာလေး ာ သူမက သူစိမ်းယောကျ်ားတစ်ယောက်နှင့်အတူ ထိုင်လျက် ကြည်နူးဆွတ်ပျံ့စွာရယ်မောနေသတဲ့လေ...

ထိုယောကျ်ားက...

ဘုရား...ဘုရား...

ဦး...ဦးပါလား...

သူမ၏ နှုတ်ခမ်းလေးတွေ ဆတ်ခနဲတုန်ယင်သွားသည့်ထိ ကအိပ်မက်ကို ပြန်သတိရမြင်ယောင်မိပြီးလျှင် အံ့သြစိတ်တွေ င့်လှိုင်းထနှင့်သီးနေတော့သည်။

"ဟဲ့...မေးနေတာဖြေလိုက်လေ သူဌေးက နင့်ကိုမေးနေတာ လား"

ဘေးက မိန်းမဆိုးကြီးက သူမလက်ဖျံကို တံတောင်နှင့် တ်ကာ မကျေမနပ်သတိပေးတော့မှ။

"မဟုတ်ပါဘူးသူဌေး၊ ဒေါ်ရွှေက ကျွန်မကိုမုန်းနေတာပါ"

"သူ...ကျွန်မကိုမုန်းလို့လျှောက်ပြောနေတာပါ"

"ဘာ"

မိန်းမကြီးက လုံးဝမထင်မှတ်ထားလိုက်ပဲ ကျွန်မ ရင်ဘက် ကို လက်နှစ်ဖက်ဖြင့် ခပ်ပြင်းပြင်းဆောင့်တွန်းပစ်လိုက်ခြင်းဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူမ ယိမ်းထိုးသွားကာ နောက်သို့ ပက်လက်လန်ကျသွားတော့သည်။

"ဟာ ဒေါ်ရွှေ ခင်ဗျားဘယ်လိုလုပ်လိုက်တာလဲ၊ ဒီလော ပြောနေရက်နဲ့များ မလုပ်ကောင်းပါဘူး၊ သူ့များသားသမီး

"လာ...လာချစ်ပုံ...ထ...ထ...ဦးတွဲပေးမယ်"

"ရပါတယ် ဦး"

သူမလဲကျနေတာကို သူဌေးက စာနာစိတ်ဖြင့် တွဲထူသည်။ ဒေါ်ရွှေကတော့ တူးတူးခါးခါးအမုန်းမျက်စောင်းကြီး ချာခနဲလှည့်ထွက်သွားတော့သည်။

ထိုပြဿနာက ဘယ်လောက်ထိ ကြီးကျယ်ပျံ့နှံ့သွား ဆိုတာ သူမ မသိနိုင်ခဲ့သေးပါ။

အိမ်ဖော်ချင်းအတူတူ ဒေါ်ရွှေက သူဌေးကတော်၏ ဖြစ်ကာ သူမကိုတူးတူးခါးခါးအပြစ်ဖို့ ရှုတ်ချခိုင်းစေ တရားမျှတနိုင်ပါမလား။

"မင်း...အဆင်ပြေပါ့မလား"

"ဟုတ်ကဲ့..."

"မင်းကို ဒီအိမ်မှာထားချင်လို့ မင်းအဖေက တဖွဖွ တာ၊ မင်းအမေကဆို အတန်တန်အထပ်ထပ် တောင်းပန်း





ဦးတို့မင်းကိုပစ်မထားပါဘူး။ လိုအပ်တာရှိရင် ပြောပေါ့။

"ဟုတ်ကဲ့"

ထိုကိစ္စက သူဌေးကတော်ထံ ဘယ်လိုဘယ်လို ပေါက်ကြားသွားသည်မသိ။

သူမကို ခေါ်ဆူတော့သည်။

"ဘယ်လိုဖြစ်တာလဲ"

"ရှင်"

"ဘယ်လိုဖြစ်တာလဲလို့..."

"ပြောလိုက်လေ၊ နင့်ကိုငါဆုံးမတာ နင်မနာခံဘဲ သူဌေးရှေ့ တောင်ပြန်ပက်နေလို့၊ ငါတွန်းပစ်လိုက်တာ"

"ဒါ ဟုတ်သလား"

"ကျွန်မကို ဒေါ်ရွှေ မတရားစွပ်စွဲတာပါ"

"ဘာကိုစွပ်စွဲတာလဲ ပြောပါ"

"ကျွန်မ အအိပ်ဆော့လို့ဆိုပြီး"

"တကယ်ပါ မမကြီးရယ် တစ်ညလောက် မမကြီးဝင်ထောင်းကြည့်ပါ၊ ဘယ်လောက်အအိပ်ဆော့တယ်ဆိုတာ လက်တွေ့ရလိမ့်မယ်၊ ကျွန်မက သတိပေးဆုံးမလဲ မဟုတ်ဘူးဘဲ ငြင်းတာ"

"အိမ်မှာက သူဌေးက အနေတည်လို့ အင်မတန်တော်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းကြီးဖြစ်နေလို့သာ နို့မို့ဆို မမကြီးတို့ပဲ အရှုံး ရကြမှာ"

"အို"

သူမရင်ထဲ ဟာခနဲဖြစ်လျက် ခေါင်းကိုတွင်တွင်ခါယမ်း လိုက်ဆဲ သူဌေးကတော်က လက်နောက်ပစ်လျှောက်ကာ...

"ကောင်းပြီ ဒီအိမ်မှာ ခေါ်ရွှေဟာ ဘယ်တော့မှ မဟုတ် တဲ့စကားမပြောဘူး၊ ညည်းတကယ်ဟုတ်လို့သာ ပြောနေတ တကယ်ဟုတ်မဟုတ်၊ ငါလှာချောင်းမယ်၊ စောင့်ဖမ်းမယ်"

"တစ်ခုပဲငါမှာချင်တာ၊ ငါ့ယောကျ်ားနဲ့ပလူးပလဲမလု ချင်ပါနဲ့၊ ကင်းအောင်နေပါ"

"ရှင်"

"သွားတော့"

ထိုနေ့ ညမှာ သူမ မနည်းသတိထားကာအိပ်နေရသည် ခြေပစ်လက်ပစ် အိပ်မောကျသွားတာနှင့် သူမဘာမှမသိတော့ အမှန်။

ဒါကိုပင် မိန်းမဆိုးကြီးက အဖြစ်ဖို့ကာ နစ်နစ်နာနာ ရေးတိုင်းထွာတတ်တာကို သူမအရမ်းစိတ်ဆိုးရသည်။

သူမနှင့် သူဌေးအပေါ်ကြည့်သည့် အကြည့်တွေက သည် နိုင်လောက်အောင် ဆိုးရွားလှသည်။





"နင်အနေအထိုင်တတ်နော်၊ သူဌေးက နင့်ကိုသနားလို့ ပေးတာကို ဘဝင်မြင့်ဖို့ မစဉ်းစားနဲ့"

"မမကြီးနဲ့ စကားပြောတိုင်း လက်ပိုက်ပြီး မတ်တတ်ရပ် ရပ်၊ မရပ်ရင် ဒူးထောက်ပြီးနားခံ"

"ကျွန်မကို အဲလောက်သင်မနေပါနဲ့ ခေါ်ရွှေ၊ ကျွန်မ အေးပါးအေး လုပ်ပါရစေ၊ တောင်းပန်ပါတယ်"

"အမလေး၊ ငါကလဲ သိပ်ပြောချင်လွန်းလို့ မဟုတ်ပါဘူး နော်၊ နင့်ရုပ်က ကမြင်းမယ့်ရုပ်မို့ ကြိုတင်သတိပေးတာ သူဌေးကို တော့ အီမယ်မကြံနဲ့ ပါးကျွတ်ကျွတ်ကျိုးမယ်မှတ် မကြီး မရိုက်ခင် ငါအရင်ရိုက်ပစ်မှာ"

ရှင်သေဖို့ကောင်းပြီ မိန်းမဆိုး၊ မိန်းမကြမ်းကြီးရယ်။

သူမရင်ထဲက တူးတူးခါးခါး ပြန်ဆဲဓရေးမိသည်ထိ စိတ် ဆိုးဒေါသထွက်ရလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သံသယအဖြစ်ခံစားရသည့် မိန်းမသားတစ်ယောက်၏ ဘဝက အငြိမတန် စိတ်မွန်းကျပ်စရာကောင်းလှလေသည်။

ကိုယ့်ဘက်က ဘယ်လောက်ပဲ ရိုးသားရိုးသား ဖြူစင်စွာ ဘယ်လိုပဲ နေထိုင်ပါစေအုံး သံသယနှင့် အကြည့်ခံရကတည်းက အနေရခက်လှသည်။

သူမထိုအိမ်ကြီးမှာ အလုပ်ကိုစေတနာထားလုပ်သည်။ သူဌေးတို့မိသားစု သူမကိုကြည်ဖြူအောင် သနားအောင်ကျိုးကျိုး နွံနွံလုပ်ကိုင်ပေးသည်။

မနက်ဆိုတာနှင့် သူမမီးဖိုချောင်ထဲရောက်ပြီး သူတို့မိသားစု မနက်စာစားဖို့ ပြင်ဆင်ပေးပြီးတာနှင့် ဈေးပြေးရသည်။ ဈေးကပြန် လာလျှင်လည်း ချက်ရပြုတ်ရသည်။





သူဌေး၏ သမီးလေးကို ရေချိုးပေး၊ သနပ်ခါးလိမ်းပေး အမင်းဘူးထည့်ပေး အလုပ်တွေလုပ်ရသည်။ သက်ငြိမ်လေးက ကျောင်းကျူရှင်နှင့်သာ အပြင်မှာအချိန်ကုန်နေတာများသည်။

သူဌေးလည်း မနက်ဆို မနက်စာစားသောက်ပြီးတာနှင့် အလုပ်ကိုထွက်သွားတော့သည်။

အိမ်မှာ သူဌေးကတော် တစ်ယောက်တည်းကျန်ရုံနှင့်အလုပ် တွေက ဇက်ပင်မချိုးနိုင်လောက်အောင် အလုပ်များရသည်။

သူဌေးကတော်အတွက် သနပ်ခါးသွေးပေးရသည်။ လိမ်း ပေးရ၊ ပန်းပန်ပေးရ၊ သူနှစ်သက်သည့် သီချင်းခွေတွေ ဖွင့်ပေးရ ခြေပ်နယ်ပေးရ၊ သူ့အဝတ်အစားတွေလျှော်ရ၊ မီးပူတိုက်ရနှင့်သူမ မှာတစ်ချက်ကလေးမျှ မအားလပ်ရ။

ဒီကြားထဲ ဒေါ်ရွှေက ငှက်ဆိုးထိုးသံကြီးနှင့်အသံဟစ်ခိုင်း တာကရှိသေးသည်။

သူမရောက်ပြီးကတည်းက ဒေါ်ရွှေကအလုပ်ကောင်း ကောင်းမလုပ်တော့။ အသံနှင့်သာ အမှတ်ကောင်းကောင်း ဝင်ယူ တတ်သည်။

ဒေါ်ရွှေ ဘာပြောပြော ဘာလုပ်လုပ် သူဌေးကတော်က သည်းအကောင်းမြင်သည်။

"ကျွန်မခေါ်လဲကြားရက်နဲ့ ထူးချင်မှထူးတာ မမကြီးရဲ့ပျင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာမှ အရည်ကိုထွက်နေတာ နောက်ကနေမနည်းလိုက်တွန်း နေရတယ်"

ဆိုတာမျိုး

"ဒါတောင် သူက လျှော်စက်ထဲအဝတ်ထည့်ချင်သေးတာ မမကြီးရဲ့ ကျွန်မအော်ထားလို့ မထည့်ရဲတာ "

ဟုထောင်တာမျိုး

"လျှော်စက်ဆိုတာ အဝတ်လျှော်ဖို့ဝယ်ထားတာမဟုတ် ဘူး၊ ညီသည်ဆောင်သည်မြင်ရင် အထင်ကြီးအောင် သက်သက် ဝယ်ထားတာ၊ အဲဒါမှ ဒီအိမ်မှာပစ္စည်းတွေ လက်ညှိုးထိုးမလွဲ အောင်ရှိတယ်ဆိုတာ သိကြမှာပေါ့"

သူ့ဌေးကတော်ကပါ ခေါ်ရွှေဘက်က သူမအပေါ်သို့ ကြည်ဖြူလှသည်တော့မဟုတ်။ သနားစိတ်နှင့်သာ ခေါ်ထားပုံရ သည်။

ဘာပဲဖြစ်ဖြစ် သူမအပေါ်သူတို့မိသားစုမဆိုးကြပါ။ သူမပေါ် ဆက်ဆံတာ ဆိုးရွားပြီးရန်စောင်နေသည်က ခေါ်ရွှေ

ဒီညတော့ သူမဝင့်ကျွတ်မယ်ဆိုပါစို့။

"ငါ တစ်ညတည်းသွားမှာနော်၊ ပဲခူးဘက်တင် ငါ့မောင်ဆုံး တယ်ဆိုလို့ သတင်းသွားမေးမှာ မနက်ဖြန်ညနေလောက်ပြန်လာ မယ်"





"အလုပ်ကိုကောင်းကောင်းလုပ်၊ အိပ်တဲ့အချိန် သတိထား ခစ်စလက်ခတ်မအိပ်နဲ့ "

"ခု ငါသွားရင် မမကြီးပါလိုက်မှာ သူ့ကားနဲ့ ငါသွားရမှာ မကြီးက ပျဉ်ပုံကြီးသူ၊ သူ့ရွာမရောက်တာကြာလို့ သူ့အဘိုး အသွား ကန်တော့ရင်း ငါ့ကိုလိုက်ပို့မှာ"

"မြင်တယ်မဟုတ်လား၊ ငါဘယ်လောက် ကုသိုလ် ကောင်းလဲဆိုတာ၊ သူ့ဌေးကားနဲ့သွားရမှာ ငါဒီအိမ်မှာ အလုပ် လုပ်တာ ဆယ်နှစ်ရှိပြီ ဘာပြဿနာမှဖြစ်မလာဘူး၊ နင်လဲ သတိထားပြီး စေတနာနဲ့လုပ်၊ ငါတို့သွားပေမဲ့ သူ့ဌေးတို့ သားအဖကျန်ခဲ့မှာ ဂရုစိုက်"

သူမရင်ထဲဘယ်လောက်ထိ ဝမ်းသာနေသလဲဆိုရင် "ဟေး"ခနဲပင် ထခုန်လိုက်ချင်သည်။

တစ်ညလည်းတစ်ည သူမနိဗ္ဗာန်ရောက်တာပေါ့ ဒီညမှ သူမ နားအေးပါးအေးအိပ်ရမည်။

ဘယ်လောက်စိတ်ချမ်းသာဖို့ ကောင်းလိုက်လဲ။

နို့မို့ဆို ဒီမိန်းမကြီးနှင့် အခြေခံရတာမလွတ်၊ အိပ်ရင် တောင် ကောင်းကောင်းမအိပ်ရ၊ ထုံးကွင်းခံရ၊ ခြေသလုံးမွေးတွေ အနုတ်ခံရ၊ ဆေးအမည်းတွေအသုတ်ခံရနှင့်။

ဒီညတော့ သူမ ကောင်းကောင်းအိပ်ပြမည်။ သူမကိုလာ



www.burmeseclassic.com

www.burmeseclassic.com



နှိုးမယ့်သူလည်းမရှိ၊ လာပြီးထုရိုက်မယ့်သူလည်းမရှိ၊ ဘယ်လောက် လွတ်လွတ် လပ်လပ်အိပ်ရလိမ့်မလဲ။

လောကမှာ သူမအနှစ်ခြိုက်ဆုံးက အိပ်ရဖို့ပင်။ အိပ်ရမည် ဆိုလျှင် တစ်နေ့နှင့်တစ်ညလည်းဟုတ်သည်၊ နှစ်ရက်ဆို ဆက် တိုက် မထတမ်းအိပ်မည်ဆိုလည်း ဟုတ်သည်။

ဘယ်လောက်ထိလဲဆိုရင် သူမအိပ်နေချိန်မှာ သူမအိမ် ရေမျောမျော၊ ဆင်တက်နင်းနင်း၊ တော်ကောင်ပဲစင်ဝင် ဘာမှသိမှာ ကိုမဟုတ် အဲလိုမိန်းမမျိုးပင်။

သူမကို ပွစိပွစိနှင့်မဆုံးနိုင်အောင် ဖျစ်တောက်ဖျစ်တောက် မှာပြီး ဒေါ်ရွှေနှင့်သူဌေးကတော်ထွက်သွားကြပြီ။

အိမ်မှာ သူမတစ်ယောက်တည်း။

အား... ဇိမ်ရှိလေစွ ။

အိမ်သားများသာ ထိုင်သည့်ဆက်တီမှာထိုင်လျက် တီဗွီ ဖွင့်လိုက် ဂြိုဟ်တုစလောင်း ချန်နယ်(လ်) တစ်ခုပြီးတစ်ခု ရွှေ့ကြည့်လိုက်၊ ပြီးတော့ ရေခဲ သေတ္တာထဲက သစ်သီးတွေ (အဘွားကြီးမသိအောင် မမှတ်မိနိုင်အောင်) အသာထုတ်စားလိုက် အအေးဘူးတွေ ဖောက်သောက်လိုက်နှင့် အတော့်ကိုဟုတ်နေ သည်။

"ဟင်း...ဟင်း...ဟင်း"





ပြီးလျှင် သူမအဘွားကြီးကတ်ဆက်ကြီးကို ဖွင့်ကာ အင်္ဂလိပ်သီချင်းတွေ မိုင်ကုန်ဖွင့်ကာ ကခုန်ပေါက်လိုက်သေး သည်။

"ဟေး...ဟေး"

"အမလေး...ပျော်စရာကောင်းလိုက်တာ"

"သူဌေးဆိုတာ ဇိမ်ခံပစ္စည်းအပြည့်အစုံနဲ့ ခံစားရတာ ပါလား ကွယ်"

သူမမှာ တွေးလိုက်၊ စားလိုက်၊ သောက်လိုက်နှင့် မောလာ လျှင် ရေပူရေအေးခန်းထဲရေဝင်ချိုးလိုက်နှင့်လောကကြီးကိုပင် မေ့နေလေသည်။

သက်ငြိမ်လေး ကျောင်းဆင်းလာချိန်ရောက်မှာသာ သူမ အသိတရားတွေ မနည်းစုစည်းကာစိတ်ကို ပုံမှန်ရောက်အောင် မနည်းကြိုးစားရတော့သည်။

"မပုံ သမီး ဒီနေ့စောစောအိပ်ချင်တယ်၊ အိပ်ရာခင်းတွေ လဲပေးပြီးရင်ပြောနော်"

"အင်း...အင်း"

"သမီးခေါင်းတွေကိုက်နေတယ်၊ ဆေးလဲ့ယူပေးဦး"

"အင်းပါ ညီမလေး၊ မပုံယူလာပေးပါမယ်"

ထိုနေ့က သက်ငြိမ်လေးခမျာ ကျောင်းကအတော်ပင်ပန်း



www.burmeseclassic.com

www.burmeseclassic.com



လာပုံရကာ စာနည်းနည်းပါးပါးဖတ်ပြီး စောစောအိပ်ရာဝင်သွားသည်။

သူ့ဘွေးလည်း ပြန်မရောက်သေး။

ဒီမှော့ သူမမှာရထားသည့် အခွင့်အရေးကို လက်လွှတ်မခံနိုင်စွာ ခိမ်ခံပစ္စည်းတွေ အစားအသောက်တွေနှင့် ကောင်းကောင်းကြီးငြိမ့်နေလိုက်တော့သည်။

သူမ ဗိုက်တွေလည်းတင်း၊ လူကလည်း မောပြီမို့ သူ့ဘွေးကို စောင့်ရင်း၊ စောင့်ရင်းနှင့်အိပ်ငိုက်ကျလာသည်။

အိမ်ရှေ့ကြီးမှာ သူမထိုင်ငိုက်၍မဖြစ်၊ ဒီတော့ သူမအခန်းထဲမှာ စိတ်ရှိလက်ရှိ အိပ်လိုက်တာကမှ ခိမ်ကျပေမည်။

သူမ ဘယ်လောက်အိပ်ချင်နေပြီလဲဆိုရင် မတ်မတ်တောင်မရပ်နိုင် ဒယိမ်းဒယိုင်နှင့် လုံချည်စတောင်လျော့တိလျော့ဲမနည်းဆွဲမယူလာရသည်။

အခန်းထဲရောက်တာနှင့်။

"အင်း ၊ အိပ်ပြီ"

သူမ ဘယ်လောက်အိပ်ပျော်သွားသည်မသိ၊ တကယ့်ခြေပစ်လက်ပစ် ပိုးလိုးပက်လက်ပေါ့၊ တခူးခူးနှင့်ပင် ဟောက်ဟောက်နေအုံးမည်ပေါ့နော်။

သူမ အိပ်မက်ထဲမှာ အရိပ်မည်းကြီးတစ်ခုက သူမဆီ





တဖြည်းဖြည်းချဉ်းကပ်လာနေသည်။

အံ့သြစရာကောင်းတာ သူမထွက်မပြေးပါ၊ သူမတစ်ကိုယ်လုံးရှိန်းမြထူပူကာ အာရုံကြောတွေတင်းလာသည်မှာ အံ့သြစရာ။

ရုတ်တရက် အရိပ်မည်းကြီးက သူမကိုယ်ပေါ်ခုန်အုပ်လိုက်သူမ ရှောင်ချိန်မရ သိပ်ကိုမြန်ဆန်လွန်းလှသည်။

ထိုအရိပ်မည်းကြီးက သူမ တစ်ကိုယ်လုံးကို ပွေ့ဖွေးနှုးညံ့လာအောင် လှုပ်နိုးနိုင်တာ အတော်အံ့သြစရာကောင်းသည်။

ခဏကြာတော့ အရိပ်မည်းကြီးက သူမကိုယ်ပေါ်ကနေထွက်ခွာသွားသည်။ သူမပက်လက်လန်လဲကျနေရာမှ ပြန်မထချင်လောက်အောင်နုံးချိပျော့ခွေနေသည်။

ဘာဖြစ်တာလဲ...

သူမ ပြန်မစဉ်းစားချင်တော့။

ထိုခဏ သူမက ကြေကွဲအားငယ်သွားသလို၊

ဟင့်အင်း...

ဒါ...အိပ်မက်ပဲ

အိပ်မက်မက်နေတာပါ

အိပ်မက်ဟာ ဘာဖြစ်လို့ လူတစ်ကိုယ်လုံးကို လှုပ်ခါနိုင်စွမ်းရှိရတာလဲ၊ သူမအိပ်ပျော်နေရင်းမှ သိသာစွာ အားငယ်ခွန်းလျ



www.burmeseclassic.com

www.burmeseclassic.com



သွားပြန်သည်။

အရိပ်မည်းကြီးက ဘာလို့ ပြန်ထသွားရတာလဲ၊ သူ့အပြ
မှုတွေက ဟင့်အင်း...ဒါ အိပ်မက်

အိပ်မက်ဟု စိတ်ထဲကသာ သူမ အကြိမ်ပေါင်းများ
ရေရွတ်ခဲ့သည်။

ဘာမှလည်း ပြန်သတိမရချင်တော့။

ဘာမှလည်း မတွေးချင်တော့။

အရေးကြီးတာ သူမစိတ်ရှိလက်ရှိ အိပ်နေဖို့ပင် အင်းခ
တော့စက်ရချည်ရဲ့။

ဒီ အရိပ်မည်းကြီးဟာ သူမတံခါးစေ့ထားတာကို ဘာဖြ
များ ဖွင့်အတင်းတွန်းပြီ ဝင်လာနှောင့်ယှက်ရတာပါလိမ့်။

သူ တံခါးတွန်းပြီးဝင်လာတာသေချာတယ်။

အင်း တကယ်ဆို သူမ`တံခါးကို အသေပိတ်ထားခဲ့
ကောင်းတာ။

သူမ မျက်လုံးကိုမဖွင့်၊ ဖွင့်ဖို့လည်းမကြိုးစား၊ နှစ်
ခြိုက်ခြိုက် အိပ်မောကျနေတာကို ပြန်နိုးသွားမှာတောင် ကြော
နေမိသေးသည်။

* * *





## အခန်း (၇)

ထို့နောက်ပိုင်း သူမကိုမြင်တာနှင့် သူဌေး၏မျက်နှာက တောက်ပလက်ဖြာသွားလျက် တစ်ခါတစ်ရံ ညှိုးရော်ငေးငိုင်သွားလိုက်၊ တစ်ခါတစ်ခါလည်း ထိတ်လန့်စိုးရွံ့ချောက်ချားနေဟန်ဖြင့် တစ်ခုခုထူးခြားနေတာ သူမ ခံစားလို့ရလေသည်။

"ဟဲ့ ...အမလေး...အမလေး...သူဌေးကိုကြည့်နေလိုက်တာ၊ ဘုရား...ဘုရား...လာစမ်း၊ လာစမ်း ဒီကို"

ဒေါ်ရွှေက သူမအင်္ကျီကိုနောက်ကျောကနေစုဆွဲဆောင့်ကိုင်ကာ ဆတ်ခနဲဆွဲခေါ်လာသည်။

"ဘာလုပ်တာလဲ...ဟင်...ဒါဘာလုပ်တာလဲ"

"ကျွန်မ ဘာလုပ်လို့လဲ ဒေါ်ရွှေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ၊ နင် သူဌေးကို လိုက်ချောင်းကြည့်နေတာလေ အရှက်ကိုမရှိဘူး၊ တော်ကြာ ဟိုကချောင်း၊ တော်ကြာ ဒီကချောင်းနဲ့ ဘာသဘောလဲ၊ မနဲ့နဲ့နော် နင်တော်တော်နဲ့နေပြီ ငါလုပ်လိုက်ရ...တယ်"

"လွတ်ပါ၊ ကျွန်မဘာမှမလုပ်ဘဲ လာမပြောပါနဲ့ သူဌေးကို ကြည့်တာလဲမဟုတ်ဘူး၊ ချောင်းကြည့်တာလဲမဟုတ်ဘူး၊ မျက်လုံးက အလိုလိုနေရင်းမြင်တာ"

"နင် တော်တော်လူပါး၀နေပါလား မိပုံ၊ မျက်လုံးက အလိုလိုနေရင်းမြင်တာလို့ ငါ့ကိုပြန်ပြောတယ်ပေါ့လေ"

"ကဲ ၊ ကဲ"

"ဟင်..."

ဒေါ်ရွှေက သူမ ဘယ်လိုမှ မထင်မှတ်ထားသည့်ချိန်မှာ သူမ ရင်ဘတ် ပခုံးလက်မောင်းတွေကို အဆက်မပြတ်တဖြန်းဖြန်း ရိုက်နှက်ပစ်လိုက်နေခြင်းပင်။

သူမ လုံး၀မရှောင်တိမ်းပါ။

သူမ အံတင်းတင်းကြိတ်ရင်းသာခံယူနေခိုက်၊

"ဒေါ်ရွှေ ခင်ဗျား ဒါဘာလုပ်တာလဲ"

ဟူသည့် ဟိန်းထွက်လာသည့် အသံနှင့်အတူ သူမရှေ့မှ ကာကွယ်လိုက်သူက သူဌေးပင်။





"ရှင်...ဟို...ဟို...ဒီလိုပါ ဒီကောင်မလေး"

"ဘာမှလာမပြောနဲ့ ၊ ခင်ဗျားအချင်းချင်းဗျာ၊ ဒီလောက် ...ရာလား ဒါ သူ့ကိုကျွန်တော်ရော၊ ကျွန်တော့်မိန်းမရော ...ခံထားပြီးသားဆိုတာ ခင်ဗျားခေါင်းထဲထည့်ထား"

"ဟုတ်ကဲ့ပါရှင်"

ဒေါ်ရွှေက အမြဲသူလုပ်ချင်တာ လုပ်ပြီးလျှင် ထိုစကား ...ခွန်းနှင့်ပင် တောင်းပန်နေကျ၊ နောက်တော့လည်း သူဌေး ...တာနှင့် အနိုင်ကျင့်မြဲ ဆဲရေးမြဲ၊ ခုဆို လက်ပါပါသည့် ...င့်ရောက်ခဲ့ ပြီ။

သူမ ၀မ်းနည်းလွန်းသဖြင့် အသားနာတာထက် ရင်ထဲ ...ကျင်စွာ မျက်ရည်ပိုးပိုးပေါက်ပေါက်ကြွရလေသည်။

"ပုံပုံ"

"ရှင်"

"သည်းခံနော်၊ မင်းဒီက ထွက်သွားလို့မဖြစ်ဘူး မဟုတ်

"ဒေါ်ရွှေက နည်းနည်းကြမ်းတယ်၊ ညည်းအန်တီက ...ဆုံးထားတော့ ဦးတို့ပေါ်ကလွဲပြီး တခြားသူတွေပေါ် ဆက်ဆံ ...င်းတယ်"

"ကျွန်မလဲ၊ ဘာမှမလုပ်မိပါဘူး ဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကဲ မငိုနဲ့၊ တိတ်တော့ သူ့အနိုင်ကျင့်လာရင်ပြော
ဟုတ်လား"

သူဌေးက သူမမျက်နှာကို နာကျင်စွာလွမ်းဆွတ်
သည့်မျက်လုံးတွေဖြင့် ကြည့်ပြီးမှ ဖြုန်းခနဲလှည့်ထွက်သွားသည်

သူဌေးအဲလိုကြည့်တိုင်းလည်း ကျွန်မရင်ထဲမှာ တစ်
ခံစားရကာ သူမနှလုံးသားက တုန်ယင်လိုက်မောစွာ ကျွန်
ခဲ့သည်ချည်းပင်။

ဒီရက်တွေမှာ ဒေါ်ရွှေ၏ဆက်ဆံရေးက ပိုပြီးပြင်းထန်
သလိုခံစားရသည်။

သူဌေးလစ်တာနှင့် သူမခေါင်းကိုခေါက်မြဲ၊ လိမ်
လက်ဖဝါးတွေနှင့်တဖြည်းဖြည်းရိုက်နှက်မြဲပင်။

ရင်ထဲမှာ ဘယ်တော့မှ မမေ့ဖျောက်နိုင်တော့မည့် နာ
မှုတွေက ခါးသီးမှုတွေဖြင့် ပြည့်နှက်တင်းမောက် လာခဲ့ပြီဖြစ်သ

"ဒီအင်္ကျီ နှင့်လျှော်တာမဟုတ်လား ကြည့်စမ်း၊
တွေမှာ ချေးအထပ်ထပ်နဲ့ ဒီအတိုင်းပါလား၊ ဟင် မမ
ညဝတ်အင်္ကျီ ဘာလို့ပြောင်အောင်မလျှော်တာလဲ၊ ပြော

"ကျွန်မလဲ အသေအချာပွတ်ပါတယ် ဒေါ်ရွှေ"

"ဟင် ဒီစကားတစ်ခွန်းတည်းနဲ့ ပြီးရောလားဟဲ့
ပိုက်ခဲ့ နှင့်ကို မမကြီးရှေ့ကိုခေါ်ပြီးပြမှ သောက်ရှက်





"ဒေါ်ရွှေ မလုပ်နဲ့ မလုပ်ပါနဲ့"

ကျွန်မ ဘယ်လိုပဲတားတား ကျွန်မကိုအတင်းဆောင့်ဆွဲ
ခေါ်လာကာ သူဌေးကတော်ရှေ့မှာ ဒူးထောက်ခိုင်းတော့သည်။

"ထိုင် အဲ့ဒီမှာ ဒူးထောက်"

"ရှင်"

"ဘာဖြစ်တာလဲ ဒေါ်ရွှေ"

"မမကြီးရယ် ပြောကိုမပြောချင်တော့ပါဘူး၊ ဒီဟာမလေ
ကြည့်ပါဦး၊ မမကြီးညဝတ်အင်္ကျီလျှော်ထားတာတဲ့ ကော်လံမှာလဲ
ချေးအထပ်ထပ်နဲ့ ပြီးတော့ ကြယ်သီးတစ်လုံးလဲ ပြုတ်သွားပြီလေ"

"ဟဲ့ အဲ့ဒီလောက်တောင် ဖြစ်ရလား၊ ပြပါဦး"

သူဌေးကတော်က သူ့အင်္ကျီသူပြန်ကြည့်ကာ မျက်နှာ
ကြီးရှုံ့တွ တွန့်လိမ်နေတာကို ဒေါ်ရွှေက အခွင့်ကောင်းယူကာ။

"တွေ့လား နင့်ကို မမကြီးအရမ်းစိတ်ဆိုးနေပြီ၊ လုပ်
ားရွက်ဆွဲ ထိုင်ထလုပ်၊ အကြိမ်ငါးဆယ်ပြော နောက်အဲလိုမဖြစ်
ပါဘူးလို့"

သူမ ဘာမှမပြောချင်တော့။ ဒေါ်ရွှေက သူမ အမှားနည်း
ည်းလေးဖြစ်တာနှင့် ဘယ်တော့မှ ခွင့်လွှတ်ကျေအေးထုံးစံမရှိပါ။

စိမ်ပြေနပြေ စနစ်တကျ အကွက်ကျကျစီစဉ်ကာ တစ်ခုပြီး
တစ်ခု အပြစ်ပေးတတ်သည်။ ဘယ်တော့မှ ဖဲ့ညှာခြင်းမရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမကတော့ ငြိမ်ခံကာ တေးမှတ်တတ်သူ။

တစ်ချိန်ချိန်တော့ ဒေါ်ရွှေ ဆက်ဆက်ခါနာနေရအောင် သူမပြန်လုပ်နိုင်မည့်အခွင့်အရေးတော့ ကြုံလာပါလိမ့်မည်။

"လုပ်လေ နင် ဒါမှနောက်မမှားမှာပေါ့"

"ကဲ ကဲ လုပ် ညည်းအပြစ်အတွက် ဒေါ်ရွှေခိုင်းတာ တန်ပါတယ်၊ နောက်ဆို ဒါမျိုးမဖြစ်စေနဲ့"

"ဟုတ်ကဲ့ပါ"

သူဌေးကတော်က ဒါလောက်ပဲပြောကာ လက်သည်း ပုလင်းယူပြီး လက်သည်းနီဆိုးနေသည်။

ဒါကို ဒေါ်ရွှေက အနားကနေ အူရားဖားရားဖြင့် လက် သည်းဖျက်ဆေးကို ဂွမ်းနှင့်တို့ကာထိကာသုတ်ပေးရ၊ သုတ်ပြီးသား ဂွမ်းတွေကို အမှိုက်ပုံးထဲပစ်ထည့်ရဖြင့် အလုပ်ရှုပ်ပြနေသည်။

"ကျယ်ကျယ်အော်ရေလေ ငါတို့ကြားအောင်ရေမှပေါ့"

"တစ်ဆယ်"

"ဆယ့်တစ်"

"ဆယ့်နှစ်"

ကြာတော့ သူမမှာ နားရွက်ကိုဆွဲကာ ထိုင်ထလည်းလုပ်ရ ပါးစပ်ကလည်း အော်ရယ်ရဖြင့် ဒူးကချောင်လာသည်။

"သုံးဆယ့်ငါး"





"ဘာလို့ရပ်သွားတာလဲ"

"မောလို့"

"ဆက်လုပ်၊ မပြည့်သေးဘူး"

"ခဏလေးပါ၊ ကျွန်မ သိပ်မောလို့ပါ"

"လဲသေလိုက်ပေါ့ နင် အဲဒါမှ စွဲနေအောင်မှတ်မိမှာ"

သူမ ရင်ထဲက မောပန်းမှုနှင့်အမျက်ဒေါသကို အတင်းမျို သိပ်လိုက်ကာ ထိုင်ထ ဆက်လုပ်လိုက်ရသည်။

ဒေါ်ရွှေမျက်နှာကြီးက ပျော်ရွှင်အားရကျေနပ်မှုတွေ သီးထ လျက်။

သူဌေးကတော်ကတော့ ကောင်းစွာ မသိချင်ယောင်ဆောင် တာ ပညာပါလှလေသည်။

"ပြီးပါပြီ"

"ပြီးရင် ပန်းကန်တွေသုတ်၊ မကွဲစေနဲ့ ပြီးရင်စီစီရီရီ လှလှပပထည့်၊ ငါဒီမှာ မမကြီးလိုတာ လုပ်ပေးဦးမယ်၊ အဲ့ဒီ ပန်းကန်ကိစ္စပြီးရင် အိမ်သာတွေဆေး"

"ဟုတ်ပါပြီ"

သူမ ငိုချင်ပေမဲ့ မငိုဘဲအံတင်းတင်းကြိတ်လိုက်တော့

"ဘာအံကြိတ်တာလဲ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ငါ့ကိုမကျေနပ်တဲ့သဘောလား အဲ့ကြိတ်ရအောင်"

"တော်ပါတော့ ဒေါ်ရွှေ ကျွန်မ အားလုံးလုပ်ထားရင် ပြီးရောမဟုတ်လား"

"သွား ပြီးရင် ခြံထဲက အမှိုက်တွေကောက်ပြီး မီးရှို့ မီးငြိမ်းအောင်ထိုင်စောင့်၊ မီးလောင်လို့ကတော့ နင့်ကိုအသတ်ပဲမှတ်"

ဖြစ်ရလေ

ဘယ်ဘဝ ရေစက်ကြောင့် ဒီမိန်းမဆိုးကြီးက သူမကိုနိုင်ချင်နေရတာလဲ။

သူမကရော ဘာဖြစ်လို့ ဝဋ်ခံနေရတာပါလိမ့်။

အိမ်ဖော်ချင်းအတူတူ၊

သူမကမှ အနိမ့်ခံ၊ အနိုင်ခံရတဲ့ဘဝ ဘာဖြစ်လို့ပါလဲ။

ငါ ရှေးဘဝက၊ ဘာတွေမကောင်းတာလုပ်မိလို့ပါလဲ။

သူမ အရှမ်းစိတ်ဆင်းရဲရလေပြီ၊ ဒီအိမ်ကြီးထဲက ထွက်သွားလို့လည်းမဖြစ်။

သူမ သွားစရာနေရာလည်းမရှိ၊ နေစရာအိမ်လည်းမရှိ ပြေး စရာမြေလည်းမရှိနိုင်သလို။

ဘယ်လောက်ထိ ဒေါ်ရွှေဝဋ်ကိုခံရဦးမည်မသိ။

သူမ ပန်းကန်ဆေးလို့ မတော်တဆကျကွဲလိုက်တာနှင့် ဒေါ်ရွှေက ဆံပင်ဆောင့်ဆွဲကာတွန်းပစ်တတ်သေးသည်။ နည်းလေးမှ မှားချွတ်မရပါ။





သူမ အလုပ်လွဲချော်သွားတာနှင့် ဒေါ်ရွှေက ရိုက်နှက်ဆဲရေးလာသည်။

ဘာဖြစ်လို့များ ဒီမိန်းမဆိုးကြီး ဒီအိမ်ကို အသေအလဲ ဘာကွယ်နေရတာပါလိမ့်။

သူ့အိမ် သူ့ယာလို အသည်းအသန်ကို ဆတ်ဆတ်ထိမခံ ဘာကွယ်နေတတ်တာ သူ့ငွေးကသော်ကို မျက်နှာလုပ်ချင်လို့လား တော့မသိ။

ကြာတော့ သူမအမှားကိုမလုပ်ရဲတော့ ဆိုးရွားတာက အမှားမလုပ်မိအောင် သတိထားလေ ပိုပြီးမှားယွင်းမိလာလေပင်။

ဒါ လူ့သဘာဝလား.. သူမနားမလည်တော့။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"နင့်ပုံစံကြီးက ဘယ်လိုဖြစ်နေတာလဲ"

"ရှင်"

ဒီရက်ပိုင်း သူမ အစားအသောက်ပျက်ကာ ဘာကိုမှမစားချင်၊ မသောက်ချင်ဖြစ်နေကာ ရင်ထဲမှာ ပျို့လာတတ်သည်။

ဘာဖြစ်မှန်းကိုမသိပါ၊

သူမရင်ထဲ ပျို့ကာအန်ချင်လာပေမဲ့ ဒေါ်ရွှေနှင့်အိမ်သားတွေရှေ့မှာ မအန်ရဲပါ၊ မပျို့ရဲပါ၊ ပျို့တက်ချင်လာသည့်စိတ်ကို မနည်းထိန်းချုပ်ထားရသဖြင့် သူမမျက်စိပျက် မျက်နှာပျက်ဖြစ်နေမှာတော့သေချာသည်။

ဒါကိုပဲ ဒေါ်ရွှေက သတိထားမိဟန်ဖြင့်စူးစူးဝါးဝါးကြည့်ကာမေးနေခြင်းဖြစ်လိမ့်မည်။





"ကျွန်မ ဘာမှမဖြစ်ပါဘူး"

"နင် ငါကိုမလိမ်နဲ့ နင့်ပုံစံက တစ်ခုခုဖြစ်နေတယ်"

"ဘာမှ မဖြစ်ပါဘူးဆို"

"ငါ့ကိုလာမအော်နဲ့၊ အဲ့ဒီမျက်လုံးနဲ့ လာမကြည့်နဲ့ ၊ငါက သံသယရှိလို့မေးတာ နင်ကိုချစ်လွန်းလို့၊ စိတ်ပူလွန်းလို့ မေးတာမဟုတ်ဘူး"

"သိပါတယ် ဒေါ်ရွှေ ပုံကြီးချဲ့ဖို့ဆိုတာ"

"ဟင် သောက်ကောင်မ ငါကိုခံပြောတယ် ငါက နင့်အတွက် တွေးပေးနေတာလေ၊ နင်တစ်ခုခုဆို ဒီအိမ်ကြီး တစ်အိမ်လုံး မီးတောက်ပြီပေါ့၊ နင်ကမြင်းထားလားလို့ မေးနေတာ၊ ရှင်းပြီ လား"

"ဘုရား"

အရက်စက်ဆုံးစကားဖြင့် စော်ကားခံနေရပြီဆိုတာ သူမ သိလိုက်သည်မို့ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ယင်သွားရအောင် ဒေါသထွက်ရလေသည်။

"စကားပြောတာ နည်းနည်းပါးပါးတော့ တရားရှိဖို့ကောင်းပါတယ်ဒေါ်ရွှေ၊ ကျွန်မ အိမ်ထဲက အိမ်ပြင်တောင် ထွက်ချိန်မရှိတာ စေတနာစကားနဲ့ဆို ကျွန်မလက်ခံမှာပါ၊ ခုလိုသံသယနဲ့ စော်ကားတာကိုတော့ ကျွန်မလဲ စိတ်ဆိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးအိမ်ထဲ မျက်ရည်တွေပြည့်လာပေမဲ့ သူ ခပ်မြန်မြန်ပဲ ပုတ်ထုတ်လိုက်သည်။

"ဟဲ့ ဒါ နင့်ကိုစော်ကားသည်ဖြစ်စေ၊ မစော်ကားသည် ဖြစ်စေ၊ ငါကတော့ ဒီအိမ်ကြီးအတွက်ဆို အစွမ်းကုန်ကာကွယ် ရမှာပဲ၊ အရှက်တကွဲ အကျိုးနည်းတော့အဖြစ်မခံနိုင်ဘူး"

"ဟုတ်မှလဲပြောပါ ဒေါ်ရွှေ ကျွန်မကို ကုန်းချောချင်လို့ မလား၊"

"ကြည့်စမ်း ကြည့်စမ်း ကောင်မ ပြောလေ ရိုင်းလေ လား"

"ကဲဟယ်"

"ဒေါင်"

ဒေါ်ရွှေက သူ သုတ်နေသည့် မယ်လမင်းရေခွက်စောင်းနှင့် သူမ ခေါင်းကို ဒေါက်ခနဲနေအောင် ထုလေသည်။

မထူးတော့။

သူမ ဒေါ်ရွှေကိုပြန်လုပ်ခွင့်မရှိပေမဲ့ ပြန်ပြောခွင့်တော့ ရှိရမည်။ အသက်အရွယ်ချင်းက အဒေါ်နှင့်တူမအရွယ်မို့ သူ ပြန်မလုပ်သင့်ပါ။

ဒီတော့ သူမ ဒေါ်ရွှေအရိုက်လည်းခံမည်၊ ပက်ခနဲလည်း ပက်မည်ပေါ့၊ အဲလိုတွေးထားသည်။





လက်မြှည်ခြေမြန်နှင့် ဆိုးဆိုးဆတ်ဆတ် ကိုယ်ထိ လက်ရောက် ရိုက်နှက်တတ်သည့် ဒေါ်ရွှေကို သူမ အရမ်းမုန်း သည်။

ဒေါ်ရွှေက သူမခံပြောလေ မုန်းသထက်မုန်းလေဆိုတာ ကို သူမသိလျက်နှင့် သူမ မခံတော့။

ဘူးဆန်းတာက ဒေါ်ရွှေ သူမကိုအနိုင်ကျင့်စော်ကားနေတာ မြင်လျှင် သူဌေးက ငြိမ်ခံမနေဘဲ ဝင်ပြီး သူမဘက်ကနေ ကာကွယ်ဖြေရှင်းတတ်သည်။

သူဌေးကတော်ကတော့ မကြားချင်ယောင်၊ မသိချင်ယောင် ဆောင်နေလိုက်သည်။

သူဌေး သူမအပေါ်ကောင်းတာမြင်လျှင် သူမ ရင်ထဲရင့်နင့် လှိုက်မောသွားတတ်သည်။

ပြီးလျှင် သူမ ဘယ်လိုမှ မမျှော်လင့်ထားသည့် အခွင့်အရေး တွေကိုလည်း သူဌေးက အပန်းမကြီးဟန် ပေးတတ်လာသည်။ ဥပမာ အိမ်မှာတော်ကြာကြ ဆံပင်ညှပ်တဲ့သူ လာလိမ့်မယ်၊ မင်းဆံပင်တွေရှည်နေပြီမဟုတ်လား၊ အိမ်သားတွေညှပ်ပြီးတာနဲ့ မင်းလဲလာညှပ်ဟုတ်လား။

"သမီးချုပ်နေကျ အဝတ်ချုပ်တဲ့ ဒီဇိုင်နာတစ်ယောက်ခေါ်ထား နေလာတော့မယ်၊ မင်းအန်တီလက်စွဲပေါ့၊ မင်းလဲ အစတွေရှိရင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း အပ်လိုက်လေ”

“သစ်ရွက်ခြောက်တွေ လိုက်ကောက်နေရင် တစ်နေကုန် တောင်ပြီးမှာမဟုတ်ဘူး၊ ကြွေလိုက် ကောက်လိုက် ပြန်ကြွေလာလိုက်နဲ့ ခြံအလုပ်က တော်တော်အလုပ်ရှုပ်တာ၊ မလုပ်လေနဲ့ တော်ကြာ ခြံရှင်းဖို့ကောင်လေးတွေရောက်လာလိမ့်မယ်”

စသဖြင့်ပေါ့။

သူမ သူဌေးကို အရမ်းကျေးဇူးတင်ရသည်မှာ ပြောဖွယ်ရာပင်မရှိနိုင်။

တစ်ခါတစ်ရံလည်း ဘာမပြောညာမပြောနှင့် သူမစားနေသည့်ထမင်းပန်းကန်ထဲ ဇွန်းနှင့်ခပ်လာဟန်တူသည့် ဟင်းတုံးတွေလာထည့်သွားတတ်သေးသည်။

ထိုအခါမျိုးတွေမှာ သူမငြိမ်ကျသွားသည်ထိ အံ့ဩရလေသည်။ ဒါကိုပဲ သူဌေးကတော်က သတိထားမိလာကာ သံသယမျက်လုံးတွေနှင့် ဆန့်ကျင်ဘက်နှုတ်ခမ်းကို အပြုံးတစ်ခုချိတ်ရင်း။

“တယ်ဟုတ်နေပါလား ယောကျ်ားရဲ့ ဘယ်အချိန်ကတည်းက ဒီဟင်းတွေ မိပုံကိုကျွေးချင်နေလို့ နိုးထားရတာလဲ”

“ဟာကွာ၊ မင်းကလဲ”

“နောက်ဆို ခိုးမကြည့်နဲ့၊ ခိုးမကျွေးနဲ့ ပေါ်တင်သာကျွေး အိမ်ဖော်အတွက်နဲ့များ ဟင်းဖွက်ပြီး ကျွေးရတယ်လို့ကွယ်”





“တော်တော် ကောင်မလေးအရမ်းပိန်နေလို့ အားရှိအောင် ကျွေးတာပါ၊ အလုပ်ကလဲ ဆက်နေတာ သူခများထိုင်ရတယ် ...ကိုမရှိဘူး”

“အမလေး၊ ယောကျ်ားရယ် အိမ်ဖော်ကို ဆီပြန်ဟင်းတစ် ...ဘ်နဲ့ အချဉ်ရည်ဟင်းဆိုရရောပေါ့၊ မမတို့စားသလို စားပွဲပေါ်က ...တွေ အကုန်ချကျွေးရမှာလား”

သူဌေးကတော်၏ စကားကို သူဌေး ဘာပြန်ဖြေမှာလဲဟု ...ရင်ထိတ်စွာ စိတ်ဝင်တစား နားစွင့်ထားကိုက်တော့။

“မင်းတို့ မိန်းမတွေက အလုပ်သမားဆို နိုင်းတော့များများ ...းတယ်၊ ကျွေးတော့ နည်းနည်းပဲကျွေးတယ်”

“အမလေးတော် အဖေကြီး ဒီလောက်သူများကို သနား ...မှ တော့ မမလဲ မစားတော့ပါဘူး၊ ရော့ ရော့ အကုန်းလုံးသာ ကျွေးပစ်လိုက်တော့”

သူမမှာ မလှုပ်မရှားရဲဘဲ လင်မယားနှစ်ယောက်၏ ရန်ဖြစ် ...းကို ရင်တဒိတ်ဒိတ်နှင့်ကြည့်နေရသည်။

နောက်ဆုံး သူဌေးကတော်က သူမကိုရှုတင်းတင်းကြည့် ...က်ထထွက်သွားတော့သည်။

“ပုံပုံ ကိုယ်လုပ်စရာရှိတာလုပ်ပါ၊ အန်တီ ခဏနေရင်စိတ် ...သွားလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဦး ကျွန်မပေါ်ကောင်းတော့ အန်တီစိတ်ညစ်နေရပြီ
တယ်၊ ကျွန်မစိတ်မကောင်းပါဘူး"

"အဲလို့တော့ မတွေးနဲ့လေ၊ ဘာပဲဖြစ်ဖြစ် ဦး မင်း
သမီးချင်း စာနာတာပါ"

"ကျေးဇူးတင်ပါတယ် ဦးရယ်"

သူ့ဒွေးက သက်ပြင်းရှိုက်ကာ သူမအနားကနေ အ
အယာ ထွက်ခွာသွားတော့သည်။

ဘာဖြစ်လို့လဲ

ဦးဟာ သူမအပေါ်ကောင်းပြီး တစ်ခုခုကိုလျှို့ဝှက်
ဖုံးကွယ်ထားပုံပါပဲ။

* * *



*ယောကျ်ားတစ်ယောက်ရဲ့ သနားစိတ်ဟာ
အချစ်စိတ်ထက်ကို စွမ်းအားကြီးပါသတဲ့လေ...။*

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

သူမသည် ကြားလိုက်ရသည့် စကားတစ်ခွန်းကို မယုံကြည်
န်းစွာ နောက်တစ်ခါက်ကို အထစ်ထစ်အငေါ့ငေါ့ ပြန်မေး
ည်ထိ အံ့ဩတကြီးဖြစ်ရလေသည်။

"ရှင်...ဘယ်...ဘယ်လို ဆရာမ"

"မင်းမှာကိုယ်ဝန်ရှိနေတယ်"

"မြတ်စွာဘုရား"

"မင်းကိုယ့်ကိုယ်ကို မသိတာလား၊ သတိမထားမိတာလား၊
င်ပွန်းကရော ကလေးယူချင်တယ်လို့ ကြို့မပြောဘူးလို့လား"

"ရှင်"

"အစ်မမေးတာ မင်းတို့ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျ
း ကလေးမယူသေးဘဲဆိုင်းထားရက်နဲ့ ကိုယ်ဝန်ရှိလာတာ



www.burmeseclassic.com

www.burmeseclassic.com



လားလို့ အဲ့လိုမေးတာ”

“ရှင်”

ဆရာဝန်မလေးက စိတ်ရှည်လက်ရှည်ပင် သူမကိုမျှ

မေးမြန်းနေသည်။

သူမရင်ထဲ ဟာလာဟင်းလင်းကြီးဖြစ်ကာ ဝိညာဉ်

အနှုတ်ခံရသူလို လေထဲလွင့်မျောနေသကဲ့သို့။

ကြည့်စမ်း •

ဘာဖြစ်လို့လဲ

ဘာဖြစ်လို့ ငါမှာကိုယ်ဝန်ရှိနေရတာလဲ။

ငါ ငါမှာ ရည်းစားလဲမရှိ၊ ချစ်သူလဲမရှိ၊ ယောကျ်ား

သူငယ်ချင်းတောင်မရှိခဲ့တဲ့ မိန်းမတစ်ယောက်။

ဘာဖြစ်လို့ ငါမှာကိုယ်ဝန်လာရှိရတာပါလိမ့်။

မဖြစ်နိုင်တာ။

ငါ ငါ သုံးလလောက် နီးနီးထိန်ချန်နေတာ ရိုးမို

အားနည်းနေလွန်းလို့နေမှာပါ။

ဒါပေမဲ့

ခုဆရာဝန်မက ငါ့မှာ ကိုယ်ဝန်ရှိနေပြီတဲ့။

ငါ ဘာလုပ်ရမလဲ

ဘယ်သူနဲ့လဲ





ဘယ်သူကြောင့် ခုလိုကိစ္စမျိုးတွေဖြစ်ရတာလဲ။

သူမ တော်တော်နှင့် မပြန်နိုင် ခုတင်ပေါ်ကနေ ထဆင်

က်ဖို့ပင် အင်အားမရှိသလိုမျော့ခွေကာငြိမ်နေသည်။

မယုံနိုင်စရာ။

သေချာတာ သူမ ဘယ်သူနဲ့မှ မငြိစွန်းခဲ့တာသေချာသည်၊

ရား ဘုရား အဲ့ဒီလောက်ကြောက်စရာကောင်းတဲ့ အဖြစ်မျိုး

ဘာလို့များ ငါကျမှဖြစ်လာခဲ့ရတာလဲ။

“ညီမလေး မင်းစိတ်အေးအေးထား၊ အစ်မမေးတာ စဉ်းစား

တစ်ခုချင်းဖြေ”

“ရှင်”

ဆရာဝန်မလေး မျက်နှာပေါ်က ကရုဏာရိပ်၊ ငဲ့ညှာ

နာစိတ်၊ သနားကြင်နာစိတ်ကလွဲပြီး တရားခံတစ်ယောက်

မေးနေသည့်ဟန်မျိုး မြူတစ်မှုန်ပင်မရှိပါ။

ဘုရားရေ

ဆရာဝန်မလေးက သူမရင်ထဲက ခံစားချက်တွေကိုများကြို

နေသလိုမျိုးပါလား။

“ညီမလေးကအိမ်ထောင်နဲ့လား”

“ဟင့် အင်း”

“အပျိုပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"ရည်းစားရှိလား"

"ဒါဖြင့် ယောကျ်ားလေးသူငယ်ချင်းရှိလား"

"ဟင့် အင်း"

"အို ဒါဖြင့်"

"ကျွန်မ ကျွန်မ အမှန်အတိုင်း ဖြေနေတာပါအစ်မရ တကယ့်ကို မရှိတာပါ၊ ကျွန်မ ဘာဖြစ်လို့ အခုလိုဖြစ်နေရ လဲလို့ မစဉ်းစားတတ်တော့ဘူးအစ်မရယ်"

သူမ မျက်ရည်တွေ တပေါက်ပေါက်စီးကျလာသည် ဘယ်လိုမှ ထိန်းချုပ်မရတော့။

"အစ်မရယ်"

"ကျွန်မ သေချင်လိုက်တာ သေပါရစေ၊ ကျွန်မ သေ ပြီ၊ ဒီကိစ္စ ဘာကြောင့်ဖြစ်လဲဆိုတာ ကျွန်မ စဉ်းစားစရာမလို ဘူးလေ၊ နို့မို့ဆို ကျွန်မဒီကလေးကို ဘယ်လိုမွေးမလဲ၊ အဖေမှမရှိတာ"

"ဒါပေမဲ့ ဒီကလေးကို ညီမ ဘာမှလုပ်လို့မရဘူး"

"ရှင်"

"ဖျက်ချလို့လဲမရဘူး၊ အစ်မလဲမလုပ်ပေးဘူး၊ ကိုယ်တိုင်လုပ်မိရင်လဲ ကလေးဖျက်ချမှုနဲ့ ညီမ အရေးယူ





ကလေးလဲဆုံး၊ ညီမလဲထောင်ကျ အဲလိုအဖြစ်မျိုးကြုံရတတ် တယ်"

"ဟင်"

"အခန့်မသင့်ရင် ကလေးဖျက်ချနေရင်း၊ မိခင်ပါသေဆုံး သွားနိုင်တယ်"

"ဒါဖြင့် ကျွန်မက ဘာလုပ်ရမှာလဲဟင် အစ်မ၊ ဒီကလေးကို မွေးရမယ်ပေါ့၊ ဟုတ်လားအစ်မ"

"အင်းပေါ့ ဒီတစ်နည်းပဲရှိတာ၊ ဒီလိုပါပဲ ညီမရယ် လောကမှာ မထင်မှတ်တာတွေဖြစ်လာ ကြုံလာရတာပါပဲ၊ ခံနိုင်ရည်ရှိရမယ်လေ၊ အစ်မလဲ ညီမလေးကို မြင်မြင်ချင်း ကရုဏာသက်မိပါတယ်၊ လိုအပ်တာ ကူညီပေးမယ်၊ ဟုတ်လား"

"နောက်လဲ၊ မကြာ မကြာ ဗိုက်လာပြရမယ်နော်၊ ခု လိုအပ်တဲ့ အားဆေးတွေ အစ်မပေးလိုက်မယ်"

အို သေချင်လိုက်ပါဘိတော့။

မြတ်စွာဘုရားကယ်တော်မူပါ။

ဒီကလေးဟာ ဘယ်သူ့ကလေးပါလဲဘုရား။

ဘုရားတပည့်တော်မကို သနားငဲ့ညှာသောအားဖြင့် အရက် တကွဲမဖြစ်ရအောင် ကာကွယ်စောင့်ရှောက်တော်မူပါဘုရား။

"ကဲ ညီမလေးပြန်လို့ရပြီ၊ တခြားလူနာတွေလဲရှိသေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အခက်အခဲရှိတာ ရင်ဆိုင်ရလိမ့်မယ်၊ ခုချိန်မှ ဘာမှလုပ်လို့မရတော့ဘူး ဟုတ်လား”

“ဟုတ်ကဲ့”

သူမ မျက်လုံးတွေနီအစ်နေအောင် ငိုထားခဲ့ပြီမို့ဆေးခန်းက အထွက် လမ်းမှာကိုယ့်မျက်နှာ ဘယ်သူမှမမြင်ရအောင် ခေါင်းကို ငုံ့ကာ တစ်လှမ်းချင်း လျှောက်နေမိသည်။

ကံဆိုးစွာ မိုးကရွာချလာပြန်သည်။

ရွာစမ်းပါစေ၊

ဘယ်လောက်စိုစို မမှုနိုင်တော့

တစ်ကိုယ်လုံး အေးခဲပြီး သေသွားရင်လည်းကောင်းတာပဲ။

ခု လောလောဆယ် သူမ သေဖို့ကောင်းနေခဲ့ပြီ။

သူမ ဘယ်သူနဲ့မှ မဖောက်ပြန်မိတဲ့ကိစ္စ တွေးမိရင်တောင် ကြောက်စရာ ကြက်သီးတောင်ထမိပါရဲ့။

အိမ်ရောက်တာနဲ့ သူမ ပထမဆုံးရင်ဆိုင်ရမှာက ဒေါ်ရွှေ

ဒုတိယက သူဌေးကတော်

တတိယ သူဌေး

သူတို့တွေကို သူမ ဘယ်လို ရင်ဆိုင်ရမည်နည်း။ ဈေးဝယ်ပြီး အပြန် အိမ်သားတွေ ဘယ်သူမှမပါတုန်း ဆေးခန်းဝင်မိတာနဲ့ ဘာဖြစ်လို့ ဒီလိုဖြစ်နေရတာပါလိမ့်။





မယုံချင်လည်း ယုံရတော့မည်ပေါ့။

ဒီရက်ပိုင်းတွေ သူမ ပျို့ပျို့အန်တာ၊ အစားအသောက် ...စားချင်မသောက်ချင်ဖြစ်တာ အိပ်မပျော်နိုင်တာ မျက်ကွင်းချောင် ...တာ ဒါတွေကို သံသယရှိနေတဲ့ ဒေါ်ရွှေကို သူမ ဘယ်လို ...င်ဆိုင်ရပါမည်နည်း။

ဒီအကြောင်းတွေ သိလိုက်တော့ ဒေါ်ရွှေ လက်ညှိုးအောက်၊ ...က်နက်ကုတ်ဖွဲ့မှုအောက်မှာ သေသွားနိုင်သည်။

သူမ အိမ်လည်းမပြန်ရဲတော့။

ပြန်ကို မပြန်ရဲတော့။

ကြာလျှင် ထိုကိစ္စကြီးက ဘွားပေါ်သလိုပေါ်တော့မည်၊ ...ယ်လိုမှ ရင်မဆိုင်ရဲ၊

မထူးတော့၊

သူမ သေချင်နေပြီ။

သူမ သေချင်နေပြီမို့လည်း ရောက်ရာပေါက်ရာလျှောက် ...သွားတာက ကောင်းဦးမည်။

ကောင်းပြီ၊

သူမ မပြန်ဘူး၊

သူမ လျှောက်နိုင်သရွေ့ လျှောက်နေမည်။

မိုးလည်းစိုချင်သလောက် စိုပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးပစ်ချလည်းခံလိုက်မည်၊ ထွက်ကိုမပြေး
ခုချိန်မှာ သူမ သေဖို့အဆင်သင့်ဖြစ်နေပြီမို့ လာမယ့်ဘေး
အန္တရာယ်တွေ ကြောက်စရာ မှုစရာမလိုတော့။

"မေမေ"

မေမေ သူမကို မိုးထဲလေထဲ ခြံထိပ်အရောက်လိုက်ပို့
မှ စိတ်ချသွားကာ အသက်ပျောက်သွားခဲ့သည်။

သူမ ကရော၊

သူမလည်း မိုးထဲလေထဲမှာပဲ ကျေကျေနပ်နပ်ကြီး အသ
ထွက်ခံလိုက်တော့မည်။

သူ့ဒွေး အိမ်လည်းမပြန်ချင်၊ မပြန်ရဲ ၊ ဈေးခြင်းလည
ဘယ်မှာ ထားမိမှန်းမသိတော့၊ မပြန်တာ အကောင်းဆုံး

မိုးရယ်၊ ရွာစမ်းပါ။

ကျွန်မ တစ်ကိုယ်လုံး တုန်ခိုက်ပြာနှမ်းသွားတဲ့
ရွာချပေးပါ၊ ကျွန်မ မိုးရေထဲမှာသေစမ်းပါရစေ။

သေပါရစေ၊

သေပါရစေတော့ မိုးမင်းကြီးရယ်။

* * *





## အခန်း (၁၀)

သူမ မိုးထဲလေထဲလျှောက်ရင်း ငိုရင်း လျှောက်ရင်းဖြင့်
ဘယ်ဆီကို ရောက်လာမှန်းပင် မသိတော့။

လျှောက်ရပါများ၍ ခြေထောက်တွေက ယိုင်နဲ့နေပြီ၊
လေးတွဲ့နေပြီ၊ သယ်ကိုမသယ်ချင်လောက်အောင် မောပန်း
နွမ်းလျှနေပြီ။

မိုးတွေက တဝုန်းဝုန်းရွာချနေဆဲ၊

ညနေကလည်း နေလုံးပျောက်ကာ ကောင်းကင်တစ်ခုလုံး
အုံ့မှိုင်း မှောင်ညှို့နေသည်။

ကြည့်စမ်း၊

မိုးကလည်း သဲပါဘိတော့။



www.burmeseclassic.com

www.burmeseclassic.com



သူမ ရင်ထဲက အပူလုံးကလည်း ကြီးပါဘိတော့။

"ကလေး"

"ကလေးရယ်"

"ဘယ်သူ့ကလေးလဲကွယ်"

"ငါ ဘာမှမသိခဲ့တာအမှန်ပါ"

"ငါ့ကို မင်းအဖေကို ဖော်ထုတ်ပေးပါ"

"မင်းကိုမွေးဖွားလို့ရအောင် မင်းအဖေကိုရှာပေးပါ တောင်းပန်ပါတယ် ကလေးရယ်"

သူမ မျက်ရည်တွေက ခုချိန်ထိတိတ်လို့မရသေး၊ မိုးနဲ့အပြိုင်တဖွဲဖွဲ တပေါက်ချင်း စဲကိုမစဲနိုင်။

ထိုအချိန် သူမ နောက်နားဆီက ပြေးလိုက်လာသည့်ခြေသံတွေကိုကြားရသည်။

သူမ လှည့်မကြည့်။

"ဟေ့...ဟေ့...နေဦး"

ပြေးလိုက်လာသည့် ခြေသံတွေက အနီးကပ်လာကာ သူမနားမှာ ရပ်တန့်သွားကြသည်။

သူမ မော့ကြည့်လိုက်တော့ အမျိုးသားသုံးယောက်။

"ဟင်"

"ညီမလေး၊ တစ်ယောက်တည်းလား"





"မိုးရေထဲ လျှောက်ရတယ်လို့ကွာ၊ ချမ်းနေမှာပေါ့"

"ကိုယ်တို့မှာ ကားပါတယ်၊ အချမ်းပြေအောင် ကော်ဖီမသောက်ချင်ဘူးလား၊ လာ လာ ကိုယ်တို့တိုက်ပါမယ်"

"ရှင်"

သူမ ဘယ်လောက်ထိ အ,လိုက်သလဲဆိုရင် ထိုသုံးယောက်ကို အန္တရာယ်ကောင်တွေမှန်း မသိသေးပါ။

တစ်ခါမှလည်း အခုလိုမကြုံဖူးသေးတာမို့ အစကတော့ ယောင်နစွာ နားထောင်နေသေးသည်။

"နာမည် ဘယ်လိုခေါ်လဲဟင်"

"ရှင်"

"နာမည်လေ မင်းနာမည်ပြော၊ ကိုယ်တို့မိတ်ဆွေဖွဲ့ရအောင်"

"ကျွန်မ ကျွန်မ ရှင်တို့ကိုမသိဘူးလေ"

"ဟား...ဟား...မသိလို့ ကိုယ်တို့ကစပြီး မိတ်ဖွဲ့တာလေ၊ လာပါ မိုးထဲစကားရပ်ပြောရတာ မကောင်းဘူး၊ ကားပေါ်တက်ရအောင်"

"ဟင့်အင်း ကျွန်မရှင်တို့ကိုမသိဘူး၊ ရှင်တို့လူမှားနေပြီ"

"အလိုက်တာကွယ်၊ ကျွတ် ကျွတ် ကျွတ်"

"အား ရိုး ရိုး တကယ့် အရိုင်းပန်းလေးပါလား၊



www.burmeseclassic.com

www.burmeseclassic.com



သနားတယ်”

“အဖြူထည်လေးကွာ၊ မင်းတို့ သူ့ကိုငိုအောင်မလုပ်နဲ့၊ ကဲ ကဲ တို့ကစပြီးပြောမယ်၊ တို့နာမည်တွေက ဗလ၊ မင်းထင်၊ ကျော်စွာ သုံးယောက်ပေါင်းသူရဲကောင်းလို့မှတ်လိုက်”

“ရှင်”

“ဟုတ်တယ်လေ၊ ကိုယ်တို့က မိန်းမလှလေးတွေတွေ့ရင် သူရဲကောင်းဖြစ်သွားရော၊ အဲလို အဲလို”

“ရှင်”

“ဝါး ဟား ဟား”

“အူး ဟူး ဟူး”

သူမမှာ ပထမတော့ကြောက်လန့်ဖို့ပင် သတိမရနိုင်လောက်အောင် ကြောင်အမ်းယောင်နစွာသုံးယောက်ကြားမှာ ပတ်ချာလည်နေခြင်း။

နောက်တော့မှ သူတို့သုံးယောက်၏ ပြိုင်တူရယ်မောသံတွေက ကြောက်ခမန်းလိလိ ထွက်ပေါ်လာတာမို့ ကြောက်ရမှန်းသိလာတော့သည်။

“ရှင်တို့၊ ရှင်တို့က”

မိုးသံကို ထွင်းဖောက်လုမတတ် အော်ရယ်နေသံတွေကြောင့် သူမ ကြောက်စိတ်တွေက တရိပ်ရိပ်မြင့်တက်လာလေပြီ။





“ဟဲ ဟဲ ဟဲ ကားပေါ်တက်ပါကွာ၊ မိုးရေထဲလိုက်တမ်းတမ်းကစားရမှာ ပျင်းစရာကြီးနော်”

သူမ ရင်ထဲ နင့်နေအောင်ကြောက်သွားမိပေမဲ့ ကြောင်ကျက်ရှိကာ ဘာလုပ်ရမှန်းမသိပါ။

“သူတို့မျက်နှာတွေက စပ်ဖြီးဖြီးတွေနှင့် သူမ တစ်ကိုယ်လုံး စားတော့ဝါးတော့မတတ်ကြည့်နေသည်။

သူမမှာ ရေစိုနေသည့် အဝတ်အစားတွေကြောင့် မလုံမလဲ ဖြစ်နေသည့် အင်္ကျီလည်ပင်းကို လက်နှစ်ဖက်နှင့်ယှက်သိုင်းထားဆဲ။

“လာ”

“ကြာတယ်၊ သိပ်အိုက်တင်လုပ်မနေနဲ့”

“ကိုယ်တို့ စိတ်ဆိုးလာရင် မင်းမလွယ်ဘူးမှတ်”

“ဟင်”

ထိုသူတွေက သွေးဆူကာ သူမကိုထွက်ပေါက်မရှိအောင် ဝိုင်းလိုက်ကြတော့သည်။

ဘုရား ဘုရား

မထူးတော့ သူမဘဝလျှောက်သွားနေမယ့်အတူတူ အစ့လို ...န်မျှော လိုက်ရမလား။

မဖြစ်နိုင်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



သူမဟာ မိန်းမကောင်းတစ်ယောက်၊ ဒီလိုအဖြစ်မျိုး တော့ ကြေးစားဘဝအရောက်မခံနိုင်။

"ဖယ်ကြပါ"

သူမ ရှေ့ကတစ်ယောက်ကို အားကုန်ဆောင့်တွန်းလိုက် ကျန်နှစ်ယောက်က သူမကို နောက်ကနေ ဝိုင်းချုပ်ကြတော့သည်

"အို ဘာလုပ်တာလဲ"

"လွှတ် လွှတ်ပါ"

"ကျွန်မ အော်လိုက်မယ်နော်"

လူရှင်းသည့်နေရာ၊ မိုးတွေကလည်း သဲသဲမဲမဲရွာနေ ကောင်းကင်တစ်ခုလုံး မှောင်မည်းနေပြီမို့ သူမအားရှိသ ရုန်းကန်မိဆဲ။

"ဟေ့ကောင်တွေ၊ ဘာလုပ်တာလဲ လွှတ်လိုက်စမ်း"

စူးရှကြည်လင်သည့် အသံတစ်ခုက သူမတို့ လူအု ရှုံ့ခနဲဖြစ်သွားစေပြီးမှ ထိုလူတွေက ရုတ်ရုတ်သဲသဲဖြစ်ကုန် သည်။

"အောင်မာ ဘာလဲ ဘာလာရှုပ်တာလဲ၊ ခင်ဗျားနဲ့ ဆိုင်လဲ"

"မင်းတို့ မိန်းကလေးတစ်ယောက်ကို ဝိုင်းအနိုင်ကျင့် ငါမကြည့်နိုင်လို့ကွ"





"ဟင်...ဦး...ဦးပါလား"

သူမ လုံးဝမထင်မှတ်ထားတဲ့ သူဌေးကိုတွေ့လိုက်ရတော့ အားကိုးတကြီးဖြင့် ဝမ်းသာအားရပြေးသွားမိတော့သည်။

"ဦး"

"ဟင်...ပုံပုံပါလား၊ ကြည့်စမ်း"

"ကျွန်မကိုကယ်ပါဦး၊ ကျွန်မဒုက္ခရောက်နေတယ်"

"ဟာ တယ်ဟုတ်ပါလားကွ ၊ ဘဲအိုးကြီးကိုး လာလူငယ် တွေရဲ့လက်သီးမြည်းလိုက်စမ်း"

"ချကွာ ချ ချ"

"တောက် လာဝင်ရှုပ်တဲ့ ဘဲနာကြီး"

"အမလေး"

ဒေါသတကြီးဖြင့် သွေးဆာနေကြသည့် ထိုလူသုံးယောက် က သူဌေးကို ပြေးထိုးချတော့သည်။

သူဌေးကလည်း တန်ပြန်ခုခံကာထိုးနေသည့်မို့ သူမမျက်လုံး တွေပြာခနဲဖြစ်သွားကာ လမ်းမပေါ်ထွက်လာသမျှ ကားတွေကို ကမူးရှူးတိုးတားနေမိသည်။

"လာကြပါ၊ ကယ်ကြပါ ဟိုမှာရန်ဖြစ်နေပါတယ်"

သူမ ကံကောင်းချင်တော့ သူမအကူအညီတောင်းမိသည့် ကားက ကင်းလှည့်နေသည့် ရဲကားတစ်စီးဖြစ်နေသဖြင့် သူ့ကိုမြင်



www.burmeseclassic.com

www.burmeseclassic.com



တာနှင့် ထိုသူတွေ ခွေးပြေးဝက်ပြေး ပြေးကုန်ကြတော့သည်။

သူမမှာ သူဌေး၏ နှုတ်ခမ်းထောင်စွန်းက စီးကျလာသည့် သွေးစက်တွေကို ကြည့်မိကာ။

"အရမ်းနာသွားပြီ ဦး အရမ်းနာနေလားဟင်"

"မင်း ဘာမှမဖြစ်ဘူးမဟုတ်လား"

"ဟုတ်"

ရဲတွေကလည်း သူမတို့ဘက်က ဘာမှအမှုမဖွင့်ဘဲ ကျေ အေးလိုက်သည်မို့ တာဝန်ရှိသည့်နေရာဆက်ပြီး ထွက်ခွာသွား ကြသည်။

"ဦး ဒဏ်ရာတွေအများကြီးပဲနော်၊ စိတ်မကောင်းပါဘူး အဲ့ဒါ ကျွန်မကြောင့်ပါ၊ ကျွန်မကြောင့်ဖြစ်ရတာ"

"ရတယ် လာ အဲ့ဒါတွေနောက်မှပြော ကားပေါ်တက်"

"ရှင် ..."

"မင်းပြန်လိုက်ခဲ့မယ်မဟုတ်လား"

"ရှင်"

"ဟော မင်းကိုယ့်အိမ်က ထွက်ပြေးလာတာလား"

"ရှင်"

"ဟာ ခက်တော့တာပဲ၊ မင်းထွက်ပြေးလာလို့ ဒုက္ခရောက် ရတာလေ တော်သေးတယ်၊ ကိုယ်နဲ့တွေ့လို့ နို့မို့ဆို မင်းဘဝပျက်





မှာမယ်သိလား၊ အရမ်း အရမ်း လျှောက်မလုပ်နဲ့ ကြားလား"

"ဟင့်အင်း ကျွန်မ ကျွန်မ ပြန်လိုက်လို့မဖြစ်ဘူး ဦး"

"ဘယ်လို"

"ကျွန်မ ဦးတို့အိမ်မှာနေလို့မဖြစ်တော့လို့ပါ"

"တောင်းပန်ပါတယ်"

"ဟင်"

ကားအသွားအလာမရှိ၊ လူအသွားအလာလဲမရှိ၊ ရုတ် တရက်ကြီး သူမ သူဌေးရင်ခွင်ထဲ ပြေးဝင်မိကာ ရှိုက်ကြီးတငင်ငို ကြွေးလိုက်မိတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အဆုံး

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်ပေးပူးတဲ့ ဒဏ္ဍာရီအနမ်း

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ရဲ့စိတ်ကို နောက်ဆုံးတွန်းလှန်
နိုင်တာ အချစ်ပဲဖြစ်ပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"ရှင် ဘယ်ရောက်နေတာလဲ"

"ဘယ်ရောက်နေတာလဲလို့ မမမေးနေတယ်လေ"

သူဌေးက သူမလက်ထဲသို့ ဖုန်းကိုလှမ်းပေးလိုက်ခြင်း၊ သူမမှာ တစ်သက်နှင့်တစ်ကိုယ် မကိုင်ဖူးခဲ့သည့် ဆဲ(လ်)ဖုန်းကြီးကို နားနှင့်ခပ်ကြောင်ကြောင် ကပ်လိုက်ဆဲ သူဌေးကတော်၏ အသံတွေက ဆက်တိုက်ဝင်ရောက် လာနေသည်။

"ဟယ်လို"

"ဒါလင်၊ မမမေးနေတာဖြေလေ ဘာလို့ဘာမှမဖြေရတာလဲ၊ ဒါလင် ဘယ်ရောက်နေလဲ၊ ခူ ဘယ်မှာလဲ မမလိုက်ခဲ့မယ်"

အိမ်မှာ မိပုံပျောက်သွားလို့ ခေါင်းတောက်နေတာ အဲ့ဒီကောင်မ ထွက်ပြေးသွားပြီ ဈေးဖိုးတွေရော၊ ဈေးခြင်းပါယူသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျန်တာဘာတွေပယူဦးမယ်မသိဘူး၊ ခုထိလဲ ပြန်မလာဘူး မမ သိပ်စိတ်တိုတယ်သိလား ဒါလင်”

“မမတို့မသိအောင် ဘာတွေခိုးသွားလဲမသိဘူး၊ အဲ့ဒီကိစ္စ ရဲကိုတိုင်မယ် လုံးဝမကျေနပ်ဘူး၊ အခု မမတစ်ယောက်တည်း စိတ်ရှုပ်လွန်းလို့ ဒါလင်အမြန်ပြန်လာ မလာရင် မမ ခုလိုက်ခဲ့မယ်”

သြစာသံအပြည့် မာန်အပြည့်နှင့် ဒရစပ်ပြောနေသည့်သူဌေး ကတော်ကို တစ်ခုခုဖွင့်ပြောဖို့စိတ်က ကတုန်ကယင်ဖြစ်နေဆဲ။

“ဒါလင်”

“ဒါလင်”

“ခု ဖုန်းကိုင်တာ ဒါလင်မဟုတ်ဘူးလား၊ ဘယ်သူလဲ ဘယ်ကောင်မလဲ”

တစ်ဖက်က သူဌေးကတော်ကြီးအသံက အရမ်းတင်းမာ လာကာ ဖွတ်ဟောက်တော့သည်။

သူမ ဇက်ကလေးပုသွားသည်ထိ ကြောက်မိကာ ဖုန်းကို သူဌေးဆီ ထိတ်လန့်တကြားပြန်ပေးလိုက်ရသည်။

ကြည့်ရတာ သူဌေးကတော် ရင်ထဲသံသယ ကြီးသထက် ကြီးလာပုံရသည်။

သူမ စရောက်ကတည်းက ဘာကြောင့်မှန်းမသိ ဒေါ်ရွှေက





သူမကိုအလိုလိုနေရင်းကြည့်မရစွာ အနိုင်ကျင့်စော်ကားပြုသည်။

သူဌေးကတော်က နားလည်ရခက်စွာ ဥပက္ခာပြုထားသည်။

သူမ ထိုအမျိုးသမီးနှစ်ယောက်ကို အရမ်းကြောက်လေသည်။ နုလည်း ကိုယ့်ဒုက္ခနှင့်ကိုယ်မပြန်ရဲ၊ သူမ ဗိုက်ထဲကကိစ္စ သိသွားလို့ကတော့ သူမ ဘယ်လောက်အရိုက်ခံရမည်၊ အစွပ်စွဲခံရမည်ဆိုတာကို တွေးပင်မတွေးရဲတော့။

သူမက သူဌေး၏ကားပေါ်မှာ ကားရှေ့ခန်းမှာ အဲကွန်းလေအေးစက်ကြောင့် အဝတ်အစားစိုတွေပင် အတော်ခြောက်လုလု ဖြစ်ခဲ့ပြီ။

အပြင်ဘက်မှာ မိုးကစောစောကလို သဲသဲမဲမဲမရွာတော့ အတော်အသင့်စဲသွားပြီဖြစ်သည်။

သူမမှာ သူဌေးကိုသာ အားကိုတကြီးကြည့်ရင်း တဘက်မှ ဘာတွေပြောနေမှန်း မသိတာကို နားစွင့်ကာစိတ်လှုပ်ရှားနေမိသည်။

“အဲ့ဒီကောင်မလေးကို ကိုယ်တွေ့ထားတယ်၊ ခုကိုယ်သူနဲ့ အတူရှိနေတယ်၊ ခဏနေရင်ပြန်လာခဲ့မယ်”

တစ်ဖက်မှ ဘာတွေပြောနေမှန်းမသိတော့၊ သူဌေးကတော့ ဖုန်းကိုပိတ်လိုက်ကာ ပါဝါခလုတ်လေးပင် ပိတ်လိုက်ပြီဖြစ်သည်။

“ဘာဖြစ်လို့လဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင် ဦး ဘာဖြစ်လို့ အန်တီနဲ့ စကားမပြောရတာလဲဟင်၊ အန်တီ သိပ်စိတ်ဆင်းရဲသွားမှာပေါ့"

"မင်းရော"

"ရှင်"

"မင်းရော စိတ်မဆင်းရဲနေဘူးလား"

"ရှင်"

"ကိုယ်သိတယ် မင်းတစ်ခုခုဖြစ်နေတယ်၊ ကိုယ့်ကိုပြောပါ"

"ရှင်"

ရုတ်တရက် သူမ မျက်လုံးတွေပြာနေဖြစ်သွားကာ အသက်ပင်မရှူမိ သူဌေးက သူမကို စူးစူးစိုက်စိုက်ကြည့်နေခဲ့ကာ။

"မင်း ဒုက္ခရောက်ပြီထင်တယ်"

"ရှင်"

"ဟုတ်တယ်၊ မင်းဒုက္ခရောက်နေပြီ"

"ရှင်"

သူမ ဘယ်လိုဖြစ်သွားမှန်းမသိတော့၊ သူမ သတိပြန်ဝင်လာချိန်မှာ သူမ၏ ဆံနွယ်စစိုစိုကို သူဌေးက နွေးထွေးသွားအောင် နမ်းရှိုက်ပြီးနှင့်ပြီ။

ဘုရားရေ၊

ကားထဲမှာ သူမနှင့်သူဌေးနှစ်ယောက်တည်း။





ပတ်ဝန်းကျင်တစ်ခုလုံးလဲ တိတ်ဆိတ်ကာ ငြိမ်သက်လျက်၊

"အို"

ပထမဆုံး သတိပြန်ဝင်လာကာ ရှန်းထွက်မိသူက သူမ၊ ပြီးလျှင် သူဌေးကို ထိတ်လန့်အံ့ဩစွာကြည့်မိတော့။

"ကိုယ့်ကြောင့် မင်းဒုက္ခရောက်ရပြီ"

"ကလေးရယ်"

"ရှင်"

အဲ့ဒီလောက် သိမ်မွေ့နူးညံ့စွာ သူဌေးပြောလိမ့်မည်ဟု သူမ မထင်ခဲ့၊ သူမသည် အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသားဖြစ်ကာ နှုတ်ခမ်းတွေပင် တဆတ်ဆတ်တုန်ယင်နေတော့သည်။

"နားလည်တယ်မဟုတ်လား"

"ရှင်"

"စိတ်ချပါ ကိုယ် မင်းကိုစောင့်ရှောက်မှာပါ၊ ကလေးဟာ အဖေမရှိတဲ့ ကလေးတော့မဖြစ်စေရဘူးလေ"

"ဒါ ဒါဖြင့်"

"အင်း ကိုယ်ကတိပေးတယ်"

"ကိုယ့်ကတိဟာ ကိုယ့်သစ္စာပဲ"

"ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



၊သူဌေးမျက်လုံးတွေက သူမပေါ်မှာသနားစိတ်၊ ကရုဏာ စိတ်၊ ငဲ့ညှာစိတ်တွေနှင့် စိတ်ထက်သန်ပြင်းပြနေတာ သူ တွေ့နေရသည်။

ကြည့်ရတာ သူဌေးရဲ့ဆန္ဒတွေက ဘယ်လိုအင်အားနှင့် ဖြိုဖျက် မရနိုင်တော့ဘူးထင်သည်။

ကြည့်စမ်း

သူမ တရားပါမလား၊

သူမ တစ်သက်လုံး သူဌေးတို့မိသားစုကို ဘယ်လိုကြည့် ပါ့မလဲ။

အင်မတန် နူးညံ့အေးဆေးတဲ့ ယောကျ်ားတစ်ယောက် ရက်စက်ပြီး အဆိပ်ပြင်းသည့် နှလုံးသားမျိုးကို သူမမပေးဘူး သေချာသည်။

အံ့သြစရာကောင်းလိုက်တာ။

"အန်တီ"

အန်တီကတော့ သူမကို ဘယ်တော့မှ ခွင့်လွှတ်မည်မဟုတ် ဘယ်ကာလထိ နာကြည်းငြိုးမျက်မည်မသိ

ဘုရား ဘုရား

သူမမှာ ထွက်ပေါက်မရှိအောင် ချောင်ပိတ်မိသွားဆဲ

"မင်း ဘာမှ သိပ်မစဉ်းစားပါနဲ့ "





"ကိုယ် ဘာလုပ်ရမလဲဆိုတာ ကိုယ်သိတယ်"

"ဒါပေမဲ့ "

"အန်တီ"

သူမ၏ အလန့်တကြားသံကြောင့် သူဌေးက သူ့နှုတ်ခမ်း လေးကို တွန့်ကွေးကော့ညွတ်စွာ ပြုံးပြီးလျှင်။

"မမကို ကိုယ် ဘယ်တုန်းကမှ ချစ်ခဲ့တာမဟုတ်တာဘဲ"

"ရှင်"

"လူကြီးတွေ ပေးစားလို့ ကိုယ်မတတ်သာဘဲယူခဲ့ရတာ"

"ဒါပေမဲ့၊ သူဌေး"

"မဖြစ်နိုင်ဘူးလို့ မင်းငြင်းဦးမလို့လား၊ လောကမှာ ဖြစ်နိုင်ဘူးဆိုတာ ဘာမှမရှိဘူး၊ ဖြစ်အောင်ပဲလူတွေက လုပ်ယူ တာလေ"

"ဒီကိစ္စတွေကို ကျွန်မ ဘာမှမသိခဲ့တာ အမှန်ပါသူဌေး ယ်၊ တောင်းပန်ပါတယ် သူဌေးတို့စိတ်ညစ်ကြရတော့မယ်"

"ဟင့်အင်း ကိုယ်မင်းကို အချိန်မရွေးလက်ထပ်ဖို့ အဆင့် င့်ဖြစ်နေခဲ့တာ "

"ဘုရားသခင်"

သူမ မျက်လုံးတွေပြူးကျယ်ဝိုင်းစက်သွားကာ ရင်ဘတ်ဆီမှ ည်း စူရှူးဝါးဝါးထိုးအောင့်သွားသည်ထိ နှလုံးအခုန်မြန်သွားရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ကြည့်စမ်းပါဦး။

သူဌေးရဲ့မျက်နှာက လျှို့ဝှက်ချက်တစ်ခုခုကို ဖုံးကွယ်မြှုပ်နှံထားခဲ့တယ်လို့ သူမထင်ခဲ့တာ ခုတော့ သူမ ဒီလျှို့ဝှက်ချက်ကြီးကို သိခဲ့ရပြီ။ ဘယ်လောက်အံ့ဩစရာကောင်းလိုက်သလဲ။

ဒီလျှို့ဝှက်ချက်က သူမနဲ့ ပတ်သက်နေခဲ့တာလေ။

"ကိုယ်ဝန်ခံပါတယ်"

"အို၊ ကျွန်မ ကျွန်မ ဒီအိမ်ကြီးကို ရောက်မလာခဲ့ရင် အခုလိုဖြစ်လာရမှာ မဟုတ်ပါဘူး၊ ကျွန်မထွက်သွားမယ် ကျွန်မထွက်သွားပေးပါမယ်"

"ဟော့ နေဦး"

သတိလက်လွတ် သူမ ကားပေါ်ကနေ ပြေးဆင်းဖို့အလုပ်မှာ နောက်ကနေသူမ လက်မောင်းကိုသူဌေးကဆောင့်ဆွဲခေါ်ရင်း

"ဒီအချိန်ကစပြီး မင်းကို ကိုယ် ဘယ်ကိုမှထွက်သွားဖို့ ခွင့်မပြုဘူး ပုံပုံ၊ကိုယ်တို့နှစ်ယောက် ဘဝသစ်ကို အတူတူရင်ဆိုင်ကြတာပေါ့နော်၊ ဟုတ်လား"

"သူဌေးရယ်"

သူမ နှုံးခွေသွားကာ သူဌေးရင်ခွင်ထဲ ဝမ်းနည်းစွာသည်းထန်ထန် ငိုကြွေးမိပြန်လေသည်။





ကျွန်မကြောင့် အားကုံးဒုက္ခရောက်ရပြီ သူဌေးရယ်။ ခွင့်လွှတ်ပါ ခွင့်လွှတ်ပေးပါ အန်တီရယ်၊ ကျွန်မ ဘယ်လိုတောတ်နိုင်တော့လို့ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"ဘာပြောတယ်"

သူဌေးကတော်တစ်ကိုယ်လုံး မိုက်ခနဲဖြစ်သွားသည်

သူဌေးနှင့်သူမကို ဒေါသကြီးစွာ မီးဝင်းဝင်းတောက်လုမတတ် စိုက်ကြည့်နေလေသည်။

"ခွင့်လွှတ်ပါ မမ"

"ကိုယ်တောင်းပန်ပါတယ်"

"ဘာတွေလာပြောနေတာလဲ၊ သွား ထွက်သွား ငါဘာ နားမလည်ဘူး၊ နားမလည်ဘူး"

"စိတ်ကိုအေးအေးထားပြီး နားထောင်ပေးပါမမ၊ ကိုယ် ပြဿနာတစ်ခုကို အေးအေးဆေးဆေး ဖြေရှင်းရအောင်လာ

"သွားသေလိုက်၊ နင်လုပ်ချင်တာလုပ်ခဲ့ပြီးတော့မှ၊ ကိုယ်





ထိုင်ပြီး အေးအေးဆေးဆေး ထိုင်ဖြေရှင်းပေးရမှာလားဟင်၊ ဖိုးသက် နင် ခု ဘာတွေဖြစ်လာလဲ နင်ကိုယ်နင် ဘယ်အဆင့်အတန်းကဟာမနဲ့ ဘုရား ဘုရား ငါ ရှက်လိုက်တာ နင့်အစား ရင်နာလိုက်တာ"

"ဒီမှာ ဖိုးသက် ငါ့ထက်သာတဲ့မိန်းမ၊ တော်လှတဲ့ မိန်းမကို နင်ဖောက်ပြန်မိရင် ငါ အခုလောက်ခံစားရမှာမဟုတ်ဘူး အခုတော့"

"ဘာမှတန်ဖိုးမရှိတဲ့ အိမ်ကသန့်ရှင်းရေးအလုပ်သမားမနဲ့မှားအံ့ပါရဲ့၊ ငါနာတယ် ငါ့ရင်ကိုခွဲချလိုက်သလိုကိုနာတယ်"

"ကိုယ် လာတောင်းပန်နေပြီပဲ မမ"

"ဟုတ်လား ဒီလိုကိစ္စမျိုးကို တောင်းပန်ပါတယ်ဆိုတဲ့ စကားတစ်ခွန်းနဲ့ ပြီးရောလား နင်လုပ်ခဲ့တဲ့ကိစ္စက အဲ့ဒီစကားလုံးသုံးဖို့ထိုက်တန်ရဲ့လား ဖိုးသက်"

"မမ"

သူမကို ဒေါသတကြီး မီးပွင့်လုမတတ် စိုက်ကြည့်လာသည့် သူဌေးကတော်၏ မျက်ဝန်းတွေကို သူမ ရင်မဆိုင်ရဲပါ။

အန့်တီပေါ် မတရားဘူးဘဲ တွေးမိတာအမှန်။

သူဌေးက အခုလို သူ့အိမ်ပြန်မောင်းပြီး သူမကိုခေါ်ကာ ပြဿနာကို ဖြေရှင်းလိမ့်မည်ဟု သူမလုံးဝမထင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်း ထိုအချိန်က သူဌေးကတော်၏အနားမှာ ဒေါ်ရွှေ ရှိမနေခြင်းပင်။

ဒေါ်ရွှေသာရှိနေလို့ကတော့ သူမကို ဘယ်လောက်ပျစ်ပျစ် နှစ်နှစ်ပြောလိုက်မလည်းမသိ။

သူဌေးက အိမ်ထဲရောက်ရောက်ချင်း။

"ကိုယ် သူ့ကိုလက်ထပ်မှ ဖြစ်တော့မယ် မမ"

ဟူသည့် စကားကိုစပြောလိုက်ခြင်း၊ ပထမတော့သူဌေး ကတော်က နားကြားလွဲလိုက်ရသလို ခပ်ကြောင်ကြောင် ဖြစ်သွား ပြီးမှ။

"ဘာလဲ"

"ဘာပြောတယ်"

ဟု အထိတ်တလန့်ပြန်မေးခြင်းပင်၊ ပြီးမှ သေချာ တစ်ခုအတွက် ကိုယ်ခန္ဓာတစ်ခုလုံး ချာချာလည်သွားသလိုခံစား လိုက်ပုံရကာ တဒင်္ဂအတွင်းတော့ လုံးဝငြိမ်သက်သွားသည်။

ပြီးလျှင် ဒေါသတရားတွေ အားလုံးစုစည်းကာ ခေါင်း သီးသီး အုံကြွပေါက်ကွဲသွားခြင်းဖြစ်သည်။

"ကိုယ် လူသားဆန်ချင်တယ် မမ"

"ခွင့်လွှတ်ပါ"

"ကိုယ် ဒါတွေအားလုံးထားခဲ့ပါတယ်"





"ဘြော် ရှင်က ဒီဖုန်းတွေ၊ ကားတွေထားပစ်ရဲတဲ့ထိ ဒီဟာမရဲ့ ဆင်းရဲတွင်းထဲကို ခုန်ဆင်းတော့မယ့်ပေါ့"

"သေချာပြီလား ဖိုးသက်"

ခပ်မာမာပြောလိုက်သည့် လေသံတစ်ခုက သူမတို့ နှစ်ယောက်စလုံးကို ခပ်ပြင်းပြင်း ဆောင့်တွန်းလိုက်သလို၊

"ဖြေပါ မေးတာဖြေပါ"

အံ့သြစရာကောင်းတာက အန်တီ လုံးဝမငိုပါ။ မျက်ရည်လည်း ကျမလာ၊ ကျိတ်လည်းမရှိုက်ပါ။

သူမကသာ သူဌေးလင်မယားကို ကြည့်ကာ ပါးပြင်ပေါ် မျက်ရည်တွေ လိမ့်ဆင်းလာခဲ့သည်။

"မေမေ"

ထိုခဏလေးမှပဲ တစ်ခုခုပြောဖို့ အရှိန်ယူနေသည့် သူဌေး၏ နှုတ်ခမ်းတွေက ရုပ်ခြည်းဆွံ့အသွားရအောင် စကတ်ဖားဖားလေး နှင့် ပြေးဝင်လာသည့် သမီးလေးက။

"ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်တာလဲ မေမေရယ်၊ ဖေဖေက မေမေနဲ့ သမီးကိုထားခဲ့မလို့လားဟင်၊ ဖေဖေပြောပါ ပြောပါ ဖေဖေရဲ့"

"သမီး"

သမီးက သူဌေးရင်ခွင်ထဲခေါင်းတိုးဝင်ကာ ရှိုက်နင့်သည်း



www.burmeseclassic.com

www.burmeseclassic.com



သည်း ငိုတော့သည်။

သမီးလေးခမျာ တကယ့်ကို ကူကယ်ရာမဲ့နေသလို အကာအကွယ်မဲ့ ဟင်းလင်းပြင်ကြီးထဲ လွင့်မျောခံရသူလို။

ကြက်ဖောင်စည်းလေး နှစ်ဖက်နှင့် အပြာဖျော့ဖျော့ လက်ဖောင်းအင်္ကျီလေးကို အနက်ရောင်စကတ်ဖားဖားလေးနှင့် တွဲဝတ်ထားသည့် သမီး၏ပုံစံလေးက တကယ့်ကိုချစ်စရာ။

သူမရင်နှင့်ရလေသည်။ ကျုံကျုံပါအောင် ငိုကြွေးနေသည့် သမီးဖြစ်သူကို သူ့ခွေးက လက်နှစ်ဖက်ကို ယှက်သိုင်းကာဖက် လိုက်ပြီး သမီးဦးခေါင်းပေါ်မှာ သူ့မေးလေးကိုတင်ထားသည်။

"သမီး"

"ဖေဖေ"

"တိတ်နော် သမီး၊ တိတ်တိတ် သမီးက အရမ်းလိမ္မာတဲ့ ကလေးပါ၊ မေမေ့ကိုအဖော်လုပ်နော် ဖေဖေ သမီးကိုသိပ်ချစ်ပါ တယ်၊ ဒါပေမဲ့ ဖေဖေ ဘဝသစ်တခုကို ရင်ဆိုင်ဖို့အားလုံး အဆင်သင့်ဖြစ်နေလို့ပါကွယ်"

"ဖေဖေ့ကို ခွင့်လွှတ်ပါ၊ တောင်းပန်ပါတယ်"

"ဟင့်အင်း ဖေဖေ မသွားရဘူး၊ သမီးတို့ကိုချစ်ရင် မသွားရဘူး၊ ဖေဖေမသွားရဘူး မပုံနဲ့ လိုက်မသွားရဘူး"

"သမီး လွှတ်ပေးလိုက်စမ်း ဆွဲမထားနဲ့ ဒီလိုအဆင့်အတန်း



မျိုးကို ကောက်ယူရဲတဲ့ နင့်အဖေလို လူမျိုးကို ငါဘာမှ တားစရာမရှိဘူး"

"ကွာပေးမယ်"

"ခုပဲ တစ်ခါတည်း လက်မှတ်ထိုးပေးမယ်"

"နောက် ဘယ်တော့မှ ထပ်မလာကြနဲ့တော့"

အန်တီ စကားက တောက်လောင်နေသည့်မီးကို ရေနှင့်လောင်းချလိုက်သလို ချက်ချင်းငုန်းခနဲ ငြိမ်းသွားစေလေသည်။

သမီးခမျာ သူ့အမေဆွဲခေါ်သွားရာနောက် ငိုရှိုက်ကာ ပါသွားတော့သည်။

သူမမှာ ခုချိန်ထိ ဘယ်လိုမှ မယုံနိုင်မည့် အမှန်တရား တစ်ခုကို ဖွတ်ယုံကြည်နေရဖို့ အတင်းကြိုးစားရင်း အသက်ထွက် မတတ်မောပန်းနေခဲ့သည်။

"ပုံပုံ"

"ကိုယ့်ကိုယုံပြီမဟုတ်လား"

"ရှင်"

"အချစ်စစ်ဆိုတာ အားလုံးကို ရင်ဆိုင်ရဲရမယ်လို့ ကိုယ် ကြက်ခဲ့ပြီလေ"

"ကျွန်မကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့နော် ခဏနေ ကိုယ်တို့ ပြန်ကြမယ်"

ကျောရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီး ယူလာသည့် သူ့ရွှေ ကတော်က သူ့ရွှေးလက်မှတ်ထိုးနေခိုက်မှာ သူမကို အားစက်ပြီး မျက်စွာကြည့်လျှက်။

" နင့်ကိုငါပြောဖို့ ဘာစကားလုံးမှ မရှိအောင်လော အောင် . နင်နဲ့မတန်လို့ ငါဘာမှမပြောတော့တာ ဘယ်တော့ ခွင့်မလွှတ်ဘူး အရှုံးတွေတဲ့"

* * *



*ဟောင်းနွမ်းသွားခဲ့တဲ့ ပြက္ခဒိန်စာရွက်များကို တစ်ခေါက်*
*လှန်ကြည့်ကြပြီးနောက်မှာ...။*

*ကောင်းကင်ပြာကြီးအောက်မှာ*
*ကျွန်တော်ရယ်*
*ငိုနေတဲ့ ကောင်မလေးတစ်ယောက်ရယ်*
*ကျွန်တော်တို့ကိုကြည့်နေတဲ့ ခိုဖြူလေးတစ်ကောင်ရယ်*

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃)

သက်ငြိမ်ရယ်

မိန်းကလေးရယ်

ငိုနေတဲ့ကောင်မလေးကို ကျွန်တော့်အနမ်းလေးတွေနဲ့ ချော့မော့နှစ်သိမ့်ချင်လိုက်တာ၊ တကယ်တမ်း ကျွန်တော့် ရင်ထဲမှာ သူမကို ပေးချင်တဲ့အနမ်းတွေက အများကြီးပါပဲဗျာ။

(ဒီအနမ်းတွေကလဲ ဒဏ္ဍာရီအနမ်းတွေ ဖြစ်သွားနိုင်တဲ့ထိ နွံဝင်မြောက်နေမလား)

ကျွန်တော်ဘာလုပ်ရမလဲ။

တကယ်တမ်း အတိတ်ကအဖြစ်အပျက်တွေကို အကြောင်းသိရှိ နားလည်ပြီးသွားချိန်မှာ, သိပ်ကိုစိတ်ထိခိုက်နေရှာသည့် သူမကို ဘယ်လိုစကားလုံးမျိုးတွေနှင့် နှစ်သိမ့်ရမှန်ပင် မသိတော့။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်တွေက သူမတို့သားအမိကို ဘယ်လောက်ထိ ရှုးနေအောင် ခံစားကြရမလဲမသိ။

ထိုအဖြစ်အပျက်ဆိုးကြီးတစ်ခုကို မမျှော်လင့်ထားသည့်အချိန်၊ မမျှော်လင့်ထားသည့်နေရာမှာ ကြားသိလိုက်ရသည့် ကျွန်တော်အဖို့ ရှုးသွပ်ဖို့လုနီးနီးပင်။

"မေမေ့ရဲ့တူမ"

"သူမ အဖေရဲ့နောက်အိမ်ထောင်"

ဘုရား ဘုရား

ကျွန်တော် အစ်မဝမ်းကွဲဖြစ်သူက သူမ ဖခင်ရဲ့နောက်အိမ်ထောင်ပေါ့ ဒီလောက်တိုက်ဆိုင်ရလား။

အဲဒီလောက်တောင် ရက်စက်ပြင်းထန်ရလားဟု ကျွန်တော့်ရင်ထဲ ပြင်းပြင်းပြပြ နေတာလဲအမှန်။

ခုချိန်ထိ နှလုံးသားတစ်စုံက အရှိန်ပြင်းစွာခုန်ပေါက်ယိမ်းယိုင်ထိုးနေဆဲ။

သူတို့သားအမိ ဘယ်လောက်ထိကြာအောင် နာကျင်ကြေကွဲနေရမလဲ ပေါက်ကွဲကြရမလဲဆိုတာ ကျွန်တော်တွေးပင်မတွေးနိုင်တော့။

သစ္စာတရားကို အလွဲသုံးစားလုပ်ခံရခြင်း သူတွေအဖို့ ဘယ်လောက်မချိမဆန့် ခံစားကြရမလဲ။





"သက်"

"သက်ငြိမ်"

သူမ ပြန်မထူးပါ၊ အဖေကြီးကိုငေးကာ ဖခင်ကို နာနာကျင်ကျင် ကြေကွဲလွမ်းဆွတ်နေပုံရသည်။

"သက်ရယ်"

သူမ ဘယ်လောက်ထိ ရင်နင့်နာကျင်ရမလဲဆိုတာကျွန်တော် မှန်းဆ၍ရသည်။ ကျွန်တော် သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီးလျှင်။

"သက်ရယ် ကျွန်တော်လဲ ဘယ်လိုမှ မထင်မှတ်ထားတာတွေကြားလိုက်ရတော့ ရင်ထဲနင့်နေအောင်ခံစားရပါတယ်၊ တော်တော်လဲ တုန်လှုပ်ချောက်ချားမိတယ်"

"သက်နဲ့ထပ်တူ ခံစားလိုက်ရတာ ယုံပါ၊ မယုံရင် ဒီမှာစမ်းကြည့်ပါသက်"

ကျွန်တော်က သူမ လက်ဖမိုးလေးကို ဖျတ်ခနဲဆွဲယူကာ တလှပ်လှပ်ခုန်နေသည့် ကျွန်တော့်နှလုံးသားမှာ ဖိကပ်ထားလိုက်သည်။

ထိုအခါ ထူဆန်းစွာ တစ်စုံတစ်ရာတစ်ခုက သိမ်မွေ့နက်နဲစွာ ကျွန်တော်ဆီ စီးဝင်လာသလိုမျိုး ခံစားရသည်။

သူမ လှည့်ကြည့်လာသည်၊ မျက်ဝန်းမှာ မျက်ရည်စတွေနှင့်၊



www.burmeseclassic.com

www.burmeseclassic.com



"သက်"

ကျွန်တော်နှလုံးသားတွေ ဝုန်းဒိုင်းကြဲစွာ ခုန်ပေါက်ရုန်းကန်နေတာကို သူမသိသွားရှာပြီထင်သည်။

"သက် ကျွန်တော်ကိုခွင့်လွှတ်ပါ"

ပြောပြီး ကျွန်တော်က သူမလက်ဖဝါးလေးကို တစ်ချက်ဖျစ်ညှစ်ကာ ကျွန်တော်နှုတ်ခမ်းမှာ ဖွဖွကပ်ထားလိုက်သည်။

သူမ လက်ဖဝါးလေးတွေက အေးစက်တုန်ယင်လျက်။

"ကျွန်တော် သက်ကို ဘယ်လို နှစ်သိမ့်ရမှန်းလဲ မသိဘူး ကျွန်တော်ဘက်က လုပ်ပေးနိုင်တာတစ်ခုက သက်ကိုသစ္စာရှိရှိ ချစ်သွားဖို့ပါပဲ"

"လွှတ်ပါ ကျွန်မလက်ကိုလွှတ်ပေးပါ ကျွန်မရင်ထဲသိပ်ထိခိုက်နေတယ်၊ ဖြစ်နိုင်ရင် ရှင်ကျွန်မကို မေ့လိုက်ပါတော့ အဲဒါ ကျွန်မကိုကူညီပါ"

"ဟင့်အင်း၊ ကျွန်တော် အဲဒီကိစ္စမကူညီနိုင်ဘူး၊ ကျွန်တော် သက်ငြိမ်ကိုချစ်တယ်၊ သိပ်ချစ်တယ်၊ အဲဒီအတွက် ကျွန်တော် တယ်တော့မှ နောက်မဆုတ်တော့ဘူး၊ ကျွန်တော်ဆုံးဖြတ်ပြီးပြီ"

"စိတ်ကူးမယဉ်စမ်းပါနဲ့ကွယ်၊ ခုလိုအခြေအနေမျိုးမှာ ကျွန်မတို့နှစ်ယောက် လမ်းခွဲလိုက်ကြတာ အကောင်းဆုံးဖြစ်လိမ့်မယ် ကိုမိုးဇလ"





"ဒီမှာတင်ပဲ ခွဲကြပါစို့"

"သက်ရယ်"

"ရှင်သွားပါတော့"

"ရှင်သွားပါတော့ ကိုမိုးဇလ"

"သက်ရယ် ကျွန်တော်လဲ ခုလို အတိတ်ခါးခါးကြီးကို ခုမှသိလိုက်ရတဲ့ သူပါ၊ ရင်ထဲအရမ်းနင့်နေတယ်၊ သက်ကို ဘယ်လိုဖြေသိမ့်ရမှန်းတောင် မသိနိုင်ဘူး၊ ဘာပဲဖြစ်ဖြစ် သက်ကို ကျွန်တော် ချစ်တဲ့အတွက် နောက်မဆုတ်ဘူး"

"ရှင် ကျွန်မကို စိတ်ဒုက္ခပေးချင်လို့လားဟင်၊ ကျွန်မ မေမေ ဖေဖေကြောင့် နှစ်နဲ့ချီအောင် တမြည့်မြည့် ခံစားခဲ့ရပြီးပြီ၊ ခု ကျွန်မကြောင့် ထပ်ခံစားရမယ်ဆိုရင် မေမေသေလိမ့်မယ်၊ အဲဒါ ရှင်သိရဲ့လား"

"ကျွန်တော် ဘယ်လိုကျန်ရစ်ခဲ့ရမလဲသက်၊ သက်ကို သိပ်ချစ်တဲ့ နှလုံးသားကြီးကိုပွေ့ပိုက်ပြီး ဘယ်မှာနေရစ်ခဲ့ရမှာလဲ ကျွန်တော့်ကို လမ်းခွဲစကားတော့ မပြောပါနဲ့ သက်ရယ်"

"ကျွန်မတို့ ရှေ့ဆက်တိုးကြလို့မရတော့တာ တစ်သက်လုံး ခံတ်ဆင့်ပြီး နောင်တရမယ့်အတူတူ"

သူမ ဆက်မပြောနိုင်ရှာ မျက်ဝန်းထဲကမျက်ရည်စတွေ ဘပေါက်ပေါက်လိမ့်စင်းကျလာသည်ကို ကျွန်တော်မြင်ရတော့



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ နင့်နေအောင်ကြေကွဲရလေသည်။

"သက်ရယ်"

ကိုယ့်စိတ်ကိုတင်းမထားပါနဲ့၊

ရင်ဖွင့်လိုက်ပါ၊

သက်စိတ်ကို လျှော့လိုက်ပါ။

သက်၊ ကျွန်တော့်ကိုချစ်တယ် မဟုတ်လား။

ကျွန်တော့်ကို ဆက်ပြောဖို့ အားယူနေသည့် သူမနှုတ်ခမ်းတွေက တုန်လှုပ်လျက်။

"မပြောနဲ့နော် သက်၊ သက် သိပ်စိတ်ဆင်းရဲနေ… ကျွန်တော်နားလည်တယ် သက်၊ သိပ်နွမ်းလှနေပြီ သက်စိတ်… ခဏပေးနားလိုက်ပါ"

"ကျွန်တော်စောင့်မယ်"

"သက် အမောပြေသွားတဲ့ထိ ကျွန်တော်စောင့်ပေးပါမယ်… ပြီးရင် ကျွန်တော် ပြန်သွားပါ့မယ်"

"ခုချိန် ကျွန်မ ဖေဖေနဲ့ သိပ်တွေ့ချင်တာပဲ၊ ဖေဖေ ဘ… တွေ လုပ်ကိုင်စားသောက်နေသလဲ၊ နေမှကောင်းရဲ့လား၊ က… ဘယ်နှစ်ယောက်ရနေပြီလဲလို့လေ"

"တိတ်ပါ၊ မငိုနဲ့တော့နော် သက်၊ ကျွန်တော်ကူညီပါ့မ… သက် ဖေဖေကိုတွေ့ချင်ရင် ကျွန်တော်ကြိုးစားရှာပေးပါ့မ…





မျက်ရည်တွေသုတ်ပေးရမလားဟင်"

"အင်း ဟင်"

"သက်ရယ်"

ကျွန်တော် ရင်နှင့်မဆုံအောင် မြတ်နိုးရလွန်းသည့် မိန်းမတစ်ယောက်ကို သက်ပြင်းရှိုက်ကာ ဖွဖွညည်းညူမိသည့်ထိ။

* * *

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

မေမေ မသိအောင် ဖေဖေ့အကြောင်းတွေကို ဘာတစ်ခုမှ နိုးကြောင်နိုးဂှက်မစုံစမ်းပါဘူးဟု ကျွန်မတစ်ချိန်က မေမေ့ကို ကတိပေးခဲ့ပေမဲ့ ဒီရက်ပိုင်းတွေမှာ ဖေဖေ့ကိုပဲ အရမ်းသတိရနေမိသည်။

ဖေဖေ ကျန်းမာရေးမကောင်းဘူးဟု မကြာခဏအိပ်မက်မက်လေသည်။ ကျွန်မမှာ သူ့ကိုဖေဖေ့အကြောင်း တိတ်တဆိတ်စုံစမ်းခိုင်းခဲ့ပြီး ဖေဖေ့ကို သွားတွေ့ဖို့ ဆုံးဖြတ်ခဲ့သည်။

မေမေကတော့ ကျွန်မကိုစကားတစ်ခွန်းနှင့် ပြတ်သားစွာ ရင်ဆိုင်စိန်ခေါ်ခဲ့ဖူးသည်။

" သမီး မေမေပြတ်ပြတ်သားသား ပြောထားတယ်နော်၊ ညည်းအဖေကို မေမေမသိဘဲ သွားတွေ့ရဲရင်သွားတွေ့ကြည့်





သမီး သူ့ကိုသွားတွေ့လို့ မေမေသိတဲ့နေ့ မေမေကိုယ်မေမေ သတ်သေတဲ့နေ့ပဲမှတ်"

"စိတ်ချပါ မေမေရယ်"

ဟု ကျွန်မ လေးလေးနက်နက် ကတိပေးခဲ့ပေမဲ့ ဒီနေ့တော့ ကျွန်မ ကတိဖျက်ရတော့မည်။

ကျွန်မ ဘယ်လိုမှ မအောင့်နိုင်တော့။

ဖေဖေ့နှင့်မပတ်သက်လျှင် ကျွန်မ အိပ်မက်ဆိုးတွေပဲမက်ခဲ့သည်။ စိတ်ချမ်းမြေ့စရာမရှိ၊ ဆယ်နှစ်ကျော်ကျော်ကွဲကွာနေခဲ့သည့် ဖေဖေ့ရဲ့ [illegible]င်းတွေကို ကျွန်မ အရမ်းသိချင်သည်။ အရမ်းမြင်ချင်လှပြီမို့ ကျွန်မ မေမေ့ကို ကတိဖျက်ရပြီဖြစ်သည်။

သူကတော့ 'ဖေဖေဆီ ကျွန်မသွားတွေ့တာ လိုက်မယ် တကဲကဲဖြစ်နေသေးသည်။

ကျွန်မ စိတ်ဆိုးစွာ တားမြစ်ခဲ့၍သာ သူမျက်နှာငယ်နှင့် ကျန်ရစ်ခဲ့ခြင်းပင်၊ တကယ်တော့ ကျွန်မသူ့ကိုချစ်သည်။

သို့သော်

ကျွန်မတို့နှစ်ယောက်ဘဝက ဘယ်လိုမှမဖြစ်နိုင် အဖေ လုပ်တဲ့သူက သူ့ရဲ့အစ်မဝမ်းကွဲနဲ့ ယူထားတဲ့သူဖြစ်နေပြီ။

အို ကျွန်မရင်ထဲနင့်နေအောင် ခံစားရသည်။

ဖြစ်နိုင်လျှင် ကျွန်မ သူ့ကို အပြီးမေ့ပစ်နိုင်ဖို့ ကြိုးစားရမည်



www.burmeseclassic.com

www.burmeseclassic.com



ခုချိန် သူ့အကြောင်း မစဉ်းစားချင်။

ဖေဖေနှင့်တွေ့ဖို့ပဲ အရေးကြီးသည်၊ ဖေဖေနေတဲ့ရပ်ကွက်လေးဆီ ကျွန်မ တက္ကဆီဝှားကာလာပေမဲ့ တက္ကစီဝင်လို့မရသည်ထိ လမ်းက ကြမ်းတမ်းကာ ရွံ့နွံတွေ ဗွက်တွေပဲရှိသည်။

ဘုရား ဘုရား

ဖေဖေ့အိမ်ကလေးကိုရောက်ဖို့ ကျွန်မမရှက်နိုင်စွာ ဆိုက္ကားဆက်ငှားရတော့သည်။ ကျောက်စရစ်ခဲတွေကြား ကျွန်မ ဘယ်လိုမှ လမ်းမလျှောက်တတ်တော့။

"ဆိုက္ကားဆရာ ကျွန်မအပြန်စီးပါမယ် ခဏစောင့်နော်"

"ဒီပိတောက်ရိပ်ဆိုတဲ့ လမ်းက တော်တော်ဝင်ရဦးမှာလားဟင်"

"ဟုတ်တယ်၊ မိနစ်နှစ်ဆယ်လောက်တော့ ဆက်နင်းရဦးမယ်"

"အိုး အဝေးကြီးကျန်သေးတယ်ပေါ့"

"ဟုတ်တယ်ကလေးမ၊ လမ်းကကြမ်းတော့ ကားတွေမဝင်ရဲကြဘူး၊ လမ်းလျှောက်ပြန်ရင်လဲ တော်တော်လျှောက်ရတယ်၊ မလျှောက်နိုင်ရင်တော့ ဆိုက္ကားငှားကြတယ် ဒီလိုပဲ"

"ဟုတ်ရဲ့လား"

ဖေဖေရယ်ဟုသာ ကျွန်မမှာ ရင်ထဲထိခိုက်လွန်းစွာ အကြိမ်





ပေါင်းထောင်သောင်းမကစွာ ရေရွတ်ညည်းတွားမိနေသည်။

ကျွန်မတို့အိမ်က ဖေဖေ ထွက်သွားတုန်းက သိပ်ကို နုပျိုချောမောသေးသည်။ထိုအချိန်က ဘာပစ္စည်းတစ်ခုမျှ ယူမသွားခဲ့ဘဲ သူချစ်သည့် မိန်းကလေးနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည့် ဖေဖေ့ကို ကျွန်မ ရင်နာမဆုံး အံ့ဩမဆုံးခဲ့။

ခုတော့ ဖေဖေ့ဘဝ ဘယ်လိုနေရှာမလဲမသိ မေမေကတော့ ထိုစဉ်က မီးမွှင့်မီးလျှံတွေဖြာလက်နေသည့် မျက်ဝန်းတွေဖြင့် ဖေဖေ့ကို ပြတ်ပြတ်သားသား ရင်ဆိုင်စိန်ခေါ်ခဲ့တာ ကျွန်မ မှတ်မိသေးသည်။

"အဲလိုမိန်း[illegible]ကို လက်ထပ်ရဲတဲ့အတွက် ငါသိပ်အံ့ဩတယ်၊ မိန်းမနဲ့သမီးကိုလဲရဲတဲ့ထိ ဆုံးရှုံးခံလိုက်တဲ့ထိ နင့်ဘက်က ပြတ်သားနေမှတော့ ငါ့ဘက်က ဘာမှတားမြစ်စရာမရှိဘူး"

"ငါဟာ တခြားမိန်းမတွေလို ယောကျ်ားပုဆိုးစကိုဆွဲပြီး တောင်းပန်မယ့်မိန်းမမျိုးများထင်နေလား ငိုယိုရှုံ့ထောက်တောင်းပန်မယ့်မိန်းမစားမျိုးထင်နေလား..."

"ဧပါသေးရဲ့ နင်ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးပြီးတာနဲ့ ထွက်သွားတော့၊ ဘယ်တော့မှ နင့်မျက်နှာကို ငါမမြင်ချင်တော့ဘူး"

"တစ်ခါတည်း ပြောလိုက်မယ် နင်သေရင်တောင် ငါမလာ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါသေရင်လဲ နင်လာမတွေ့နဲ့။"

"နင့်ရဲ့ လုပ်ရပ်တစ်ခုကြောင့် ငါတို့တစ်မိသားစုလုံးရဲ့ အရှက်၊ ဂုဏ်သိက္ခာ၊ အဆင့်အတန်းစိတ်ဓာတ် ဘယ်လောက် ပွန်းပဲ့ပျက်စီးရသလဲဆိုတာ နင်တစ်ချက်ကလေးကမှ မတွေးမိတာ အံ့ဩတယ်..."

"ကိုယ့်အိမ်မှာခိုင်းတဲ့ အလုပ်သမားတစ်ယောက်ကို မိသားစုနဲ့လဲရဲတဲ့အထိ ဘဝကိုလဲရဲတာ ငါရင်နာတယ်၊ ဒါ နင့်အဆင့်အတန်းပေါ့၊ မြင့်မြတ်လိုက်တာ၊ ခမ်းနားကြီးကျယ်လိုက်တာ၊ ဟား ဟား ဟား"

ထိုအချိန်က မေမေ မငိုခဲ့ပါ၊ မေမေ့မျက်ဝန်းမှာ မျက်ရည်တွေကို တစ်စက်ကလေးမှ မတွေ့ရဘဲ နာကျင်ဒေါသတွေကိုသာ တွေ့နေရသည်။

ဖေဖေ ထွက်သွားပြီးနောက်မှာ မေမေက ဖေဖေအကြောင်း အရာတွေကို ဖျောက်ဖျက်ရပ်သိမ်းလိုက်ပေမဲ့ မမေ့နိုင်စွာ နာကြည်းနေတာ အခုချိန်ထိပဲဖြစ်သည်။

ကျွန်မတို့ မိသားစု ကမ္ဘာပျက်ခဲ့ရတဲ့နေ့ကို ဘယ်တော့မှ မမေ့နိုင်တော့။

"ကလေးမ"

"ရှင်"





"နာမည်ပြောပါလား ဦးလေးရှာပေးမယ်၊ ဦးလေးကဒီရပ်ကွက်ထဲနေလာတာကြာပြီဆိုတော့"

"ဟုတ်ကဲ့ ဦးလေး၊ ဦးသက်ထွေးပါ"

"ဟော...ကိုသက်ထွေးကိုရှာတာလား"

"ဟုတ်"

"သိတာပေါ့၊ ဦးလေးသူနဲ့ ကောင်းကောင်းရင်းနှီးတယ်၊ အိမ်မှာမီးသွေးကုန်တာနဲ့ သူ့အိမ်မှာယူနေကျလေ၊ ဦးလေးတို့အိမ်နဲ့ဆို ခေါင်းရင်းဘက်ကြတယ်၊ ဟန်ကြလိုက်တာ"

"ရှင်"

"မီးသွေ[illegible]င်းတဲ့ အိမ်ကိုပြောတာမလား၊ အိမ်ရောလူရော မမှားစေရပါဘူး[illegible]ယ်၊ ဦးလေးကောင်းကောင်းပို့ပေးပါမယ်"

ကျွန်မ ရပ်တည်နေရသည့် ကမ္ဘာမြေကြီး တုန်လှုပ်မြည်ဟည်းသွားသလို ခံစားရပြီးနောက် ကျွန်မလည်း ချာချာလည်သွားရသည်။

"အမလေး"

"ဟင် ကလေးမ ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ ဟာ သတိထားလေ"

"အင်း အင်းပါ"

ကျွန်မ ကိုယ့်ကိုယ်ကို မနည်းသတိထားပြီး ဖေဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်ဖို့ အဆင့်သင့်ပြင်ဆိုက်မိသည်။

"မီးသွေးရောင်းသည်"

တဲ့ . . .။

ဖေဖေရယ်။

အဲ့ဒီလောက်ထိ ဖြစ်သွားရလား၊

သမီး ဖေဖေ့ကို ဘယ်လိုခွန်အားတွေနဲ့ ကြည့်ရမလဲဟင်။

သမီး ရင်တွေကွဲရပါပြီ ဖေဖေရယ်။

"ရောက်ပြီ ကလေးမ"

"အဲ့ဒီအိမ်ပဲ"

"အို"

* * *



# အခန်း (၅)

"ဖေဖေ"

"ဖေဖေ"

မှဟုတ်ပါရဲ့လားဟု ကျွန်မမျက်စိကိုပင် ပြန်မယုံချင်လောက်အောင် အကြာကြီးဆွံ့အကာမှင်တက်သွားမိသည်။

ဖေဖေက ရေစည်ပိုင်းကြီးနံဘေးက မီးသွေးအိတ်ပုံတွေကြားထဲမှာ မီးသွေးတုံး အပိုင်းအစတွေကိုကောက်ကာ ကျွတ်ကျွတ်အိတ်တွေနှင့် တစ်ထုပ်ချင်းခွဲထုတ်နေရှာသည်။

ဖေဖေ့ တကိုယ်လုံးမီးသွေးမှုန့်တွေနှင့် လူရုပ်ပင်မပေါ်ချင်။ ကိုယ်က ဝတ်ထားသည့် စွပ်ကျယ်လက်တိုအဖြူ အပေါက်ပြဲတွေနှင့် ပုဆိုးကလည်း ခပ်နွမ်းနွမ်းဖြစ်ကာ ပုဆိုးကွက်ပင်မပေါ်ချင်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရလေ။

ကျွန်မ ဝင်လာတာ ဖေဖေမသိရှာ၊ မြင်ဟန်လည်းမတူ သူ့မီးသွေးတွေကိုသာ သဲသဲမဲမဲကောက်လျက် အိတ်တွေထဲ ထုတ်နေသည်။

ဖေဖေရယ်

ဆယ်နှစ်ကျော်ကျော် ကွဲကွာခဲ့ရပေမဲ့ ကျွန်မ ဖေဖေ ကောင်းစွာမှတ်မိတာ သိပ်တော့မဆန်းပါ။

အလျှင်ကဆို နေ့စဉ်အပြင်ထွက်ခါနီးတိုင်း ဂျဲ(လ်)တစ် လိမ်းကာ ဆံပင်ကို ပြောင်လက်အောင်ဖြီးသင်တတ်သည့် ဖေဖေ ဆံပင်တွေက ခုဆိုခေါင်းလိမ်းဆီရောင် မရှိဘဲ အတော်ပင်ဖြူ လုနေခဲ့ပြီ။

အလုပ်ကြမ်းတွေ လုပ်ရ၍ထင်သည်။ ဖေဖေ အတော် သွားကာ အရမ်းအိုစာသွားခဲ့ပြီ။

ဖေဖေ့တကိုယ်လုံး နုပျိုလန်းဆန်းမှုဆိုတာ လုံးဝမရှိတော့ တကယ့်ကို အဘိုးအိုကြီးလို။

"ကိုသက်ထွေး ဗျို့ကိုသက်ထွေး၊ ဒီမှာညွှန်သည့် ခင်ဗျားကိုတွေ့ချင်လို့တဲ့ ကျွန်တော်တော့ ကျွန်တော်ဆိုက်ကား အရောက်ပို့ခဲ့ပြီးပြီနော်"

"ဘယ်သူလဲဗျ "





ဖေဖေက ဆိုက်ကားဆရာကို လက်ပြန်ပြကာ ကျွန်မကို မျက်မှောင်ကုတ်ကြည့်နေသည်။

အို...

အဝေးကြည့်တောင် ဖေဖေဒီအရွယ်နဲ့ မျက်စိမှုန်နေခဲ့ပြီ။

ကျွန်မဖေဖေဆီ တစ်လှမ်းချင်းတုန်လှုပ်စွာ ချဉ်းကပ်သွားမိသည်။

"ဖေဖေ"

"ဟင်"

ခနဲအာမေဍိတ်သံတစ်ခုနှင့်အတူ ဖေဖေ့လက်ထဲက မီးသွေးတုံးကြီးကိုခွဲချနေသည့် ဓားကလွတ်ကျသွားသည်။

"သမီးပါ"

"ဟေ"

ဗြုန်းဆို ကျွန်မဆီပြေးထလာသည့် ဖေဖေမျက်ဝန်းတွေက [illegible]ဝေစွာ နာကျင်သွားပုံရကာ။

"သမီး"

"သမီးလား"

"ဒါ ဖေဖေ့သမီးမဟုတ်လားဟင်"

"ဟုတ် ဟုတ်ပါတယ်ဖေဖေရယ် သမီးကဖေဖေ့ရဲ့ သမီးလေ သက်ငြိမ်ပေါ့ ဖေဖေရ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း အင်း အင်း ဖေဖေ ဘယ်လိုမှ မထင်မှတ်
ငါ့သမီးလေး ရောက်လာတာကိုး ဖေဖေဝမ်းသာလွန်း
ရုတ်တရက် မမှတ်မိနိုင်အောင် ဖြစ်သွားရတာ"

"သမီးပါ ဖေဖေ ဖေဖေ အိပ်မက်မက်နေတာ မဟုတ်ပါ
ဖေဖေ့ သမီးအစစ်ပါ"

"သမီးရယ် ဟာ"

ဖေဖေက ကျွန်မကို အားရပါးရပွေ့ဖက်ကာ အ
သည်းလှိုက် ရယ်လေသည်။

"ပျော်လိုက်တာ ဟေး ဟေး ဖေဖေ သိပ်ပျော်
သမီးရယ်၊ ဖေဖေသိပ်ပျော်တာပဲ ငါ့သမီး ဒီအရွယ်တောင်
နေမှကိုး အချိန်တွေကုန်တာ မြန်လိုက်တာ ကြည့်စမ်း"

"ဖေဖေရောဟင် ဖေဖေ့အကြောင်းတွေ သိချင်တယ်

"အင်း အင် ပြောပါမယ်ကွာ လာ လာ သမီး
အိမ်ထဲဝင်"

ဖေဖေ့ရင်ခွင်ထဲမှာ ကျွန်မကြာကြာပုန်းခိုနေခွင့်ပင်
မေမေ ဆွဲခေါ်ရာနောက် လိုက်ခဲ့ရသည်။

ကြမ်းခင်းတွေက တကျွီကျွီနှင့် နင်းချင်စရာမရှိ
အသံမျိုးစုံမြည်နေသည်။

အိမ်ထဲမှာလည်း ဘုရားစင်နားထောင်ထားသည့် ဖျာ





တချပ်ရယ်၊ ကြိမ်တွေ ဖွာလန်ကျဲနေသည့် ကုလားထိုင်နှစ်လုံးရယ် သစ်သားထမင်းစားပွဲဝိုင်းလေးရယ်၊ ဟောင်းနွမ်းညစ်ပေနေသည့် အပေါ်စားပြက္ခဒိန်စုတ် ကလေးတစ်ခုကို နံရံကြားဖြစ်သလို ညှပ်ထည့်ထားတာတွေ့လိုက်ရသည်။

"လာ သမီး ဒါ ဖေဖေ့အိမ် ဖေဖေပိုင်တဲ့အိမ်ပေါ့ ဟား ဟား"

"ဖေဖေ"

ဖေဖေ့မျက်နှာမှာ နေ့ဝင်တာရန်ပ်လုံးဝမရှိပါ၊ သူ့ဘဝသူ ပျော်နေပုံ၊ ကျေနပ်ပုံရသည်။

ဘုရားရေ

ချစ်စိတ်

အချစ်စိတ်က အဲ့ဒီလောက်တောင် စွမ်းအားကြီးရသတဲ့ လား။

ကျွန်မ တွေးပြီး တစ်ကိုယ်လုံး ရှိန်းဖိန်းပူနွေးသွားကာ ရှက်သလိုကြီး ထူအမ်းသွားမိသည်။

"သမီးလေး"

"ရှင် ဖေဖေ"

"သမီး မေမေရော နေကောင်းရဲ့လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလာတာ သူ မသိဘူးမလား ဖေဖေ့ကိုမညာနဲ့"

"ဟုတ်"

"ခိုးလာတယ်ပေါ့"

"ဟုတ်ကဲ့"

"ဖေဖေ ဒီမှာနေတာ သမီး ဘယ်လိုသိလဲ ဘယ်လိုစုံစမ်းသလဲပြော တော်တော်ခက်ခဲမယ့်ကိစ္စပဲ ငါ့သမီးလေး ရောက်လာတာ အံ့ဩပါရော"

ကျွန်မ မျက်နှာပျက်သွားမှာသေချာလေသည်။ ဖေဖေ့ကိုယ်မှထွက်သည့် ချွေးနံ့၊ ဆေးပေါ့လိပ်နံ့၊ မီးသွေးနံ့တွေက ကျွန်မရင်ကို နင့်ခနဲဖြစ်စေသည်။

ဒါ အရင်က ဦးသက်ထွေးတဲ့လား ဖေဖေရယ်။

ဖေဖေရဲ့ နုပျိုချောမောမှုတွေ ဘယ်ရောက်ကုန်ပြီလဲ၊

ခုဆို ဆေးပေါ့လိပ်ကြီးဖွာနေပုံက တကယ် ဆင်းရဲသားအဘိုးကြီးတစ်ယောက်လို။

သမီး ရင်နာလိုက်ပါဘိတော့။

မေမေသာ ဒီလိုမြင်ရင် ဘယ်လောက် ဟားတိုက်ရယ်မောမလဲ။

"သမီး ဖေဖေ့ကိုဘာပြောချင်လို့ ဒီထိအောင် လိုက်လာရတာလဲ ပြော"





"ဟင့်အင်း အရမ်းတွေ့ချင်နေလို့ပါ၊ အရမ်းလဲသတိရနေတာပါ ဖေဖေ ဒီနှစ်တွေ ဖေဖေဘယ်လို ရင်ဆိုင်ဖြတ်သန်းခဲ့ရလဲ ဘယ်လောက်မောပန်းခဲ့ရလဲဆိုတာ သမီးကြည့်ချင် ကြည့်ချင်လို့ပါ"

"သမီး"

ကျွန်မ အသံအဖျားခတ်ကာ တုန်ခါအက်ကွဲသွားသလို ဖေဖေ့ မျက်လုံးတွေထဲ မျက်ရည်ရိပ်တွေဖြတ်သန်း ပြေးလွှားသွားသည်ကို ကျွန်မကောင်းစွာ မြင်လိုက်ရသည်။

"ဖေဖေ စိတ်မကောင်းပါဘူး သမီး၊ ဖေဖေတောင်းပန်ပါတယ် အဲ့ဒီချိန်က ဖေဖေ့ သမီး အရမ်းငယ်သေးတယ် ဖေဖေ ဒီကိုထွက်လာတဲ့နေ့ကို ဖေဖေ ဘယ်တော့မှ မမေ့ပစ်ပါဘူးကွာ"

"ဖေဖေ နောင်တရနေလားဟင်"

"မဟုတ်ဘူး အဲ့လိုမဟုတ်ဘူး သတိရတာက သတိရတာပဲ နောင်တဆိုတာက နောင်တနဲ့ မတူဘဲ၊ ဖေဖေ တစ်ခါတလေ သမီးတို့သားမိကို သတိရတယ်၊ လွမ်းတယ်၊ စိတ်ထဲလဲကြေကွဲမိတယ်"

"ဒါပေမဲ့ နောင်တမပါဘူး"

"ရှင်"

"ဒီနေ့ချိန်ထိ ဖေဖေ့ဘဝကို ဖေဖေပျော်မွေ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရယ်"

ကျွန်မ ငိုချလိုက်ချင်ပေမဲ့ ဖေဖေစိတ်မကောင်းဖြစ်မှာ စိုးရိမ်ပြီး မငိုမိခဲ့၊

ရင်ထဲနာကျင် ကြေကွဲရတာ ဘာနှင့်မှနှိုင်း၍မရနိုင် ခဏကြာတော့ ဖေဖေက သက်ပြင်းရှိုက်လျက်။

"ခုဆို ဖေဖေမှာ ကလေးနှစ်ယောက်ဖြစ်နေပြီ၊ တစ်ယောက်က သားကြီး အလယ်တန်းစာဖတ်နေပြီ၊ အငယ်ကောင်က ခုမှ သုံးနှစ် သူ့အမေနဲ့ အကြွေးတောင်းတာလိုက်သွားတယ်"

"အို၊ နှစ်ယောက်စလုံးယောကျ်ားလေးတွေပေါ့"

"အင်း သမီး မောင်လေးတွေပါ"

ကျွန်မ ဘာမှမပြောဘဲနာနာကျင်ကျင် အံကြိတ်မိတော့ ဖေဖေက ကျွန်မ မျက်လုံးတွေကို စိတ်ဝင်စားစွာ လိုက်ကြည့်နေသည်။

သမီးက ဘယ်လိုလုပ် အသိအမှတ်ပြုမလဲ ဖေဖေ။

"သမီး စိတ်ထဲ ဘယ်လို ခံစားနေရမယ်ဆိုတာ ဖေဖေသိပါတယ်၊ ဒါပေမဲ့ သမီးရယ် မောင်နှမဆိုတာ မတော်စပ်ချင်လို့မှ မရတ္တာ သွေးကစကားပြောပါတယ်"

"မေမေနဲ့ ဖေဖေ တစ်ခါမှ ပြန်မဆုံဘူးလားဟင်"

ဒီထက်ကြာရင် ကျွန်မအော်ငိုလိုက်မိမှာမို့ စကားလမ်း





ကြောင်းကို အမြန်လွှဲလိုက်ရသည်။

ဖေဖေကလည်း ပါးနပ်သူမို့ ကောင်းစွာရှောင်တိမ်းသွားရှာပါသည်။

"တွေ့တယ် တစ်ခါပဲ ဖေဖေက ဘတ်(စ)ကားမြင့်မြင့်ကြီးပေါ်မှာ သမီးမေမေက စလွန်းကား လုလုလေးထဲမှာ ထဲ(လ်) ဖုံးပြောရင်း ကားမောင်းသွားတာ အရင်အတိုင်းပါပဲ"

"ဖေဖေ"

"အင်း အဲဒီနေ့က သူဖေဖေကိုမမြင်ဘူး၊ ဖေဖေကမြင်တာ ဆယ်နှစ်ကျော်ကျော်ထဲမှာ တစ်ခါပဲ အဲလိုဆုံဖူးတယ်၊ အင်းလေ ဆုံစရာမှမရှိတာ..."

"ဖေဖေတို့က ဒီမော်ဘီဘက်မှာ ရန်ကုန်ထဲမှ တော်တော်နဲ့ ရောက်တော့တာ"

"ဖေဖေ ဒီဘဝကို ကျေနပ်လားဟင်"

"အင်း အင်း အင်းကွာ သမီးကို ဖေဖေ ဝန်ခံတယ်၊ ဖေဖေသူကိုချစ်တော့ ကျေနပ်နေတယ်၊ ဒါပဲ"

ဘုရား ဘုရား

ထိုမိန်းမတစ်ယောက်ကို ဘယ်လိုမှ မစွန့်ရက်နိုင်အောင် ဖေဖေသံယောဇဉ်က တော်တော်နက်ရှိုင်းနေပြီပဲ။

အသက်အရွယ် ကွာခြားမှုကြောင့်ရယ်၊ ဒီမိန်းမစုကို



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ချစ်ခင်တွယ်တာ ငဲ့ညှာတာကြောင့်ရယ် ဖေဖေ ဤမျှရောင့်ရဲ ကျေနပ်လိုက်ခြင်းဖြစ်သည်။

ဖေဖေ့ဘက်က တတ်နိုင်သမျှ ကရုဏာ အကြင်နာတွေဖြင့် ကြမ်းတမ်းသည့်ဘဝကို ရင်ဆိုင်ကျော်ဖြတ်နေရှာသည် ဖေဖေရယ်ပါ။

"သမီးရော"

"ရှင်"

"မေမေနဲ့ အဆင်ပြေလား"

"ဟုတ်"

"မေမေ့ကို အကြာကြီးအဖေါ်လုပ်နော်"

"သမီးတို့ သားအမိလဲ သိပ်ပုင်ပန်းခဲ့ကြမှာ ဖေဖေသိပါတယ်၊ ဖေဖေထွက်သွားပြီးတဲ့နောက် သမီးတို့ အဆင်မပြေမှာ မပြည့်စုံမှာ ဖေဖေအဲ့ဒါပဲတွေးတယ်၊ ဒါကြောင့်မို့လဲ ဘာဆိုဘာမှ မယူဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ဆင်းပြီး ဘဝကိုစခဲ့တာ မှတ်မှတ်ရရ အဲ့ဒီနေ့က ဖေဖေ့ အိတ်ထဲငွေလေး တစ်သောင်းကျော် ပဲပါတာ ဒါနဲ့ပဲ ဒီဘက်ကူး အိမ်ငှားပြီး ဘဝကိုစခဲ့ကြတယ်"

ကျွန်မမှာ ဖေဖေ့ကိုသနားလွန်းသဖြင့် ထိန်းချုပ်ထားရသည့် ဝမ်းနည်းကြေကွဲမှုနှင့် နှာခြောထိခိုက်မှုကြောင့် ကျွန်မ တစ်ကိုယ်လုံး တသိမ့်သိမ့်လှုပ်ခါနေသည်။





တကယ်တမ်း ကျွန်မ ငိုသံထွက်မလာအောင် အတွင်းကျိတ်ငိုကြွေးမိခြင်းပင်။

ဖေဖေ့ခမျာလည်း အတော်ပင်နာကျင်နေရှာပါလိမ့်မည်၊ နှစ်တွေအကြာကြီး ချီပြီးမတွေ့ခဲ့ရသည့် သမီးတစ်ယောက်ကို ပြန်းခနဲ ရင်ဆိုင်ရချိန်မှာ ဖေဖေ့ရင်ထဲ ခပ်ပြင်းပြင်း ရိုက်ချခံလိုက်ရသလို ယိုင်နဲ့နာကျင်နေရှာမှာ သေချာသည်။

ဖေဖေသည် သမီးတစ်ယောက်ကို မခွဲနိုင်သည့်နာကျင်ထိခိုက်ကြေကွဲမှုတွေနှင့် နင့်သီးနေတာ မျက်လုံးတွေထဲမှာ ထင်ရှားစွာ မြင်ခွင့်ရနေခဲ့ပြီ။

"သမီး ဖေဖေကို ကြည့်နေတာ အဓိပ္ပာယ်တွေအများကြီး ရှိနေတာ မဖေဖေသိနေတယ်၊ သမီး တစ်နေ့ ရင်ဆိုင်ကြုံတွေ့လာရတဲ့အချိန် ဖေဖေ့ကိုနားလည်လာလိမ့်မယ်"

"ဟင့်အင်း"

"သမီးလေး"

"မဟုတ်ဘူး ဖေဖေ၊ သမီး သမီးမှာဘာမှမရှိဘူး၊ သမီးမေမေ့ကိုသနားတယ် မေမေ့ကိုသမီးအဖော်လုပ်ရလိမ့်မယ်"

"ဟုတ်လား"

တိတ်ဆိတ်ခြင်းက ကျွန်မတို့ သားအဖနှစ်ယောက်ကြားထဲ အဓိပ္ပာယ်များစွာဖြင့် ရစ်ပတ်လွှမ်းခြုံသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ ထပ်မမေးတော့ဘဲ ကျွန်မကို ဖေဖေကြည့်နေသည်မှာ မေးနေတာထက် များစွာကိုထိရောက်စေသည်။

ဖေဖေရယ်၊

ဖေဖေ ယူထားတဲ့မိန်းမက ကို့ရဲ့အစ်မဝမ်းကွဲလေ။

ဟင့်အင်း

မပြောဘူး။

ဖေဖေ မသိစေရဘူး။

ဖေဖေ သိရင် သိပ်အနေရခက်လိမ့်မယ်။

သမီးလည်း ရင်တွေကွဲနေရပြီ ဖေဖေရယ်။

ချစ်သူဘဝ မရောက်ခင်ကတည်းက ဒုက္ခဆိုတာရော စိတ်ဆင်းရဲစရာတွေရော ရင်ဆိုင်ခံစားနေရပြီ သမီး ရင်မဆိုင်ရဲဘူး သမီးဟာ တွေဝေတဲ့ မပြတ်သားတဲ့ မိန်းမတစ်ယောက် ဖေဖေ၊ ဖေဖေ့လို သတ္တိမျိုးမရှိတာသေချာပါသည်။

"ဟော ပြန်လာကြပြီ သားအမိတွေ"

"ဒီမှာ အစ်ကိုကြီးအတွက် အရက်ဖြူတစ်ခါတည်း ဝယ်လာတယ်"

"ဟင်…"ခနဲနေအောင် ကျွန်မမော့ကြည့်မိခိုက် ဘယ်ရုပ်ဖမ်းလို့မိအောင် ဝတ်ကာ အဆီတစ်ထစ် အသားတစ်ရစ်ဖြစ်လို့နေသည့် ဖေဖေ့ ဇနီးကို ကျွန်မ နှုတ်ဆက်နိုင်အောင်ဖြစ်ရ





ပြီ။

အန်တီလို့ နှုတ်ဆက်လိုက်ရမှာလား။

အလျှင်ကလို မပုံလို့ပြေးခေါ်လိုက်ရမှာလား၊ ဟင့်အင်း ကျွန်မ ပြန်ဖို့ကောင်းနေပြီ။

ကျွန်မ သူမကို နှုတ်မဆက်ချင်လောက်အောင် ခံနိုင်ရည်မရှိတာမို့ ကပျာကယာ ရှောင်ပြေးလာခဲ့ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"သမီး"

"ရှင် မေမေ"

"လာပါဦး ကျောင်းသွားတော့မလို့လား"

"ဟုတ်"

မေမေမျက်နှာက အပြုံးတွေသီးထနေသည်။ မေ
မျက်နှာက ကျေနပ်အားရဝမ်းမြောက်မှုက ထင်ရှားစွာပေါ်လွင်
သည်။

"မေမေကြည့်ရတာ စိတ်ချမ်းသာနေပုံပဲ"

"အင်း မေမေ ဘာလို့ပျော်နေလဲသိလား"

"ဟင်းအင်း"

"ဟိုသားအမိ ဒုက္ခရောက်ကြပြီလေ"





"ရှင်"

"သမီးသိတယ်မဟုတ်လား ဟိုတလောက မေမေ့ အကြွေး တစ်သိန်းခွဲမပေးဘဲ နေတဲ့ မိန်းမလေ၊ အကြွေးမရတာထက် စကားပြော တာ မိုက်ရိုင်းလွန်းလို့ပါ၊ ခုတော့ ပညာပေးလိုက်နိုင်ပြီ သူ့သားလဲ အလုပ်ထွက်သွားပြီ ပြောတယ်"

"ရှင်"

ဒင်းတို့ကံဆိုးတာပါ သူ့သားအလုပ်လုပ်တဲ့ ကုမ္ပဏီက မေမေတို့ရှယ်ယာဝင်ထားတာပဲ၊ ဒီကိစ္စ သိပ်လွယ်သွားတာပေါ့၊ ခုတော့ ကောင်းတယ်လေ ဟိုကောင်လေး အလုပ်ထွက်သွားပြီ"

"ဟင်"

ခနဲကျွန်မလက်ထဲက ကျောင်းသွားမည့် ထမင်းဘူး ရေဘူး ထည့်ထားသည့် ကြိမ်ခြင်းလေး လွတ်ကျသွားမတတ်အံ့အား သင့်စွာ တုန်ယင်သွားရသည်။

"သိက္ခာမရှိတဲ့ မိန်းမကမွေးထားတော့လဲ သားလုပ်တဲ့ သူပဲအရှက်ရတာပေါ့၊ သားသမီးဘယ်လောက်တော်တော် ဘယ်လောက်ပဲ လိမ္မာပါစေဦး၊ မိဘရဲ့လက်ရှိဂုဏ်သိက္ခာနဲ့ ပတ်သက်နေတယ်၊ ခုတော့ ပြီးပြီ မေမေတော့ ဝမ်းသာတယ်၊ အဲ့ဒါမှ အဲ့ဒီမိန်းမ အညွန့်ကျိုးမှာ..."

"နို့မို့ဆို လူကို သူကခြေရာတိုင်းချင်သေးတာ သူကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့လဲ အဆန်ကရှိတာမဟုတ်ဘူး၊ စကားပြောရင် မိုးပေါ်က ဝတ်တော့လဲ အတုနဲ့အစစ် ရောညှပ်ဝတ်တာ၊ ဒီကြားထဲ မေမေ ကြားလိုက်သေးတယ် မုဆိုးဖိုတစ်ယောက်ဆီက ပွဲထိုင်ပစ္စည်းတွေ ခဏငှားဝတ်ပြီး အတုတွေပြန်ဆိုးပေးသတဲ့"

"အို"

"အဲ့ဒီ မုဆိုးဖိုလဲ သူ့ကိုသတ်မယ်ဖြတ်မယ် တကဲကဲဖြစ်နေတာပေါ့၊ တရားစွဲမယ်တောင် ဖြစ်နေသံကြားတယ်"

"အဲ့ဒီလောက်ထိလား မေမေ"

"အင်းပေါ့ မေမေဖြင့် အရင်ကတည်းက ဒီမိန်းမကို သိပ်ကြည့်မရခဲ့တာ၊ ခုဆို ပိုမုန်းရပါရောလား မေမေ ငွေပြန်မပေးနိုင်လို့ရော၊ ပြီးတော့ ဟိုကျက်သရေယုတ်မရဲ့ အဒေါ်ဖြစ်နေပြန်လို့ရော ဘယ်ရမလဲ ဒါ မေမေအလှည့်ပဲ၊ သိပ်ကောင်းတဲ့ လက်စားချေမှုပေါ့"

"ဒါမှ ကုမ္ပဏီမှာ သူ့သား သူ့အမေကြောင့် နာမည်ပျက်တစ်လုံးနဲ့ နာမည်ကြီးနေမှာ"

မေမေက ပန်းသီးစိတ်တွေကို လှလှပပလှီးကာ ဘုရားဆွမ်းတော်တင်ဖို့လုပ်ရင်း ဝမ်းသာအားရ ပြောနေခြင်း ဖြစ်သည်။

မြတ်စွာဘုရား။

"ကို"





ကို တကယ်ပဲအရှက်တကွဲနဲ့ အလုပ်ထွက်ရတဲ့အထိ ဖြစ်ရပြီ။

သူ့ခမျာ ဘယ်လောက်ရှက်ရှာလိမ့်မလည်း။

ဘယ်လောက်ထိ တနင့်နင့်ခံစားနေရရှာမလည်း။

မေမေ့တုန်းကလည်း ခင်ပွန်းတစ်ယောက်ကို စွန့်လွှတ်ဆုံးရှုံး လိုက်ရလို့ ထိခိုက်ကြေကွဲမှုတွေက ရင်နှင့်ပင်မဆံ့ခဲ့။

ခု မေမေက သူ့အလှည့်တဲ့။

တကယ်တော့ ဒီကိစ္စ ကိုနဲ့ မပတ်သက်နိုင် ခုတော့ ကိုက မြေဇာပင်ဖြစ်ရပြီ။

အို

မေမေဟာ အတ္တများသိပ်ကြီးနေတာလား၊ ဒါမှမဟုတ် တစ်ကိုယ်ကောင်းများ သိပ်ဆန်နေတာလား အဲလိုလဲမဟုတ်သေးဘူးထင်ပါရဲ့။

ကြည့်စမ်း

ကျွန်မနဲ့ သူ ဘယ်လောက်ကံဆိုးကြတဲ့သူတွေလဲ။

ချစ်သူတွေတောင် ဖြစ်ခွင့်မရ။

အခက်အခဲ အတားအဆီးတွေက ကြောက်မက်ဖွယ်ရာ။

ခု့လဲ သူ့မေမေနဲ့ ကျွန်မမေမေ သေခန်းပြတ်မယ့် ရန်သူတွေဖြစ်ကြပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ မိတ်ဆွေမဖြစ်နိုင်ကြတော့။

ရန်သူမှ တကယ့် ရန်သူစစ်စစ် ဖြစ်ကြရပြီ။

ရန်သူနှစ်ယောက် သင့်မြတ်ပြေငြိမ်းကြဖို့ဆိုတာ ဘယ်လိုမှ မလွယ်ကူနိုင်။

ကျွန်မတို့ ကံမကောင်းကြဘူး ကိုရယ်။

* * *



## အခန်း (၇)

"အမေတို့ အိမ်ပြောင်းကြမယ်သား"

"ဗျာ"

"အမေတို့ အိမ်ပြောင်းကြမှ ဖြစ်မယ်၊ အမေ ဒီလမ်းထဲမှာ တစ်မိနစ်လေးတောင် မနေချင်တော့ဘူး သိလား၊ သိပ်ရှက်တယ် သိပ်လဲမုန်းတာပဲ၊ ဟိုမိန်းမကြီး မတရားလုပ်ထားတာ လုံးဝ မတရားဘူး လုံးဝကိုမကျေနပ်တာ"

"နေပါစေဗျာ"

"ဘယ့်နှယ့်နေပါစေရမလဲ ဒင်းမတရားလုပ်လို့ ငါ့သား လေး အရှက်ထကွဲအကျိုးနည်းဖြစ်ရတာ တကယ်ဆို အမေတို့ မိန်းမချင်း ဖြစ်တဲ့ကိစ္စ သားနဲ့ လုံးဝမဆိုင်ဘူး၊ အဲ့ဒါကို ဒင်းက အမေ့သတင်းကို အပုပ်ချပြီး ဖြန့်ပစ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တောက် အဲ့ဒီကုမ္ပဏီမှာမှ ငါ့သားဝင်လုပ်မိတဲ့အဖြစ်ဒါကြောင့်လဲ ဒင်းမောက်မာပြီး အပေါ်စီးကလုပ်ချပစ်တာ သုံးလစာ လစာဖြတ်တာကို လက်ခံရင်လက်ခံ၊ မလက်ခံရင် ကိုယ့်ဘာသာ ကိုယ်အလုပ်ထွက်၊ သားရယ် ဘယ်လောက်ခံပြင်းဖို့ကောင်းလဲ၊ အမေ ကျေကိုမကျေနပ်ဘူး"

အမေ့ခမျာ ကျွန်တော် အလုပ်ထွက်လိုက်ရတာကို တော်တော်ကြီး စိတ်ဆိုးတုန်လှုပ်နေသည်။

မတတ်နိုင်။

ကျွန်တော် အလုပ်ထွက်ခဲ့ပြီ။

ခု ကျွန်တော့်မှာ အလုပ်မရှိတော့။

ကုမ္ပဏီမှာလည်း အမေကြိုယူထားသည့် ငွေကိစ္စကြောင့် မျက်နှာပျက်ရသည်။

ကျွန်တော် မျက်နှာမပြရဲဆုံးက သက်ငြိမ်ပ ့င်၊ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော့်အမေက သူမအမေဆီမှာ ငွေချေးကာ ပြန်မဆပ်နိုင်တော့ခြင်း။

ထိုကိစ္စ သူမလည်းသိလောက်မည် ကျွန်တော်တို့ သားအမိကို ဘယ်လိုထင်မည်မှသိ။

ကျွန်တော် ဖြေလဲမရှင်းပြချင်တော့။

ရင်လည်း ရင်မဆိုင်ရဲ။





ကျွန်တော့်ကို ကြေကွဲရင်နာစွာ စိုက်ကြည့်နေမည့် မိန်းကလေးတစ်ယောက်၏ မျက်ဝန်းတွေကို ကျွန်တော်ရင်မဆိုင်ရဲ။

ကျွန်တော် ကိုယ်တိုင်လည်း ဘာဆက်လုပ်ရမှန်း မသိအောင် ဖျက်သုဉ်းပြီလွင့်နေသည့် ဖရိုဖရဲမျက်နှာနှင့် ရင်မဆိုင်ရဲတာပါသည်။

ခွင့်လွှတ်ပါ သက်ရယ်။

မေမေ အခုလို လုပ်လိမ့်မယ်လို့ ကျွန်တော်မထင်ခဲ့လို့ပါ၊ ကျွန်တော်တစ်နေ့ ပြန်ဆပ်နိုင်အောင်ကြိုးစားပေးပါမယ်။

ခုချိန်မှာ တောင်းပန်ပါတယ်ဆိုတဲ့ စကားပဲ ကျွန်တော် တတွင်တွင်ပြောနေမိမှာ အသေအချာပါပဲ။

"သား"

"မင်း ဘာတွေတွေးနေလဲ၊ ဘာမှအားမငယ်နဲ့၊ မင်းပညာတတ်၊ စီးပွားရေးနဲ့ ကျောင်းပြီးထားတာပဲ တစ်ခုမရရင် တစ်ခုတော့ရမှာပေါ့၊ ဖွဲ့မလျှော့နဲ့ စိတ်ဓာတ်မကျနဲ့ အမေလဲမတတ်သာလွန်းလို့ ပြန်မပေးနိုင်တာပါ"

ဒေါသတွေနှင့်သီးနေသည့် အမေမျက်နှာကိုကြည့်ရင်း ကျွန်တော် မကြည့်ရက်တော့သလို ခေါင်းကိုလွှဲလိုက်မိသည်။

ခုချိန် ကျွန်တော် ဒီငွေတွေကို ဘယ်လိုမှမရှာနိုင်သေးပါ၊ မေမေ့ကိုတောင် အားပေးနှစ်သိမ့်ဖို့ စကားလုံးအဆင့်ရှိ...နေပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒင်းက ခုလိုလုပ်တော့ အမေကလဲ ဒါပဲ လုံးဝပြန်မပေးဘူးပေါ့၊ ဟင်း မပြောလိုက်ချင်ဘူး၊ သူ့ယောကျ်ားက ဘယ်ကလာ နိုင်ငံခြားမှာနေရမလဲ အမေ့တူမနဲ့ယူပြီး ထွက်သွားတာ အဲဒီကိစ္စနာ ထားပုံရတယ်၊ အဲဒါကြောင့် အခုလောက် ပြန်တွယ်လွတ်လိုက်တာ ဖြစ်မယ်"

"အမေရယ် တော်ပါတော့"

"အမေက အမှန်ကိုပြောလေ သူ့ယောကျ်ားတောင် သူမနိုင်တာ သူမှာလဲ သမီးတစ်ယောက်နဲ့ သားပေါ့ကြတော့ သားသမီးချင်းကိုယ်ချင်းမစာဘူး"

"အဲဒါတွေ ပြောမနေနဲ့တော့ အမေ"

"ဟဲ့ သား ဘယ်လဲ"

"ကျွန်တော် အပြင်ခဏသွားဦးမယ်"

"ကြည့်စမ်း အမေက စကားကပြောတုန်း သူက ကောက်ကာငင်ကာ ထွက်သွားပြီ"

ရင်ထဲမှာ ပူလောင်လွန်းလို့ပါ အမေရာ။

ကျွန်တော့်ကို သိက္ခာမရှိတဲ့မိန်းမက မွေးတဲ့သားဟု နစ်နစ်နာနာပြောနေတော့မှာ။

ကျွန်တော် သက်ငြိမ်ကိုတောင် ရင်မဆိုင်ရဲတော့လောက်အောင် ရှက်လွန်းလို့ပါအမေရာ။





အမေနဲ့ သက်ငြိမ်အမေ လူကြီးချင်းကိစ္စကြောင့် အငြိုးတွေ အမုန်းတွေနဲ့ ရန်သူတွေဖြစ်ကြရတော့မယ်။

ကံဆိုးတာက ရန်သူဖြစ်သွားတဲ့ သားနဲ့သမီးက ကျွန်တော်နဲ့သက်ငြိမ် ဖြစ်နေလို့ပဲ၊ ကျွန်တော်တို့ကံဆိုးကြပါတယ် အမေရာ။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

“သက်”

“တစ်ချက်လောက် လှည့်ကြည့်ပါအုံး သက်ငြိမ်၊ ကျွန်တော် တောင်းပန်စရာရှိလို့ပါ၊ ပြီးရင် ကျွန်တော်ပြန်သွားပါမယ်”

ကျွန်မ ဘယ်လိုမှ စိတ်မတင်းနိုင်တော့ ကျွန်မကျောင်းဆင်း ချိန် ကားရပ်စောင့်နေကျ နေရာလေးကို သူအမြဲလာတတ်သည်။

ခုဆို သူရောက်မလာခဲ့တာ သုံးရက်ရှိပြီ။ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်မ သူလာမလားဟု မျှော်တတ်တာ ဝန်ခံပါသည်။

သူ မလာတော့ဘူးဟု သိရပြန်ရင်လည်း ပြင်းပြမွတ်သိပ်စွာ သတိရ လွမ်းဆွတ်မိတာအမှန်။

အိပ်မက်ထဲထိပါ၊





အိပ်မက်ထဲထိတောင် သူ့မျက်နှာက ဖရိုဖရဲ ပျက်သုဉ်း လွင့်လျှက် ကျွန်မကိုချစ်ကြောင်း ကျွန်မ အချစ်ကို ဒူးထောက် ယူကြောင်းတွေပဲ အမြဲလိုလို အိပ်မက်မက်တတ်သည်။

ထိုအချိန်တွေဆို ကျွန်မ လန့်ဖျက်ကာ နိုးလာခဲ့သည်။

“ကို”

ဟု ယောင်ယမ်းကာ ရေရွတ်ညည်းတွားမိသည်ထိ။

သို့သော်

ချက်ချင်းပင် ဖေဖေ့မျက်နှာ မပုံမျက်နှာနှင့်ကလေးတွေ က်နှာကို မြင်ရပြန်တော့ ကျွန်မ သူ့ကို ထိတ်လန့်စွာ မောင်း တ်ရသည်ချည်းပင်။

ဘာပဲဖြစ်ဖြစ် ဖေဖေနှင့်သူ ဆွေမျိုးအရင်းအချာကြီးဖြစ်နေ ။

ဒီလိုအချိန်မျိုးမှာမှ ကျွန်မ ထပ်ပြီး နှလုံးသားကို ဦးစားမပေး င်၊ ပြီးတော့ မေမေ ရှုဖေကြောင့် စိတ်ဒဏ်ရာတွေ ခံစား ရတာ နှစ်အတော်ကြီးကြာခဲ့ပြီးပြီ။

ကျွန်မနှင့် မေမေ ထိုဝေဒနာမျိုးထပ်မခံစားစေချင်တော့။

ပြီးတော့

ဖေဖေနှင့် ဆွေမျိုးရင်းချာတော်စပ်နေသည့် သူနှင့်မှ န်မ နှလုံးသားဆန္ဒကို ဦးစားမပေးချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်

ဘယ်တော့မှ မဖြစ်နိုင်တာသေချာသည်။

ကျွန်မ သူကို အပြီးမေ့ပစ်နိုင်ဖို့ ကြိုးစားရမည်၊ ဒါ အကောင်းဆုံးပင်။

"သက် တဆိတ်လောက် ငဲ့ကြည့်ပေးပါ"

"သက်နားကို ကျွန်တော်ရောက်နေပါပြီ"

ကျွန်မ စိတ်ကိုတင်းကာ နှုတ်ခမ်းကို တချက်ကိုက်ရင်း သူကို ပြတ်ပြတ်သားသားပြောဖို့ မော့အကြည့်မှာ သူမျက်နှာက ကြေကွဲရင်နာဖွယ် ကောင်းလောက်အောင် နင့်သီးနေသည့် မျက်လုံးတွေဖြင့် ကျွန်မကိုကြည့်နေသည်။

ဘာဖြစ်လို့လဲ။

ကျွန်မ တွေ့ဖူးသမျှ မျက်နှာတွေထဲမှာ ဒီညနေခင်းလေး တွေ့ရသည့် မျက်နှာက ကြေကွဲစရာ အကောင်းဆုံးပင်။

"သက်"

"ကျွန်တော်လာနှုတ်ဆက်တာပါ"

"ရှင်"ခနဲ ပြန်မရေရွတ်မိအောင် ကိုယ့်စိတ်ကိုယ် မနည်း ထိန်းလိုက်ရပေမဲ့ နှလုံးသားကတော့ "အက်" ခနဲ တစ်ချက်ကြေ ရပြီ။

"မေမေ့ဘက်က မှားခဲ့တဲ့အမှားကို ကျွန်တော် ကိုယ်တိုင်





လာတောင်းပန်တာပါ"

"သက် ခွင့်လွှတ်ပေးပါ"

"တကယ်တော့ ကျွန်တော်ကိုယ်တိုင် သက်ရဲ့မေမေဆီ လာတွေ့ပြီး တောင်းပန်ချင်နေတာ၊ ဒါပေမဲ့ ကျွန်တော် အဲလောက် သတ္တိမရှိဘူး သက်..."

"မေမေ့အမှားတစ်ခုအတွက် ကျွန်တော်အလုပ်ထွက်လိုက် တဲ့အထိ လျော်ပေးလိုက်ပါတယ် သက်ကျေနပ်ပါ"

"ဟင့် အင်း"

စိုးရိမ်တကြီး ကျွန်မ ခေါင်းခါယမ်းလိုက်ကာ။

"ကျွန်မဘက်က တားမြစ်မှုက အဲ့ဒါတွေနဲ့မဆိုင်ဘူး ရှင့်မေမေနဲ့ ကျွန်မမေမေ လူကြီးချင်းဖြစ်တဲ့ကိစ္စ ကျွန်မ ဆွဲ ထည့်ပြီး တွေးခဲ့တာမဟုတ်ဘူး"

"ရှင် အဲ့လောက်လုပ်ပေးစရာမလိုပါဘူး"

"ကျွန်တော် တရားချင်လို့ပါ"

"ကျွန်မတို့ လူကြီးတွေကိစ္စ မပြောဘဲ နေကြရအောင် ခု ရှင် ဘာပြောချင်လဲ ပြောပါ ပြီးရင်ပြန်ပါ"

"စိတ်ကျပါ သက်၊ ခု ကျွန်တော်သက်ကို အပြီးလာနှုတ် ဆက်တာပါ"

"အပြီးလာနှုတ်ဆက်တာ"ဆိုသည့် သူစကားက ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကို ဆုပ်ကိုင်လှုပ်ယမ်းနိုင်ခဲ့တာမို့ မျက်ရည်ကကျချင်လာသည်။

သူ ဘယ်သွားမလို့လဲ။

"ကျွန်တော် အိမ်ပြောင်းတော့မယ်"

"ဟင်"

ဒီတစ်ခါတော့ ကျွန်မနှုတ်က အာမေဍိတ် စကားသံတစ်ခွန်းက လွတ်ထွက်သွားကာ ရင်တစ်ခုလုံးလဲ အရှိန်ငြီးငြီးလောင်မြိုက် ပူလောင်သွားတော့သည်။

"မနက်ဖြန်ပဲ သက်"

"ဩော်"

"အဲ့ဒါ သက် ကျွန်တော်ကို ဘယ်တော့မှ မမြင်မတွေ့ရတော့ပါဘူး၊ ကျွန်တော် အဝေးကြီးကိုထွက်သွားပေးပါမယ် သက် စိတ်ချမ်းသာပါစေ"

"အို"

"ရှင် ရှင်ငိုနေတယ် ဟုတ်လား"

ကျွန်မ အလန့်တကြားဖြစ်ကာ မေးမိသည်ထိ သူ့မျက်ဝန်းကနေ လိမ့်စင်းလာသည့် မျက်ရည်စက်တစ်ချို့ကို တွေ့လိုက်ရသည်။

သူ မဖြေပါ။





ဒါ ဒါ မျက်ရည်အစစ်တွေပါ။

ကို ငိုနေတာလေ။

ကျွန်မ အငိုက်မိကာ မှင်တက်ကြောင်ငေးကြည့်မိခဲ့ သူ ချာခနဲနေအောင် ပြေးထွက်သွားသည်။

"ဟင်"

ကျောင်းဆင်းချိန်မို့ ရှုပ်ထွေးများပြားလှသည့် ကားလမ်းမကို တဟုန်ထိုးဖြတ်ကူးပြေးနေသည့် သူ့ကို ကျွန်မ စိုးရိမ်စိတ်တွေနှင့် ပါးစပ်ဟသွားရသည်။

"ကို"

ကားတန်းကြီး တစ်ခုလုံး အုံးအုံးကြွက်ကြွက် ဆူညံရှုပ်ထွေးသွားကာ ကားဟွန်းတီးသံတွေ တတီတီနှင့် ညံစည်သွားတော့သည်။

ဘုရား ဘုရား

သူ ဘာမှမဖြစ်ပါစေနဲ့၊

ကားမတိုက်မိပါစေနဲ့။

သူ ဘာမှမဖြစ်ပါစေနဲ့။

ထို လျှပ်တစ်ပြက်လေးအတွင်းမှာ ကျွန်မ သူ့ကို ဘယ်လောက်ထိ ချစ်နေပြီဖြစ်ကြောင်း အဖြေတစ်ခုကို ကောင်းစွာသိရှိနားလည်သွားခဲ့သည်။

www.burmeseclassic.com



"ကို"

"အမလေး"

"ကျွဲ"

ကားတစ်စီးက သူနှင့်တိုက်မိမလိုဖြစ်ကာ "ကျွဲ"ခနဲအမြန် ဘရိတ်အုပ်လိုက်သံကြားရတော့ ကျွန်မနားနှစ်ဖက်ကို အလန့်တကြား ပိတ်မိလိုက်သည်ထိ လန့်ဖျပ်သွားရသည်။

ပြီးတော့ ခဏတာ သေဆုံးသွားသလို သတိလက်လွတ်

ခဏကြာတော့မှ ကျွန်မ သတိတစ်ချက်ပြန်ဝင်လာကာ မရဲတရဲကြည့်လိုက်သည်။

သေပြီလား။

ကို သေသွားပြီလား။

မြတ်စွာဘုရား

သူ သေပြီထင်ပါရဲ့။

"ကိုရယ်"

ကျွန်မ ရင်ထဲက ရင်ပွင့်မတတ်အောင် ညည်းမိကာ ကားတန်းကြီး ဘက်ကြည့်လိုက်တော့ ဘာမှမဖြစ်ခဲ့ အရင်လို ကားတွေပုံမှန်သွားဆဲ။

သူလည်း လမ်းတဖက်ကိုရောက်နေခဲ့ပြီ။

အို တော်ပါသေးရဲ့။





ကိုရယ် တော်ပါသေးရဲ့။

ကျွန်မ ရင်ထဲဟာက်တက် ပွင့်ကွဲထွက်သွားသလို ဖြစ်လိုက်ရသည့် ခံစားမှုကို "အချစ်" ဟု နားလည်မိသည်။

သို့သော်

ကျွန်မ သတ္တိ မရှိပါ။

သူ့ကို တစ်ချက်ကလေးတောင် လှမ်းမခေါ်ရဲခဲ့ပါ။

ကျွန်မ ရင်ထဲ"အချစ်စစ်စစ်" ရှိနေပါလျက်နှင့် သူ့ရင်ထဲမှာလည်း "အချစ်စစ်စစ်"ရှိနေပါလျက်နှင့် ချစ်သူတွေဖြစ်မလာကြပါ။

ကံဆိုးလိုက်ကြတာ။

ကံဆိုးလိုက်ပါဘိတော့ကွယ်။

ကိုရယ်။

ရှင် ကျွန်မကို မေ့မပစ်ပါနဲ့။

ကျွန်မလည်း ရှင့်ကိုမေ့မပစ်ပါဘူး။

ကျွန်မတို့ နှစ်ယောက် ချစ်သူဖြစ်ခွင့်မရတဲ့ ကံဆိုးကြတဲ့ သူတွေပါ။

ကျွန်မ ရှင့်ကိုချစ်တယ်။

ကျွန်မ ရှင့်ကိုချစ်ပါတယ် ကိုရယ်။

ဟု ကျွန်မ ရင်ထဲမချိတင်ကဲ ယူကြုံးမရစွာ ရေရွတ်လိုက်မိသည်။ ထိုအချိန်ကစပြီး သူ ကျွန်မ ဘဝထဲက ထွက်ကယ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားခဲ့လေသည်။

ကျွန်မမှာ နေ့စဉ်နှလုံးသားထဲ နစ်ဝင်အောင် နှစ်မြုပ်ထားခဲ့သည့် အချစ်တွေနှင့် သူ့ကို သတိရရင်း၊ လွမ်းဆွတ်ရင်း မျှော်ယောင်မိရင်းနဲ့ပါ။

* * *



# "ဆယ်နှစ်ခန့်ကြာပြီးနောက်"

www.burmeseclassic.com

www.burmeseclassic.com



ဤလောကတွင် သူချစ်ရမည့် တစ်ယောက်တည်း
သောသူမှာ သူမတစ်ယောက်သာဖြစ်သည်။
"ဆယ်နှစ်"ဆိုတဲ့ ကာလဟာ လူတစ်ယောက်ရဲ့
ဘဝကို ပြောင်းလဲသွားနိုင်ပေမဲ့ ရင်ထဲက
"အချစ်"ကိုတော့ ဘယ်လိုမှ မပြောင်းလဲနိုင်တာ
သေချာလှသည်။ ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ဆယ်နှစ်နီးနီး ဘာသတင်းအစမှ မရအောင် သူတို့သားအမိ သတင်းက မျှော်ချင်းမလှ ပျောက်သွားခဲ့သည်။

ဆယ်နှစ်လုံးလုံး သူ ကျွန်မကို· စာတစ်စောင်မျှမရေး၊ ဖုန်းလည်းမဆက်၊ ဘာအဆက်အသွယ်မှလဲ မလုပ်ပါ။

တကယ်တော့ သူ သေဆုံးသွားခြင်းမဟုတ်ပါ။

သူ ကျွန်မဘဝထဲကနေ ပျောက်ချင်းမလှ ပျောက်ကွယ်သွားခဲ့ခြင်းပင်။ ကျွန်မ ရင်နာစွာ အံ့သြရသည့်နှစ်တွေ မနည်းတော့။

ခုဆို ကျွန်မ အသက်သုံးဆယ်ကျော်ခဲ့တာကြာပြီ၊ ဒီနှစ်တွေထဲ ဖေဖေလည်း အရက်ဖြူတွေသောက်ရာက အသည်းကျွမ်းကာ ဆုံးသွားခဲ့သည်။

မေမေ ဖေဖေ အသုဘဆီမသွားပါ။ သတင်းလည်းသွား





မမေးခဲ့ပါ၊ ကျွန်မသာ ဖေဖေ့ အသုဘကိစ္စတွေကို မပုံနှင့်တိတ်တဆိတ် ပြီးမြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

မေမေ ဖေဖေ့အပေါ် စိတ်ပြတ်နိုင်တာ ကျွန်မ အံ့သြစွာ ကြေကွဲရသလို သူ ကျွန်မကို အပြီးတိုင် ဘာအဆက်အသွယ်မှ မလုပ်ခဲ့တာကိုလဲ အံ့သြစွာ ရင်နာရလေသည်။

"ကိုရယ်"

သက်ငြိမ်အေးချမ်းဆိုတဲ့ ကျွန်မကိုမေ့ရက်နိုင်ပြီပေါ့။

အင်းလေ

ကျွန်မကိုယ်တိုင် မေ့ခိုင်းခဲ့တာပဲ။

ကို့ ကို ကျွန်မ နောက်ဆုံးတွေ့ခဲ့တာက ကျွန်မ ဆရာမ လုပ်နေသည့် လသာ(၂) ကျောင်းရှေ့က သစ်ပင်ရိပ်ကြီးတစ်ခု အောက်မှာ။

ဒါ နောက်ဆုံးပင်။

ထိုနေ့က သူ့ကို ကားမတိုက်မိခဲ့တာ သေချာသည်။ သူ လမ်းတစ်ဖက်ကိုကူးကာ ပျောက်ကွယ်သွားခဲ့တာ ယနေ့ထက်တိုင်။

ကျွန်မကတော့ မမေ့ပါ။

တစ်ခါက သူနှင့်ကျွန်မ ကားထဲမှာ နှစ်ယောက်အတူထိုင်ကာ စကားပြောဖူးသည်။

သူ့ကို သတိရတိုင်း ထိုနေရာလေးမှာ ကျွန်မ သွားထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြ သူ့ကိုလွမ်းဆွတ်နေကျ။

ကားထဲမှာ သူက ကျွန်မ မျက်ရည်တွေကိုလဲ သုတ်ပေးဖူးသည်။ ကျွန်မ လက်ကလေးကိုပါ ဖွဖွဆုပ်ကိုင်ဖူးသည်။ သူ့နှလုံးသားနှင့်ကပ်ကာ သူ့ရင်ခုန်သံကိုလဲ နားထောင်ခိုင်းဖူးသေးသည်။

ကျွန်မ သူ့ရင်ခွင်ထဲ ခဏခိုလှုံဖူးသေးသည်လေ။

ဘယ်လောက် လွမ်းစရာကောင်းလိမ့်မလဲ။

ခုချိန် ထိုရင်ခွင်ကို တမ်းတလည်း သူမရှိတော့။

ဘယ်ရောက်နေတာလဲကွယ

ဘယ်မှာ ပုန်းနေတာလဲ။

*ထွက်လာခဲ့ပါတော့လား ကို။*

ခုဆို မေမေလည်း ကျွန်မကို နားလည်ပေးနိုင်လောက်ပါပြီ။

ကျွန်မ ဒီနေ့ချိန်ထိ ကို့ကို စောင့်နေတာ၊ ကို သိစေချင်လိုက်တာ ကိုရယ်။

ဘယ်မှာများ ပုန်းရှောင်နေတာလဲကွယ်။

မိခင်နှစ်ယောက် ရန်သူတွေ ဖြစ်နေကြမှတော့ ကျွန်မတို့နှလုံးသားကို သော့ခတ်လိုက်ကြရတာ ရင်နှင့်မဆံ့အောင်ပါပဲ။

ကို ဝမ်းနည်းသလို ကျွန်မလည်းဝမ်းနည်းတာပေါ့။

ခုတော့





ကို ကျွန်မကို တကယ်မေ့သွားနိုင်တယ်နော်။

ကျွန်မကသာ ကို့ကို မမေ့နိုင်သူဖြစ်ရပြီ။

"ကို"

"ကိုရယ် သတိရလိုက်တာကွယ်"

ကျွန်မ သစ်ပင်ပင်စည်ကြီးကို မှီရင်း လက်ကလေးနှစ်ဖက်ပိုက်ကာ အင်းလျားရေပြင်ကြီးကို လှမ်းငေးရင်း နှုတ်မှလည်း တဖွဖွရေရွတ် ညည်းတွားနေမိခြင်း။

ကားလေးကတော့ သူ့သခင်ကိုစောင့်နေသည့်အလား ကို ထိုင်ခဲ့သည့်နေရာမှာ တခြားသူ ဘယ်သူမှ မထိုင်ဖူးခဲ့ပါ။

ကျွန်မ ထိုင်ခုံဘေးက နေရာလွတ်လေးက ကို့အတွက်ပါ။

ကျွန်မ ဒီထိုင်ခုံလေးကို ကြည့်ကာ နေ့တိုင်း လွမ်းဆွတ်ရသည်ချည်းပင်။

ဒီနေ့မှ ထူးထူးခြားခြား သူ့ကို ကျွန်မ အရမ်းသတိရနေမိတာ၊ ဘယ်လိုမှ မထိန်းချုပ်နိုင် အရမ်းလည်းငိုချင်နေသည်။

သူထွက်သွားတာ ဒီနေ့ပါနဲ့ဆို ဆယ်နှစ်တင်းတင်း ပြည့်ခဲ့တဲ့နှစ်ပေါ့။

ကျွန်မရင်တွေ တစ်ခုလုံး ပေါက်ကွဲလုမတတ် သတိရနေမိတာ သူကတော့ သိနိုင်မှာမဟုတ်။

"ကိုယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကို ခေါ်တာလဲဟင်"

"ဟင်"

ခနဲနေအောင် ကျွန်မ လန့်ဖျပ်ထိတ်လန့်လွန်းစွာ နောက်ကို လှည့်မကြည့်ရဲသေး။

ဘယ်သူလဲ

"ကို"

"ကို" လားဟင်

ဟင့်အင်း သူမှမရှိတာ

ဒါ ကို့အသံပဲ။

ကိုတော့ မဟုတ်နိုင်ဘူး။

သူက ကျွန်မကို ထားခဲ့ပြီဥစ္စာ။

ကို မဟုတ်ရင်၊ ဘယ်သူလဲ။

"ဘယ် သူ လဲ"

ကျွန်မ သိပ်ကြောက်သွားခဲ့ပြီမို့ အသံတွေက တုန်တု[illegible] ယင်ယင် ဒီမနက်ခွင်းလေးမှာ သရဲလာခြောက်တာလဲ မဖြစ်နိုင်[illegible]

"ကျွန်တော်ပါ"

"မိုးဇလ"

"ရှင်"

ဗြုန်းဆို ကျွန်မတစ်ကိုယ်လုံး မိုက်ခနဲဖြစ်သွားကာ ကျွန်[illegible]





နောက်ကျောတည့်တည့်ကို ကြည့်လိုက်တော့ သူ။

"ဟင်..."

ကြည့်စမ်း

တကယ့် သူပင်

ကို မှ ကို

ဘယ်သူမှမဟုတ်

ဆယ်နှစ်တိတိကြာမြင့်စွာ ကွဲကွာနေပေမဲ့ အလျင်က အတိုင်း ပိုတောင်ချောလာသလိုပင်။

အိုး ဖြူဖွေးသန့်စင်နေလိုက်တာ

ချောလိုက်တာ ကိုရယ်

"ဘယ်သူ့ကိုခေါ်နေတာလဲ သက် "

"ရှင်"

"ကျွန်တော်ကို ခေါ်တာလားဟင်"

"ရှင်"

"ကျွန်တော် သက်ကိုလာတွေ့တာ၊ ဒီတစ်ခါတော့ နှင် မထုတ်တော့ဘူးမလားဟင် သက်"

"ရှင် ရှင် ဘယ်ကိုထွက်သွားတာလဲဟင် ကျွန်မအိပ်မက်နေ တာလား"

"သက်ငြိမ် အိပ်မက်မက်နေတာ မဟုတ်[illegible]၊ ကျွန်[illegible]



www.burmeseclassic.com

www.burmeseclassic.com



မိုးဇလပ်၊ သက်ကို ဒီနေ့ထိမပြောင်းလဲတဲ့ အချစ်တွေနဲ့"

"*တော်ပါ ရှင်တကယ်ထွက်သွားပြီးမှ* "

"သက်ရယ် ကျွန်တော် သက်ကိုလာနှုတ်ဆက်ပြီး၊ နောက်နေ့အိမ်ပြောင်းသွားတယ်၊ ပြီးတော့ သင်္ဘောလိုက်သွားတာ တောက်လျှောက်ပဲ"

"ဘယ်လို"

"ကျွန်တော် သင်္ဘောလိုက်သွားတာ၊ ဒီမှာနေရင်လဲ သက်ကို မခွဲနိုင်တာနဲ့ လာတွေ့မိဦးမှာ ကျွန်တော် သက် စကားကို နားထောင်နိုင်မှာမဟုတ်ဘူး၊ အဲ့ဒီအတွက် သက် စိတ်ချမ်းသာရအောင် ကျွန်တော် ဆုံးဖြတ်ပြီးမှ ထွက်သွားတော့တာ မေမေ့ကိုလဲ အဝေးကနေပဲ ထောက်ပံ့ခဲ့တယ်၊ မေမေလဲ မနှစ်ကပဲ ဆုံးသွားတယ်"

အို"

"ကျွန်တော် ပြန်မလာခဲ့ဘူး သက်၊ မေမေ ဆုံးတာတောင် ကျွန်တော်ပြန်မလာခဲ့ဘူး၊ ဟိုမှာပဲ ကိုယ့်ဘဝကိုယ် မြုပ်နှံထားခဲ့တာ"

"ဒါဖြင့် ရှင်ခုမှ ဘာလို့ပြန်လာသေးလဲ"

ဝမ်းနည်းရင်းမှ ဒေါသကဖြစ်ချင်လာပြီမို့ ကျွန်မရိုက်သံနှင့် ရန်တွေ့မိတော့ သူက ကျွန်မကိုလွမ်းဆွတ်စွာကြည့်ရင်း။





"လွမ်းလို့၊ အရမ်းသတိရတာနဲ့"

"ပြီးတော့ ကျွန်တော်ခွဲထားခဲ့တဲ့ မိန်းမလှလေးတစ်ယောက် ဒီဆယ်နှစ်အတွင်း ဘာတွေ ပြောင်းလဲသွားလဲဆိုတာ သိချင်လွန်းလို့ ပြန်လာတာ"

"သေလိုက်တော့ပေါ့"

"ဟောဗျာ ကျွန်တော့်ကိုစိတ်ဆိုးနေတာလား၊ ဘာဖြစ်လို့လဲ ဟင် သက်၊ ကျွန်တော် သက် စိတ်ချမ်းသာအောင် သက် စကားကို နားထောင်ခဲ့တာလေ"

"ကျွန်မ စိတ်ချမ်းသာခဲ့တယ်လို့ ရှင့်ကိုပြောမိလို့လား"

"ဟင် ဒါဖြင့် ကျွန်တော့်ကို လွမ်းခဲ့တယ်ပေါ့"

"သေပစ်လိုက်"

ကျွန်မ သူ့ရင်ဘတ်ကိုတွန်းပြီး ထွက်သွားဖို့အလုပ်မှာ သူက ကျွန်မ ခါးလေးဆီကနေ သိုင်းဖက်လိုက်ကာ..."

"မသွားပါနဲ့ သက်ရယ် ဆယ်နှစ်တိတိ ခွဲထားခဲ့ရတာ ကျွန်တော့်ကို မသနားဘူးလားဟင်"

"ရှင် ဘာလို့မဆက်သွယ်တာလဲဟင်၊ ရှင် သိပ်နေနိုင်တဲ့ သူ"

"ကျွန်တော် သက်အကြောင်းကို ဘာတစ်ခုမှ မစုံစမ်းခဲ့တာ အမှန်ပါ၊ သက်ကိုလဲ မဆက်သွယ်ခဲ့ဘူး။ အဲ့ဒါ ဘာလို့လဲဆို

www.burmeseclassic.com



တော့ သက်အိမ်ထောင်ကျသွားပြီဆိုတဲ့သတင်းကို ကျွန်တော် မကြားနိုင်လို့ဘဲ"

"တော့်ပါ ရှင့်ကြောင့် ကျွန်မ ခုဆို အပျိုကြီးတောင် အခေါ်ခံနေရပြီ သိရဲ့လား"

"ဟုတ်လား ဒီအချိန်ထိ လှလှပပနဲ့ သိပ်ချစ်စရာကောင်းတုန်းပဲနော်၊ ဒါထက် ဘယ်သူကို သက် စောင့်နေတာလဲဟင်"

"ဟင် ကြည့်စမ်း ကြည့်စမ်း"

ကျွန်မကို သူပြုံးထေ့ထေ့နှင့် စနေတာသိလိုက်သဖြင့် ကျွန်မ တစ်ချက်ရယ်မိကာ သူ့ရင်ဘတ်တွေကို ထုရိုက်မိတော့သည်။ ဖွဖွလေးပေါ့ကွယ်။

"သက်ရယ် ဖြည်းဖြည်းထုပါ ကျွန်တော့်နှလုံးသားတွေ ကြေလာတာ ဆယ်နှစ်ရှိပြီ၊ သက် ပြန်ကုပေးရမယ်နော်"

"ဘယ်သူက ပြန်ခေါ်လို့လဲ"

"ကျွန်တော် စိတ်ထဲကသိနေတယ်၊ သက် ကျွန်တော့်ကို လွမ်းရင် ဒီနေရာလေးမှာ ရှိနေမှာလို့ ကျွန်တော်စိတ်ကူးသိပ် မှန်သွားတယ် ကျွန်တော်သိပ်ဝမ်းသာတာပဲ သက်၊ သက်လဲ အရင်လိုပဲ ဘာမှကိုမပြောင်းလဲတာ"

"မှန်းတယ်"

"ဟင် တကယ်လား ကောင်းပြီ သက်၊ သက် မှန်းတယ်ဆို





ရင် ကျွန်တော့်ရင်ဝကို ဓားနဲ့သာထိုးချလိုက် ကျွန်တော်ဓားထည့်လာတယ်၊ ဒီတစ်ခါတော့ မရဘူး ကျွန်တော် ထွက်မသွားတော့ဘူး သက်သာ ကျွန်တော့်ကို အသေသတ်ပစ်လိုက်"

သူက ဘောင်းဘီနောက်ဘက်အိတ်ထဲက အိတ်ဆောင်ဓားမြှောင်လေးကို ကျွန်မ လက်ထဲလာထည့်တော့ ကျွန်မ ထိတ်လန့်ရင်း သူ့ကိုလည်း ပိုချစ်မိရင်းဖြင့် ကျွန်မ ဓားကို ရေထဲလွှင့်ပစ်ချလိုက်သည်။

"ရှင် အဲ့လောက် အ ရလား ကို"

"ခင်ဗျာ"

"ဆယ်နှစ်တိတိ ကျွန်မ ဘယ်သူကိုစောင့်နေရမှာလဲ၊ ဒါကို ရှင်နည်းနည်းမှ မတွေးမိဘူးလားဟင်"

"ဟာ ဒါဖြင့် သက်က ကျွန်တော့်ကို"

သူအကျယ်ကြီး "ဟေး"ခနဲ ထအော်လိုက်ကာ ကျွန်မကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ကာ လှိုက်လှိုက်လှဲလှဲ အသံတစ်ခုဖြင့်

"ဆယ်နှစ်ဆိုတာ လူတစ်ယောက်ရဲ့ဘဝကို ကောင်းကောင်းကြီး ပြောင်းလဲပစ်နိုင်ပေမဲ့ ရင်ထဲက အချစ်ကိုတော့ ဘယ်လိုမှ မပြောင်းလဲနိုင်ဘူးနော် သက်"

"ဒါ မလွဲမှားနိုင်တဲ့ သေချာမှုတစ်ခုပဲ ကို၊ ကျွန်မ ရင်ထဲအဲ့ဒီသေချာမှု ကြီး ရောက်နေခဲ့တာ တော်တော်ကြာခဲ့ပါပြီ



www.burmeseclassic.com

www.burmeseclassic.com



ကိုရယ်"

"သက်ရယ် ကျွန်တော်လဲ ဒီနှစ်တွေမှာ သက်ကို လွမ်းတိုင်း အိပ်မက်တိုင်းမှာ ပေးခဲ့ဖူးတဲ့ အနမ်းတွေက တကယ့်ကို ဒဏ္ဍာရီဆန်ခဲ့တာပါ..."

"သိပ်လွမ်းခဲ့ရတာပါဗျာ"

သူတို့နှစ်ယောက် တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မဝနိုင်အောင် မြတ်နိုးမှုတွေ နှင့်သီးလှိုင်းထန်လျက်...

အိမ့် (ရန်ကုန်တက္ကသိုလ်)



BURMESE CLASSIC

www.burmeseclassic.com